ရှင်လောင်းသင်

# ရှင်ကျင့်ဝတ်



ဇေတဝန်-အရှင်ပညာဇောတ

ဖြန့်ချီရေး

**ပိုတောက်စာပေ**

၁၁၆/၇၊ ရန်ကင်း၊ ရန်ကုန်မြို့။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် (၁၁၄၇၆)

ပထမအကြိမ်
၁၉၇၉-ခု၊ မတ်လ

အုပ်ရေ ၃၀၀၀

ပန်းချီ စံတိုး

ဘလောက် လွင်

အဖုံးရိုက် အေးရည်ဝင်း

တန်ဖိုး ၅-ကျပ်

---

ဒေါ်တင်မေ၊ ပိဋကတ်စာပေ (၀၁၅၁၇) ၁၁၆-၇ ရန်ကင်း၊ ရန်ကုန်မြို့က ထုတ်ဝေ၍၊ ဦးကြည် (မြဲ-၀၂၄၀၉) ပညာ့ဗိမာန် ပုံနှိပ်တိုက် အမှတ် ၁၅၀၊ ၄၇လမ်း၊ ရန်ကုန်မြို့က ရိုက်နှိပ်သည်။

ဆောဒက်-အရှင်ပညာဇောတ

# ရှင်လောင်းသင်
# ရှင်ကျင့်ဝတ်

# ထွက်ပြီး စာအုပ်များ

"နိုင်ငံကျော် စာရေးဆရာကြီး ဦးသော်ဇင်၏ လျောက်သား တိုက်တွန်းချက်အရ "တေဒင်ဝတ္ထုများ"ကို အကျဉ်းချုပ်၍ (၁၄)ရက်တိုင်တိုင် ဟောပြောရာမှ သတင်းစာဂျာနယ်များတွင် ပွားကာ တောထွက်သွားသဖြင့် "ဇာတဒင်ကိုယ်တော်"ဟုကျော်ကြားသော "တေဒင်-အရှင်ပညာဇောတ"၏ ထွက်ပြီးစာအုပ်များ-

၁။ ဒါနဝတ္ထု (၂-ကြိမ်ရိုက်)

၂။ သီလဝတ္ထု (ကုန်ပြီ)

၃။ ဗုဒ္ဓဓမ္မပြဿနာများ (၁) (ကုန်ပြီ)

၄။ ဘာဝနာဝတ္ထု ( ။ )

၅။ ဒေါသဖြေဖျောက်နည်း

၆။ ဗုဒ္ဓဓမ္မပြဿနာများ (၂)

၇။ ဓာတ်ကမ္မဋ္ဌာန်းကျမ်း (ကြီးကြပ်)

၈။ ဗုဒ္ဓသက်သတ်လွတ်

၉။ ဗုဒ္ဓဓမ္မပြဿနာများ (၃)

၁၀။ ရှင်လောင်းသင် ရှင်ကျင့်ဝတ်

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | |
| ၂။ | ရှင်ပြုပွဲအစီအစဉ် | ၃ |
| ၃။ | သေခိယ ၇၅-ပါး | |
| | ၁-ပရိမဏ္ဍလဝဂ် | ၁၀ |
| ၄။ | ၂-ဥဇ္ဇဂ္ဃိကဝဂ် | ၁၈ |
| ၅။ | ၃-ခမ္ဘကတဝဂ် | ၂၂ |
| ၆။ | ၄-သက္ကစ္စဝဂ် | ၂၇ |
| ၇။ | ၅-ကဗဠဝဂ် | ၃၅ |
| ၈။ | ၆-သုရုသုရုဝဂ် | ၄၁ |
| ၉။ | ၇-ပါဒုကဝဂ် | ၄၇ |
| ၁၀။ | ဝတ် ၁၄-ပါး | ၅၅ |
| ၁၁။ | ဝတ်နိဂုံး | ၅၉ |
| ၁၂။ | ဆရာလေးပါး | ၅၉ |
| ၁၃။ | တပည့်လေးပါး | ၆၀ |
| ၁၄။ | ပစ္စဝေက္ခဏာ=ဆင်ခြင်ခြင်း | ၆၀ |
| ၁၅။ | ပရိဘောဂ ၄-ပါး | ၆၅ |
| ၁၆။ | လိင်ဆယ်ပါး | ၆၉ |
| ၁၇။ | ဒဏ်ဆယ်ပါး | ၇၁ |
| ၁၈။ | လိင်ဒဏ်ထိုက်ကြောင်း ၆-ပါး | ၇၄ |
| ၁၉။ | နောက်ဆက်တွဲ | |
| | အဓိဋ္ဌာန်- ဝိကပ္ပနာပြုပုံ | ၇၅ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၀။ | ဒကာ ၄–မျိုး | ၈၀ |
| ၂၁။ | ကာလိက ၄–ပါး | ၈၁ |
| ၂၂။ | ဒေသနာကြား | ၈၂ |
| ၂၃။ | ဒုလ္လဘရဟန်းအစသတ္တာဟပဗ္ဗဇ္ဇိတမထေရ်က | ၈၅ |
| ၂၄။ | ဓုရနှစ်ဖြာ အားထုတ်ပါ | ၈၉ |
| ၂၅။ | ပစ္စဝေက္ခဏာ ဆင်ခြင်ပါ | ၈၉ |
| ၂၆။ | သံသရာဝဋ်မှ လွတ်ဘို့ရန်ဝေး | ၉၀ |
| ၂၇။ | ကိုယ် နှုတ် စိတ်ကို ဆုံးမပါ | ၉၀ |
| ၂၈။ | လျှာကို ဆွမ်းပူ မလောင်စေနှင့် | ၉၁ |
| ၂၉။ | သံကို သံဖျက် သံချေးတက် | ၉၁ |
| ၃၀။ | ရှင်မပြုကောင်းသူ ၁၁–ယောက် | ၉၂ |
| ၃၁။ | ထေယျသံဝါသက ၃-မျိုး | ၉၂ |
| ၃၂။ | ရှင်–ရဟန်းတို့ မစားကောင်းသော အသားကြီး ၁၀–မျိုး | ၉၃ |
| ၃၃။ | မအပ်သောချက် ၁၁–လုံး | ၉၅ |
| ၃၄။ | အပ်သောချက် ၃–လုံး | ၉၅ |
| ၃၅။ | သိဘွယ်အမျိုးမျိုး | ၉၆ |
| ၃၆။ | နိဂုံး | ၉၉ |
| ၃၇။ | ဝတ်ရွတ်စဉ် | ၁၀၂ |
| ၃၈။ | အမြဲပါရမည့် ဝတ်ရွတ်စဉ်နိဂုံး | ၁၀၂ |

နမော ဘော ကရုဏာ:ဘမ

# နိဒါန်း

ရှင်လောင်းသင်။ ။ရှင့်ကျင့်ဝတ် စာအုပ်တွေ များပြားစွာ ထွက်ပေါ်နေပြီး ဖြစ်ပါလျက် ဤ ရှင်ကျင့်ဝတ်သည် အဘယ့်ကြောင့် ထွက်ပေါ်ခဲ့ပြန်သနည်း၊ အဖြေကား — များပြား လှစွာသော ရှင်ကျင့်ဝတ်တွေသည် ရှင်လောင်းတွေနှင့် အဆင့်မြင့်လှသည်၊ သင်ယူဘို့ ခက်နေသည်။ ဤရှင်ကျင့်ဝတ်ကား ရှင်များအတွက် မရည်မှန်း၊ ရှင်လောင်းများ ခုနစ်ရက်အတွင်း အကြေအညက် သင်နိုင်အောင် မြန်မာ စကားပြေ လင်္ကာများနှင့် ရေးထားသည်။

သို့ဖြစ်၍ ဤ ရှင်ကျင့်ဝတ်သည် ထွက်ပေါ် ပြီးသား ရှင်ကျင့်ဝတ် အများတွေ့ရဲ့ ;အခြေခံဟု ဆိုနိုင်ပါသည်။ ဤ ရှင်ကျင့်ဝတ်ကို ရှင်လောင်းဘဝတွင် အလျင်အမြန်—မြန်မာလို တဖန့် လင်္ကာလိုတမျိုး သင်ကြားတတ်မြောက်၍ ရှင်အဖြစ်သို့ ရောက်သောအခါ ပါဠိ ရှင်ကျင့်ဝတ်များကို သင်ကြားရန် ဖြစ်ပါသည်။

ထို့ကြောင့် ဤရှင်ကျင့်ဝတ်ကို "ရှင်လောင်းသင် ရှင်ကျင့်ဝတ်"ဟု ခေါ်တွင်လိုက်ပါသည်။ ရှင်လောင်းများကို အစမ်းသင်ကြားကြည့်ရာ ခုနစ်ရက်အတွင်း အားလုံးကုန် တတ်သိနားလည်ကြပါသည်။

**လိုအပ်သည်။** ။ရက်ကြာကြာ သင်ခွင့်မရသော ရှင်လောင်းများ၊ ရက်ကြာကြာ နေခွင့်မရသော ရှင်များမှာ သင်ကြားရသော ရှင်ကျင့်ဝတ်များ၏ ခက်ခဲမှုကြောင့် ရှင်တို့ ကျင့်ဝတ်များကို ရှင်လောင်းဘဝ ရှင့်ဘဝအတွင်းမှာ သိခွင့်မရနိုင် ဖြစ်နေပါသည်။

ယင်းသို့ မသိဘဲ ရှင်လောင်းဘဝမှ ရှင့်ဘဝသို့၊ ရှင့်ဘဝမှ လူ့ဘဝသို့သာ ပြန်လည် ရောက်ရှိသွားသော်လည်း ရှင်တို့ရဲ့ ကျင့်စဉ်ကိုမျှ သိသွားခွင့်မရသော် သာသနာတော်ကို မည်သို့ ကြည်ညိုနိုင်ပါမည်နည်း။ သို့ဖြစ်၍ အမြန် တတ်သိနားလည်နိုင်သော ရှင်ကျင့်ဝတ်တအုပ် လိုအပ်သည်ဟုထင်၍ ဤစာအုပ်ကို ရေးသားလိုက်ပါသည်။

**ရှင်ပြုခွင့်။** ။ရှင့်ဘဝရဘို့ ရှင်ပြုခွင့်ရဘို့မှာ မလွယ်ကူလှပါ။ ယင်းသို့ မလွယ်ကူသော ဘဝသို့ အရောက်တွင် ရှင့်ဘဝ၏အရသာ ကျင့်သုံးမှု စသည်ကိုမှ သိခွင့် ရမသွားပါလျှင် အဘယ်မျှ နစ်နာပါသနည်း၊ နစ်နာခဲ့ရသူ များစွာရှိသည် မဟုတ်ပါလော။

**သိဘွယ်။** ။ယင်းသို့ မနစ်နာရလေအောင် ရှင်လောင်းဘဝ—
ရှင့်ဘဝမှာ နေစဉ်အတွင်း သိသင့်–ကျင့်သင့်သည်
တို့ကို အလွယ်တကူ သိစေပါအံ့။ ဗုဒ္ဓသည် ဗုဒ္ဓအဖြစ်သို့ ရောက်
တော်မူပြီး ပဌမဦးဆုံးဝါ ဣသိပတန မိဂဒါဝုန်တော၌ ဝါဆို
တော်မူ၏။

ယင်း ဝါတွင်းတွင် ဗုဒ္ဓနှင့် အတူတကွ ရဟန္တာ ၆–ကျိပ်
ဝါဆိုတော်မူ၏။ ဝါကျွတ်သော် အရပ် လေးမျက်နှာသို့
သာသနာပြုစေလွှတ်တော်မူ၏။ ရှင်လောင်း ရဟန်းလောင်းများ
ရသောအခါ ဗုဒ္ဓထံတော်သို့ စေလွှတ်၍ ရှင်–ရဟန်း ပြုကြရ၏။

**ပင်ပန်းကြ။** ။ယင်းသို့ ဗုဒ္ဓထံတော်သို့ စေလွှတ်ကြခြင်းကြောင့်
ရှင်လောင်း–ရဟန်းလောင်းတို့နှင့် ပို့ဆောင်ရသူ
ရဟန်းတော်မှာ ပင်ပန်းကြကုန်၏။ ထိုအခါ ဗုဒ္ဓသည် ထိုထို
အရပ်၌ပင် သရဏဂုံ သုံးပါး ရွတ်ဆိုခြင်းဖြင့် ရှင်အဖြစ်
ရဟန်းအဖြစ်ကို ပြုပေးကြကုန်လော့ဟု ခွင့်ပြုတော်မူသည်။

**ရာဓပုဏ္ဏား။** ။ထိုနောက် ရာဓအမည်ရှိ ပုဏ္ဏားအိုတယောက်
သည် ရဟန်း ပြုလို၏၊ ပြုပေးလိုသူ မရှိ၊ ရှင်သာရိ
ပုတ္တာ သိသောအခါ ဗုဒ္ဓအား လျှောက်ထား၍ ဗုဒ္ဓက သရဏဂုံကို
ပယ်၍ ဉတ္တိစတုတ္ထ ကမ္မဝါစာဖြင့် ရဟန်းပြုပေးရန် ခွင့်ပြုတော်
မူ၏။

**ရာဟုလမင်းသား။** ။ထိုနောက်တဖန် ရာဟုလမင်းသားကလေး
ရှင်ပြုရန် ကိစ္စ ပေါ်လာပြန်၏၊ ထိုအခါ
ရှင်သာရိပုတ္တာပင် ဗုဒ္ဓကို လျှောက်ထားသောကြောင့် သရဏဂုံ
ဖြင့်သာ ရှင်ပြုရန် ခွင့်ပြုတော်မူ၏။

ထို့ကြောင့် သရဏဂုံဖြင့် ရှင်ပြုသည့် အရာမှာ သာသနာတော် ကုန်သည့်တိုင်အောင်ဖြစ်၍ ရဟန်းပြုသည့် အရာမှာ ဉတ္တိစတုတ္ထ ကမ္မဝါစာကို မပယ်သင့်မိသာဟု မှတ်ရမည်။

**စုံ-မ အယူ။** ။အချို့ကား ရှင်ပြုရာ၌ စုံဖြစ်လျှင် မပြုကောင်း၊ ဘိုးသူတော်တပါးထည့်၍ မ-ဖြစ်မှ ရှင်ပြုကောင်းသည်ဟု သာသနာတော်နှင့်မတန်မရာ စုံ-မစကား ပြောကြား၍ အယူသည်းလျက် ရှိကြသေး၏၊ စုံလဲပြုနိုင်သည်၊ မလဲ ပြုနိုင်သည်ဟု မှတ်ကြပါ။

**ရှင်ပြုသင့်သော အရွယ်။** ။ဘုရားရှင် ရာဇဂြိုဟ်ပြည်တွင် သီတင်းသုံးတော်မူစဉ်အခါ အမျိုးသားတဦး အိမ်၌ ရောဂါနှိပ်စက် ပျက်စီးကြသဖြင့် ကြွင်းကျန်သော ဘခင်နှင့် သားငယ်တို့သည် သာသနာတော်သို့ဝင်၍ ရဟန်းခံ—ရှင်ပြုကြ၏၊ ဆွမ်းခံသွားရာ၌ဆွမ်းလောင်းသောအခါ သားငယ် ကိုရင်ကလေးသည် ပြေးလာ၍— "ဘခင် အကျွန်ုပ်အားလည်း ပေးပါဦး" ဟု တောင်း၏၊ ထိုအခါ လူများက—ဘိက္ခုနီမနှင့် ရသော ကလေးဖြစ်ဟန်တူသည်ဟု ကဲ့ရဲ့ကြကုန်၏၊ ထို့ကြောင့် တဆယ့်ငါးနှစ် မပြည့်သေးလျှင် ရှင်ပြုမပေးရ—ဟု ပညတ်တော်မူသည်။

အခါတပါး ရှင်အာနန္ဒ၏ အလုပ်အကျွေး ဒကာတဦးသည် တအိမ်လုံး ပျက်စီး၏၊ သားငယ်နှစ်ယောက်သာ ကျန်၏၊ ရှေးအလေ့ဖြင့် ရဟန်းတွေ့လျှင် ပြေးလာ၏၊ ရဟန်းတော်များက မောင်းမဲကြသဖြင့် ငိုယိုနေကြသည်ကို ရှင်အာနန္ဒမြင်၍ရှင်ပြုပေးချင်သော်လည်း တဆယ့်ငါးနှစ်မပြည့်သေး၍ ရှင်ပြုမပေးဝံ့သော

ကြောင့် ဗုဒ္ဓအား လျှောက်ထားသောအခါ "ရဟန်းတို့ တဆယ့်ငါးနှစ် မပြည့်သေးသော်လည်း မိမိ၏ ထမင်းခွက်၌ ကျီးနှိုက်လျှင် ကျီးပုံ့အောင်မောင်းနိုင်သောသူငယ်ကို ရှင်သာမဏေ ပြုပေးခြင်းငှာ ခွင့်ပြု၏" ဟု မိန့်တော်မူ၏။

ထိုအခါမှစ၍ ခုနစ်နှစ်သားဖြစ်သော ရှင်ပဏ္ဍိတ၊ ရှင်သုဝ၊ ရှင်ရေဝတ၊ ရှင်သောပါက စသော သာမဏေတော်များ၊ ရဟန္တာ ကိုရင်များ ပေါ်ထွက်လာကုန်၏၊ အပဒါန်ကျမ်း၌ကား ငါးနှစ်သား ရဟန္တာ ကိုရင်များပင် ရှိသေး၏။

**ရှင်ပြုပုံ။** ။ရှင်ပြုရာ၌ လိုရင်းကား—

၁။ ဆံရိတ်ခြင်း—ကေသစ္ဆေဒန ပဗ္ဗဇ္ဇာ။

၂။ သင်္ကန်းဝတ်ပေးခြင်း—ကာသာဝစ္ဆာဒန ပဗ္ဗဇ္ဇာ။

၃။ သရဏဂုံပေးခြင်း—သရဏ ဂမန ပဗ္ဗဇ္ဇာ ဟူ၍—ဤပဗ္ဗဇ္ဇာ သုံးပါးသာ လိုရင်း ဖြစ်ပါသည်။ ဤသုံးပါးမှ တခြား အရာတွေသည် လိုရင်း မဟုတ်ဟု အတိအကျ မှတ်ပါကုန်။

**ဆံရိတ်ရန်။** ။ရှင့်အဖြစ် ဒေါ်သကင်း၍ မိဘတို့ ခွင့်ပြုသော ရှင်လောင်းများကို ဆံရိတ်လိုသောအခါ ကျောင်းဝင်း အတွင်းရှိ ရဟန်းတို့ကိုပန်ကြား၍ ရိတ်အပ်၏၊ ပန်ကြားစရာ ရဟန်းများလွန်းလျှင် ခဏ္ဍသိမ်—မြစ်—သမုဒ္ဒရာသို့ သွား၍ ရိတ်အပ်၏၊ ဆရာကိုယ်တိုင် သော်၎င်း၊ ရဟန်း-ရှင်-လူ တဦးဦးကို စေခိုင်း၍သော်၎င်း ရိတ်အပ်၏။

ဆံရိတ်သောအခါ သင်သည် ထင်ရှား၏၊ ကြွယ်ဝ၏၊ သင့်ကို မှီ၍ ငါတို့ ပစ္စည်းလေးပါး ချမ်းသာပေအံ့ဟူ၍ မဆိုအပ်၊ ဝဋ်မှ ထွက်မြောက်ကြောင်း ဖြစ်သော အ-မင်္ဂလာ စကားမျိုး မဆို အပ်၊ သတိကောင်းစွာ ထားလော့၊ တစပဉ္စက ကမ္မဋ္ဌာန်းကို နှလုံး သွင်းလော့ဟု သင်ပေးအပ်၏၊ သတိပေးအပ်၏။

ရေချိုးခြင်း။ ။သာသနာတိုးတက်ပြန့်ပွားအောင် ရွက်ဆောင် နိုင်သော ပုဂ္ဂိုလ်ထူးဖြစ်လျှင် ဆရာကိုယ်တိုင် ရေ ချိုးဆပ်သို့ဆောင်ခြင်း၊ ဆံရေဆွတ်ခြင်း၊ ချေးပွတ်ပေးခြင်းစသည် ပြုပေးအပ်၏၊ ဝဲနာ-အိုင်းနာရှိလျှင် မိခင်ပမာ မရွံ့မရှာ ကောင်း စွာ ပွတ်၍ရေချိုးပေးအပ်၏၊ အကျိုးကား ပျင်းရိသဖြင့် လူထွက် လိုသော်လည်း ဤကျေးဇူးကြောင့် မဆုတ်မနစ် ထေရ်ကြီးအဖြစ် သို့ ရောက်နိုင်ကုန်၏။

သင်္ကန်းဝတ်ခြင်း။ ။ဆံရိတ်ပြီးလျှင် နနွင်းမှုန့် နံ့သာမှုန့်တို့ဖြင့် ဦးခေါင်းနှင့်တကွ လူနံ့ပျောက်စေခြင်းငှာ ပွတ်တိုက်၍ ရေချိုးပြီးမှ ဆရာ့ထံသို့ သင်္ကန်းအပ်၍ ဆရာပြန်ပေး လျှင် ဝတ်အပ်၏၊ ဆရာပြန်မပေးဘဲကိုယ်တိုင်ဝတ်ပေးလျှင်လည်း အပ်၏၊ ရဟန်း-ရှင်-လူ တယောက်ယောက်ကို ဆရာစေခိုင်းလျှင် လည်း အပ်၏။

ထိုရှင်လောင်းကိုပင် သင်္ကန်းအပ်-သင်္ကန်းတောင်းတို့ကို မဆို စေပဲ ဤသင်္ကန်းကိုယူဝတ်ဟု ခိုင်းလျှင်လည်းအပ်၏၊ မခိုင်းပဲ ဝတ်မိလျှင်ပယ်၍-တဖန်ပေးအပ်၏၊ ရှင်လောင်းသင်္ကန်း ဖြစ်စေ ကာမူ ရဟန်းပေးမှ-ဝတ်ခိုင်းမှ ဝတ်ရသည်။

**သရဏဂုံပေး။** ။သင်္ကန်း ဝတ်ပြီးသောအခါ သာမဏေအဖြစ်ကြောင်းပန်စေကာ သရဏဂုံပေးအပ်၏၊ သရဏဂုံကို အနက်အဓိပ္ပာယ် နားမလည်သော်လည်း ပီလျှင် ရှင်ဖြစ်သည်၊ တဦးဦး မပီလျှင် မဖြစ်၊ ဆရာပေးသော သင်္ကန်းကို ဝတ်သူသည် မပီ၍ ကိုရင်မဖြစ်အံ့၊ အသွင်ခိုး-ပေါင်းဖော်ခိုးမဖြစ်၊ ကိုရင်မဖြစ်ဟု သိလျှင်သိချင်း သရဏဂုံထပ်ရသည်၊ မထပ်လျှင် အပြစ်မလွတ်ပေ။

**သင်ပြရမည်။** ။သရဏဂုံကိစ္စပြီးလျှင် သာမဏေဘဝသို့ ရောက်လေ၏၊ သိက္ခာပုဒ် ဆောက်တည် စေခြင်း၊ ဥပဇ္ဈာယ်ယူစေခြင်း ကိစ္စပြီးလျှင် ရှင်တို့ကျင့်ရမည့် ပစ္စဝေက္ခဏာ၊ လိင်၊ ဒဏ်၊ ဝတ်၊ သေခိယသိက္ခာပုဒ်များကို ပြည့်ကျင့်နိုင်အောင် နားလည်ရာ စကားဖြင့် သင်ပြရမည်။

ဤဥဒ္ဒေသ မိမိသည် သာမန် မြန်မာစာသက်သက် ဖတ်တတ်သူများပင် နားလည်အောင် မြန်မာလိုတမျိုး၊ လက်ာလိုတဖုံ စုံလင်စွာ ရေးပြထားပါသဖြင့် ဤစာအုပ်ကို ဖတ်လျှင်ပင် အလုံးစုံ နားလည်ဖို့ရာ တာဝန်ယူထားပါသည်။

**အဝေးမလွှတ်ရ။** ။ရှင်ဖြစ်၍ရှင်ကျင့်ဝတ်များ နားမလည်သေး၊ စားသောက်ခြင်း စသည်တို့၌ မလိမ္မာသေးသျှင် အဝေးသို့မလွှတ်ရ၊ အနီးအနား၌သာ နေစေ၍ သတို့သားငယ်တို့ကဲ့သို့ စောင့်ရှောက်အပ်၏၊ အပ်-မအပ် အလုံးစုံပြောကြားအပ်၏၊ ဝတ်ရုံခြင်းစသော ကျင့်ဝတ်တို့၌ လိမ္မာအောင် ဆုံးမအပ်၏၊ သာမဏေသစ်ကလည်း လိင်မကျအောင်၊ ဒဏ်မထိုက်အောင် ကောင်းစွာ ကျင့်အပ်၏။

ပရိက္ခရာ။ ။ရှင်ပြုရာ၌ လိုအပ်ချက်မှာ သင်းပိုင်၊ ကိုယ်ရုံ (ဒုကုဋ်)၊ ဓါးပန်းကြိုး၊ သပိတ်၊ သင်ခုန်းခေါ်း၊ ရေစစ်၊ အပ်ချည်ဟူ၍ ပရိက္ခရာရှစ်ပါးဖြစ်၍ ယင်းခေတ် အခါမှာ လိုအပ်ချက် ပရိက္ခရာကို အတုတွေဝယ်ပြီး မလိုအပ်သည့် ရှင်လောင်း လှည့်ခြင်း၊ နတ်ပြခြင်း၊ ရှင်လောင်းသွင်းခြင်း၊ ဧည့်ခံခြင်းများမှာ များစွာ အကုန်အကျ များလှ၏၊ သတိပြုအပ်၏။

မိမိတို့သားငယ်ကို သာသနာတော်သို့ သွတ်သွင်းသောအခါ ပရိက္ခရာ အငှားဖြင့် သွတ်သွင်းမည်လော၊ ပရိက္ခရာအတုဖြင့် သွတ်သွင်းမည်လော၊ ပရိက္ခရာကို အငှား-အတုပြု၍ ရှင်လောင်း လှည့်ခြင်း၊ နတ်ပြခြင်း၊ ရှင်လောင်းသွင်းခြင်း၊ ဧည့်ခံခြင်းအတွက် အကုန်အကျ ခံမည်လော။

ရှင်ပြုခြင်းဟူသည် ယခုပြဆိုအပ်သည့် အစီအစဉ်အတိုင်းပြု၍ ရှင့်ပရိက္ခရာ ဆင်မြန်းကာ ရှင့်သိက္ခာတော်ကျင့်၊ ရှင့်ကျင့်ဝတ်တွေ ကျင့်ခြင်းပင် မဟုတ်လော။

ယင်းတို့ကို ဦးစားပေး၊ အလေးပေး စဉ်းစား၍ ရှင်ပြုပါလျှင် အကုန်အကျလည်းနည်း၍ အကျိုးများမည်မဟုတ်ပါလော၊ ဤမှ ရှေ့တွင် အကုန်အကျနည်း၍ အကျိုးများသော ရှင်ပြုနည်းများ ထွန်းကား၍ ဗုဒ္ဓမြတ်စွာ သာသနာ ငါးထောင်ရှည်ကြာ တည်ပါစေ သတည်းဟု ဆုတောင်းယင်း နိဂုံးချုပ်ပါသတည်း။ ။

တေဒဂ်-အရှင်ပညာဓေ ာတ

ဝိသိဋ္ဌဒိဿဘာသာကနင့်ဲ သီရိပဝရ ဓမ္မာစရိယ၊

မန္နံဝိန်တောရ

အစင်ရွာ၊ ရေးမြို့နယ်။

၁၃၄၀-ခုနှစ်၊ ကဆုန်လဆန်း(၂)ရက်နေ့။

# အမှားပြင်ဆင်ချက် .

| အခ မှတ်စဉ် | စာ မျက်နှာ | ကြောင်း ရေ | အမှား | အမှန် |
|---|---|---|---|---|
| ၁ | ၂ | ၆ | အရဟဋ္ဌဖိုလ် | အရဟတ္တဖိုလ် |
| ၂ | ၂ | ၁၂ | ။ | ။ |
| ၃ | ၆၁ | ၇ | ဟိရိဂုဏ်ကိုး | ဟိရိဂုဏ်ကို |
| ၄ | ၇၅ | ၁၇ | သန္တံကာနိ | သန္တကာနိ |
| ၅ | ၇၆ | ၁၅ | ရတ္တိရိပ္ပဝုတ္ထံ | ရတ္တိံဝိပ္ပဝုတ္ထံ |
| ၆ | ၇၆ | ၂၁ | ဣမံ့သံဃာဋိ | ဣမံသံဃာဋိံ |
| ၇ | ၇၇ | ၁၉ | ဒသာဟာတိက္ကန္တနိ | ဒသာဟာတိ က္ကန္တာနိ |
| ၈ | ၇၉ | ၉ | ကထိနုဒ္ဓာဂရာ | ကထိနုဒ္ဓာရော |
| ၉ | ၇၉ | ၉ | အနူမောဒါမ | အနုမောဒါမ |
| ၁၀ | ၁၀၁ | ၁၃ | ဝိသိဋ္ဌဒီဃံဘာဏက | ဝိသိဋ္ဌဒီဃဘာဏက |

# ရှင်ပြုပုံအစီအစဉ်

## ၁။ ခေါင်းရိတ်ရန်။

"ငါ၏ကိုယ်မှာ၊ နံ့သာမွှေးကြိုင်၊ မြဲနိုင်လှစွာ၊ ကောင်းရာမမြင်၊ ဆံပင်သာရှိ၊ အမွှေးရှိ၍၊ ရှိသည့်လက်သည်း၊ ခြေအသည်းနှင့်၊ သွားလည်းတတွေ၊ အရေတမျိုး၊ ညှီနံ့ဆိုးသည်၊ အသိုးအပုပ်ချည်း ပါတကား။" (အရှင်ဇနကာဘိဝံသ)

**တစပဉ္စက ကမ္မဋ္ဌာန်း။** ။ရှင်လောင်းကို ခေါင်းရိတ်ရာ၌ အထက်ဖော်ပြပါတစပဉ္စက-ကမ္မဋ္ဌာန်းကို လိမ့်ပတ်လည်စွာ သင်ကြား ပြသပေးပြီး ယင်းကမ္မဋ္ဌာန်းကို နှလုံးသွင်းရှုပွားခိုင်းပြီး ခေါင်းရိတ်စေရပါမည်။

မှန်၏၊ သုံးဆယ့်နှစ်ကောဋ္ဌာသလုံးသင်နိုင်ကလည်း သင့်လျော်ပါသည်၊ မသင်နိုင်ပါက တစပဉ္စက–ကမ္မဋ္ဌာန်းကို ဧကန်–ကေသင်ကြားအပ်သည်သာတည်း။

ထိုစကားသင့်စွ၊ ဤသုံးဆယ့်နှစ်ကောဋ္ဌာသ ကမ္မဋ္ဌာန်းသည် ဘုရားရှင်တို့ မစွန့်အပ်သော ကမ္မဋ္ဌာန်းတည်း၊ ဆံပင် အစရှိသော အစုတို့တွင် တခုခုသော အစုတို့၌ အရဟဋ္ဌဖိုလ်သို့ ရောက်ကုန်သော ရဟန်း ယောကျ်ား၊ ရဟန်း မိန်းမ၊ လူယောကျ်ား၊လူမိန်းမတို့၏အရေအတွက်သည် ဤရွေ့ဤမျှဟုရေတွက်မရ များပြားလှသည်သာတည်း။

မသိမလိမ္မာသော ဆရာတို့သည် ယင်းကမ္မဋ္ဌာန်းကို သင်ကြားပေးခြင်း မရှိဘဲ ရှင်–ရဟန်း ပြုပေးကြကုန်သည် ရှိသော် ရှင်လောင်း–ရဟန်းလောင်းတို့၏ အရဟတ္တဖိုလ်၏ အကြောင်း ဥပနိဿယကို ဖျက်ဆီးပစ်ကြကုန်၏။ (ဓမ္မပဒ အဋ္ဌကထာ)

## ၂။ သံဃာ့ဘောင်သို့ ဝင်ခွင့်တောင်းရန်။

အဟံဘန္တေ သံဃံမဇ္ဈေ ပဝေသနံ အာပုစ္ဆာမိ(၃)။

“အရှင်ဘုရားတို့၊ဘုရားတပည့်တော်သည် သာကီဝင်မင်းတို့၏ အနွယ်တော် ဖြစ်သော သမုတိ သံဃာတော် အရှင်မြတ်တို့၏ အလယ်၌ ဝင်ခြင်းကို ပန်ကြားပါ၏ အရှင်ဘုရား”

အမှာ။ ။အထက်ပါ ပန်ကြားချက်မှာ အရပ်ဒေသ အချို့၏ ထုံးတမ်းစဉ်လာ ဖြစ်ပါသည်၊အရပ်ဒေသတိုင်းတွင် မရှိပါ၊ရှိသော အရပ်ဒေသတို့အတွက် ရည်ညွှန်း၍ထည့်သွင်းလိုက်ခြင်း ဖြစ်ပါသည်။

## ၃။ ဆရာတို့သို့ သင်္ကန်းအပ်ရန်

သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ ဣမံကာသာဝံ ဂဟေတွာ ပဗ္ဗာဇေထ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ။

“အရှင်မြတ်ဘုရား၊ အလုံးစုံသော သံသရာဝဋ်ဆင်းရဲမှ ကင်းလွတ် ထွက်မြောက်ရာ ဖြစ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုပါရခြင်း အကျိုးငှာ ဘုရားတပည့်တော်၏ လက်၌ရှိသော ဤသင်္ကန်းကို ယူတော်မူ၍ ဘုရားတပည့်တော်ကို အစဉ်သနားစောင့်ရှောက် ချီးမြှောက်သောအားဖြင့် ရှင်သာမဏေ ဖြစ်အောင် ပြုပေးတော်မူကြပါ ဘုရား”

## ၄။ ဆရာ့ထံမှ သင်္ကန်းတောင်းရန်

သကလဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ တံ ကာသာဝံဒတွာ ပဗ္ဗာဇေထ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ။

“အရှင်မြတ်ဘုရား၊ အလုံးစုံသော သံသရာ ဝဋ်ဆင်းရဲမှ ကင်းလွတ် ထွက်မြောက်ရာ ဖြစ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုပါရခြင်း အကျိုးငှာ အရှင်ဘုရား၏ လက်တော်၌ ရှိသော ထိုသင်္ကန်းကို ပေးသနားတော်မူ၍ ဘုရားတပည့်တော်ကို အစဉ်သနား စောင့်ရှောက် ချီးမြှောက်သော အားဖြင့် ရှင်သာမဏေဖြစ်အောင် ပြုပေးတော်မူကြပါ ဘုရား”

## ၅။ သာမဏေအဖြစ် တောင်းရန်

ဘန္တေ သံသာရ ဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ။ (၃)

"အရှင်မြတ်ဘုရား၊ သံသရာ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကျွတ်လွတ်ပါရခြင်း အကျိုးငှာ ရှင်သာမဏေ အဖြစ်ကို တောင်းပန်ပါ၏ အရှင်ဘုရား"

၆။ ကန်တော့ရန်

"ဩကာသ-ဩကာသ-ဩကာသ၊ ကာယဝစီမနောခါလျက် သုံးလီစေတနာ လေးဖြာပဏာမ ပူဇနဖြင့် ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ၊ ရတနာမြတ်သုံးပါး၊ မိဘနှစ်ပါး၊ ဆရာသမားတို့နှင့်တကွ ပြစ်မှားမိသူ ပုဂ္ဂိုလ် အများတို့အား ဘုရားတပည့်တော် ရှိသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား"

အမှာ။ ။ဤကန်တော့ခန်းတွင် "လေးဖြာပဏာမ" ဟုဆိုထားသည်။ ကိုယ်ဖြင့် ရှိခိုးခြင်း၊ နှုတ်ဖြင့်ရှိခိုးခြင်း၊စိတ်ဖြင့် ရှိခိုးခြင်း၊ အကျင့်ဖြင့် ရှိခိုးခြင်းဟု ရှိခိုးခြင်းလေးမျိုးပြ-ဆက္ကနိပါတ် အင်္ဂုတ္တရ အဋ္ဌကထာအရ ပြဆိုထားပါသည်။

မိမိရှေ့တွင် ဆုပေးမည့်ပုဂ္ဂိုလ် ရှိလျှင် အထက်ပါအတိုင်း "ကန်တော့ပါ၏ အရှင်ဘုရား"တွင် ရပ်ထားပါ။ ဆုပေးမည့်ပုဂ္ဂိုလ်မရှိလျှင် အောက်ပါအတိုင်း ဆက်၍ ဆုတောင်းပါ။

(ဤသို့ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရသော ပဏာမ ကုသိုလ်ကံ စေတနာတို့ကြောင့် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုး ငါးပါး၊ ဝိပ္ပတ္တိတရား လေးပါး၊ ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန် တရားတော်မြတ်ကို လျင်မြန်စွာ ရ-ရပါလို၏ အရှင်ဘုရား။)

ဆုပေးမည့် ပုဂ္ဂိုလ်ရှိ၍ ဆုပေးပြီးသောအခါ "အာမဘန္တေ" "ပေးတဲ့ဆုနှင့် ပြည့်စုံရပါလို၏ အရှင်ဘုရား" ဟု ဆိုပါ။

**၇။ သာမဏေ သီလတောင်းရန်**

အဟံ ဘန္တေ တိသရဏေန သဟ ဒသ သာမဏေရ ပဗ္ဗဇ္ဇာ သီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ၊

ဒုတိယမ္ပိ အဟံ ဘန္တေ...............မေ ဘန္တေ၊

တတိယမ္ပိ အဟံ ဘန္တေ...............မေ ဘန္တေ။

ဆရာ။ ။ယမဟံ ဝဒါမိ တံ ဝဒေဟိ (တယောက်)

ယမဟံ ဝဒါမိ တံ ဝဒေထ (အများ)

တပည့်။ အာမ ဘန္တေ။

**၈။ ဘုရားရှိခိုးရန်**

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ (၃)

**၉။ သရဏဂုံ ဆောက်တည်ရန်**

နိဂ္ဂဟိတန္တ သရဏဂုံ

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

ဓမ္မံ သရဏံ ဂစ္ဆာမိ၊

သံဃံ သရဏံ ဂစ္ဆာမိ၊

(ဒုတိယမ္ပိ၊ တတိယမ္ပိ နည်းတူဆို)

**မကာရန္တ သရဏဂုံ**

ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိ၊

ဓမ္မမ် သရဏမ် ဂစ္ဆာမိ၊

သံဃံ သရဏမ် ဂစ္ဆာမိ၊

(ဒုတိယမ္ပိ၊ တတိယမ္ပိ နည်းတူဆိုလေ)

ဆရာ။ ။တိသရဏဂမနံ ပရိပုဏ္ဏံ၊
တပည့်။ ။အာမ ဘန္တေ။

## ၁၀။ သာမဏေ သီလဆောက်တည်ရန်

| | | |
|---|---|---|
| ၁။ ပါဏာတိပါတာ ဝေရမဏီ | သိက္ခာပဒံ | သမာဒိယာမိ။ |
| ၂။ အဒိန္နာဒါနာ ဝေရမဏီ | ။ | ။ |
| ၃။ အဗြဟ္မစရိယာ ဝေရမဏီ | ။ | ။ |
| ၄။ မုသာဝါဒါ ဝေရမဏီ | ။ | ။ |
| ၅။ သုရာမေရယ မဇ္ဇ ပမာဒဋ္ဌာနာ ဝေရမဏီ | ။ | ။ |
| ၆။ ဝိကာလဘောဇနာ ဝေရမဏီ | ။ | ။ |
| ၇။ နစ္စ-ဂီတ-ဝါဒိတ-ဝိသူက-ဒဿနာ ဝေရမဏီ | ။ | ။ |
| ၈။ မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီ | ။ | ။ |
| ၉။ ဥစ္စာသယန-မဟာသယန ဝေရမဏီ | ။ | ။ |
| ၁၀။ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ ဝေရမဏီ | ။ | ။ |

ဆရာ။ ။တိသရဏေန သဟ ဒသ သာမဏေရ ပဗ္ဗဇ္ဇာသီလံ ဓမ္မံ သာဓုကံ သုရက္ခိတံ ကတွာ အပ္ပမာဒေန သမ္ပာဒေထ။
တပည့်။ ။အာမ ဘန္တေ။

## ၁၁ ဥပဇ္ဈာယ်ယူရန်။

ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ (၃)

"အရှင်မြတ်ဘုရား၊ သက်တော်ရှည်သော အရှင်မြတ်ဘုရားသည် ဘုရားတပည့်တော်၏ အကြီးငယ် အသွယ်သွယ်ကို ကြည့်ရှုမပြတ် ဆုံးမတတ်သော ဥပဇ္ဈာယ်ဆရာ ဖြစ်တော်မူပါ အရှင်ဘုရား"

ဆရာ။ ။ပါသာဒိကေန သမ္ပာဒေဟိ (တယောက်)
ပါသာဒိကေန သမ္ပာဒေထ (အများ)

"ကြည်ညိုဘွယ်ကိုဆောင်တတ်သော ကိုယ်အမူအရာနှုတ်အမူအရာအားဖြင့် သိက္ခာသုံးရပ်သာသနာတော်မြတ်ကိုပြည့်စုံစေကြကုန်လော့"

တပည့်။ ။အာမ ဘန္တေ။

အရှင်မြတ်ဘုရား၊ ပြည့်စုံစေပါမည် အရှင်ဘုရား။

## ၁၂။ အချင်းချင်းခွင့်လွှတ်ရန်

**ဥပဇ္ဈာယ်က ခွင့်လွှတ်ပုံ။** ။ဥပဇ္ဈာယ်ဆရာ သရဏဂုံဆရာ၌ ပြုသင့် ပြုထိုက်သော ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်တို့ကို မပြုမူ၍ ချမ်းသာစွာ ပရိယတ် ပဋိပတ်ဘုရားတို့ကို အားထုတ်၍ နေကြကုန်လော့။

**တပည့်ကခွင့်လွှတ်ရန်။** ။သဒ္ဓိဝိဟာရိက တပည့် ဖြစ်သော ဘုရားတပည့်တော် အပေါ်၌ ပြုသင့် ပြုထိုက်သော ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်တို့ကို မပြုမူ၍ ချမ်းသာသက်သက် ကြောင့်ကြမဲ့ နေတော်မူပါ အရှင်ဘုရား။

၁၃။ဥပဇ္ဈာယ်ကင်းသော် နိဿယည်းယူရန်

အာစရိယော မေ ဘန္တေ ဟောဟိ၊ အာယသ္မတော နိဿာယ ဝစ္ဆာမိ (၃)

"အရှင်မြတ်ဘုရား သက်တော်ရှည်သောအရှင်မြတ်ဘုရားသည် ဘုရားတပည့်တော်၏ မှီခိုရာ နိဿယည်းဆရာ ဖြစ်တော်မူပါ အရှင်မြတ်ဘုရား၊ ဘုရားတပည့်တော်သည် သက်တော်ရှည်တော်မူသော အရှင်မြတ်ဘုရားကို မှီခို၍ နေပါအံ့ အရှင်မြတ်ဘုရား"

**ဆရာ။** ။ပါသာဒိကေန သမ္ပာဒေဟိ (တယောက်)
ပါသာဒိကေန သမ္ပာဒေထ (အများ)

"ကြည်ညိုဘွယ်ကို ဆောင်တတ်သော ကိုယ်အမူအရာ နှုတ်အမူအရာအားဖြင့်သိက္ခာသုံးရပ်သာသနာတော်မြတ်ကို ပြည့်စုံစေကြကုန်လော့"

**တပည့်။** ။အာမဘန္တေ။
အရှင်မြတ်ဘုရား၊ပြည့်စုံစေပါမည် အရှင်ဘုရား။ ။

**၁၄။ အချင်းချင်း ခွင့်လွှတ်ရန်**

**နိဿယည်း ဆရာက ခွင့်လွှတ်ရန်။** ။နိဿယည်းဆရာ၌ပြုသင့်-ပြုထိုက်သော ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်တို့ကို မပြုမူ၍ ချမ်းသာစွာ ပရိယတ် ပဋိပတ်တရားတို့ကို အားထုတ်နေကြကုန်လော။

**တပည့်က ခွင့်လွှတ်ရန်။** ။နိဿယန္တေဝါသိကတပည့်ဖြစ်သော "ဘုရားတပည့်တော်၏ အပေါ်၌ ပြုသင့် ပြုထိုက်သော ဝတ်ကြီး ဝတ်ငယ် အသွယ်သွယ်တို့ကို မပြုမူ၍ ချမ်းသာသက်သက် ကြောင့်ကြမဲ့ နေတော်မူပါ အရှင်ဘုရား"

၁၅။ နိဿယည်းဆရာ၏ အင်္ဂါ

၁။ ဆယ်ဝါရခြင်း

၂။ ဒွေမာတိကာကို အကျယ် ဝေဘန်ရာ ဥဒါဘဇနီဟု ခေါ်ဝေါ်အပ်သော ဝိဘင်းနှစ်ပါးကို ရခြင်း၊

၃။ ကံကြီး-ကံငယ် ပြုနည်းကို နားလည်ခြင်း၊

၄။ မဟာဝဂ္ဂ၊ စူဠဝဂ္ဂ၊ ခန္ဓကာ၌ လာသော သိက္ခာပုဒ်တို့ကို နားလည်ခြင်း၊

၅။ နာမ်တရား၊ ရုပ်တရား အပိုင်းအခြားကို နားလည်ခြင်း။

ဤအင်္ဂါငါးပါးနှင့် ပြည့်စုံမှ နိဿယည်းဆရာဖြစ်နိုင်၏၊ ဥပဇ္ဈာယ်ဆရာလည်း ဖြစ်နိုင်၏၊ ဤအင်္ဂါများကိုပင် ကျောင်းထိုင်အင်္ဂါဟုလည်း ခေါ်ကြ၏။

အဘယ့်ကြောင့်နည်း— ကျောင်းထိုင် ဘုန်းတော်ကြီးသည် ရဟန်း သာမဏေတို့၏ ဥပဇ္ဈာယ်လုပ်၍လည်းကောင်း နိဿယည်းဆရာလုပ်၍ လည်းကောင်း နေရသောကြောင့်တည်း။

(ဆောင်) ဆယ်ဝါပြည့်တင်း၊ ဝိဘင်းနှစ်ဖြာ၊ ကမ္မာကမ္မ၊ ခန္ဓကပုဒ်၊ နာမ်ရုပ်ပိုင်ပိုင်၊ ဟောပြောနိုင်၊ ကျောင်းထိုင် ငါးအင်္ဂါ။

၁၆။ နိဿယည်းလွှတ် အင်္ဂါ ၇-ပါး

၁။ ငါးဝါပြည့်ခြင်း၊

၂။ အနက်အဓိပ္ပာယ်သိ၍ ဒွေမာတိကာ ရခြင်း၊

၃။ ဓမ္မပဒ စသော သုတ္တန်တို့မှ လေးဘာဏဝါရလောက် အနက်လည်းသိ၍ ရလည်း ရခြင်း၊

၄။ အနက်သိ၍ အမ္ဗဋ္ဌသုတ်နှင့် အလားတူသော စကားတရပ်ကို ရခြင်း၊

၅။ အမ်းဟာရား စသည် ဟောဘိုက ဝတ္ထုကြောင်းပါသော တရားသုံးပုဒ်လောက် ဖြေခြင်း၊

၆။ ကမ္မဋ္ဌာန်းဘာဝနာ အားထုတ်နည်းကို သိခြင်း၊

၇။ ဒန္တကဋ္ဌလာသော ကံကြီး ကံငယ် ပြုနည်းကို နားလည်ခြင်း၊

(ဆောင်) ငါးပါးပြည့်တိ၊ ဒွေမာတိကာ၊ သုတ် ၄-ဘာဏဝါရ၊ အမ္ဗဋ္ဌကာ၊ ဝတ္ထုစကား၊တရားသုံးပုဒ်၊အားထုတ်ဘို့ရာ၊ ဘာဝနာနှင့်၊ ကမ္မာကမ္မ ရုန်စဝ၊ နိဿယမုစ္စနက ဗဟုသုတ တည်း။ (အရှင်ဥနကာဘိဝံသ)

## သေခိယ ၇၅-ပါး

### ၁-ပရိမဏ္ဍလဝဂ်

**မညီမညာဝတ်ခြင်း။** ။ဗုဒ္ဓ မြတ်စွာ သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတိုက်၌ သီတင်းသုံး နေတော်မူစဉ် ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် သင်းပိုင်သင်္ကန်းကို မညီမညာ ဝတ်ကြကုန်၏၊ ရှေ့ကလည်း တွဲရရွဲကျ၊ နောက်ကလည်း တွဲရရွဲကျ နေကုန်၏၊ ကောသီသင်္ကန်းကိုလည်း ရှေ့ကဖြစ်စေ၊ နောက်ကဖြစ်စေ၊ နှစ်ဘက်လုံးဖြစ်စေ တွဲရရွဲကျ၍ မညီမညာ ရမ်းကြကုန်၏။

**လူတို့ကအထင်သေးခြင်း။** ။ထိုသို့ မညီမညာဝတ်ဝတ်ကြ ရမ်းကြ ပုံကိုမြင်ရသောလူတို့သည် ထိုဆဗ္ဗဂ္ဂီ ရဟန်းတို့ကို အဝတ်မှ မဝတ်တတ်ကြဘူးဟု အထင်သေးကြ ကုန်၏၊ အချို့လူများကား အထင်သေးရုံတင် မကဘဲ နှုတ်ဖြင့်

အပြစ်ပြောကြကုန်၏၊ တချို့က မူ စပ်ဝိုင်း အပြစ်ပြောကြ ရဟန်းများ၏ အပြစ်သည် ပို၍သွားလေတော့၏။

**ပညတ်တော်မူခြင်း။** ။လူတို့၏ အပြစ်ပြောသံကို အခြားရဟန်းတော်များ ကြားသိရ၍ ဘုရားရှင်အား လျှောက်ထားကြလေရာ ဘုရားရှင်သည် သံဃာစည်းဝေးစေတော်မူပြီးလျှင် ဆဗ္ဗဂ္ဂီရဟန်းတို့ကို စစ်ဆေးမေးမြန်းတော်မူသောအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဟုတ်မှန်ပါကြောင်း ဝန်ခံကြလေသည်။

ထိုအခါ ဤမညီမညွတ်ဝတ်မှုသည် သာသနာတော်ကို မကြည်ညိုသေးသူတို့ ကြည်ညိုဘို့ရာလည်းမဟုတ်၊ ကြည်ညိုပြီးသူတို့၏သဒ္ဓါတရား တိုးပွားဘို့ရာလည်းမဟုတ်၊ မကြည်ညိုသေးသူတို့ မကြည်ညိုစရာနှင့် ကြည်ညိုပြီးသော အချို့ပုထုဇဉ်များ၏ သဒ္ဓါတရား ပျက်ပြားဘို့သာ ဖြစ်သည်ဟု ကဲ့ရဲ့တော်မူပြီးလျှင်–

(၁-၂) အဝန်းညီစွာ သင်းပိုင်သက်န်းကိုဝတ်အံ့၊ ကောသိသက်န်းကိုရုံအံ့ဟု ကျင့်မှုကိုပြုရမည်။

ဤသို့သိက္ခာပုဒ်ကို ပညတ်တော် မူလိုက်လေသည်။

(ဆောင်) သင်းပိုင်ဝတ်ရာ၊ ဝန်းညီညာ၊ ရှင်ဟာ ဝတ်ရမည်။
ကောသိသက်န်း၊ ဝတ်ဆင်မြန်း၊ အဝန်းညီရမည်။

**ဒုက္ကဋ်-အာပတ်သင့်။** ။ဤသိက္ခာပုဒ် ပညတ်တော်ကို ဂရုမစိုက်ဘဲ ရှေ့ကဖြစ်စေ၊ နောက်ကဖြစ်စေ တွဲရရွဲကျစေလျက်ဝတ်သော သာမဏေမှာ ဒဏ်ထိ၏၊ ရဟန်းမှာ ဒုက္ကဋ်အာပတ်သင့်၏၊ ကောသိသက်န်းကို မညီမညွတ်ခြုံရုံမှု၌လည်း ဤအတိုင်းပင် အပြစ်သင့်ပါသည်။

သို့ဖြစ်၍ သင်းပိုင် အသက်ပိုင်း၌ ချက်ကို ဖုံးသောက်အောင် ရှေ့ရောနောက်ပါ ညီညွတ်စွာ ဝတ်ရမည်၊ အောက်ပိုင်း၌ ဒူးရိုးမှ အောက် လက်ရှစ်သစ်လောက်ချ၍ ရှေ့ရောနောက်ပါ ညီညွတ်စွာ ဝတ်ရမည်၊ ကေသိကိုသင်းပိုင်ထက် လက်နှစ်သစ်မျှ မြင့်၍ ဝတ် ရမည်။

**ညီညွတ်စွာဝတ်ရာ၌ဒုက္ကဋ်အာပတ်မလွတ်ရာ**။ ။ရဟန်း-သာမဏေများသည်ကျောင်း အရာမ် အတွင်းဝယ် ဘုရားဝတ်တက်ရာ အခါ၊ ဆရာ့ထံ ချဉ်းကပ်သောအခါ၊ သံဃာအများ စုဝေးရာ အခါ၊ သံဃာအများဆွမ်းစားရာအခါ စသည်တို့၌လည်းကောင်း၊ မြို့ရွာအတွင်း တည်းခိုနေထိုင်ရာ အခါ၌လည်းကောင်း ဤသိက္ခာ ပုဒ် နှစ်ပါးကြောင့်ညီစွာဝတ်၍-ရမ်း၍နေရမည်၊ မိမိတပါးတည်း နေရာအခါ စသည်၌ မညီသော်လည်း အပြစ်မရှိဟုမှတ်ပါ။

**ခြွင်းချက်**။ ။ညီစွာဝတ်မည်၊ ရမ်းမည်ဟု သဘောထား ၍ ဝတ်ပါသော်လည်း မညီမညွတ် ဖြစ်သွားရာအခါ၊တခြားကိစ္စ စိတ်စိုက်နေခိုက် အမှတ်တမဲ့ သတိမထားမိဘဲ ဝတ်မိရာ အခါ၊ညီညီညွတ်ညွတ် ဝတ်ပါလျက် ရှည်သွားမှန်း တိုနေမှန်း မသိရာအခါ၊ဝတ်နည်းရမ်းနည်းကိုသိပါလျက်နားမလည်သေးရာ အခါ၊ ခြေသလုံး၌ ဖြစ်စေ၊ ခြေထောက်၌ ဖြစ်စေ၊ အနာပေါက် နေ၍ ဂိလာနဖြစ်ခိုက် အနာတိုက်မိမှာ စိုးသဖြင့် တိုတိုဝတ်ရာ အခါ၊ ယင်အုံမှာ စိုးသဖြင့် ရှည်ရှည်ချ၍ဝတ်ရာအခါ၊ခြေသလုံး ခြောက်ကပ်ခြင်း၊ ခြေသလုံးသားကြီးခြင်း စသည်ဖြစ်ရာအခါ၊ ဘေးရန်ကြောင့် ပြေးလွှားရာအခါ၊ ရူးနေရာ အခါတို့၌ အတို-အရှည် ဝတ်သော်လည်း ဒုက္ကဋ်မထိုက်၊ အာပတ်မသင့်ပေ။

**ကိုယ်ကိုဖော်၍ သွားလာ။** ။ဆဗ္ဗဂ္ဂီရဟန်းတို့သည် မြို့–ရွာ
**နေထိုင်မှု** အတွင်း၌ သွားလာသည့်
အခါ ကိုယ်ကိုဖော်၍ငင်း၊ ဒူးပေါ် ရင်ပေါ် ဖော်၍ငင်း
သွားလာကြကုန်၏၊ ထိုင်သည့်အခါ၌လည်း ကိုယ်ကိုဖော်၍ ထိုင်
နေကြကုန်၏၊ ထိုသို့ ကြည်ညိုဘွယ် မကောင်းသော သွားလာ
နေထိုင်ပုံကို မြင်ရ၍ လူတို့က ကဲ့ရဲ့ကြသောကြောင့် ကဲ့ရဲ့သံကို
ကြားရသော ရဟန်းတော်များက ဘုရားရှင်ကို လျှောက်ထားကြ
သဖြင့်–

(၃–၄) လည်ပင်း၊ လက်ကောက်ဝတ်မှ စ၍ ကိုယ်ကို
ကောင်းစွာဖုံးလျက် မြို့–ရွာအတွင်း၌သွားရမည်၊
နေထိုင်ရမည်–ဟု ကျင့်မှုကိုပြုရမည်။

ဤသို့ သိက္ခာပုဒ်ကို ပညတ်တော် မူလိုက်လေသည်။

(ဆောင်) ၃။ သင်္ကန်းရုံလို့၊ ရွာတွင်းသို့၊ ရှင်တို့သွားရမည်။
၄။ သင်္ကန်းရုံကာ၊ ရွာတွင်းမှာ၊ ရှင်ဟာ နေရမည်။

**ကောင်းစွာဖုံးပုံ။** ။ကောင်းစွာ ကိုယ်ကိုဖုံး ဟူရာ၌လည်း
တကိုယ်လုံး ဦးခေါင်းပါ ဖုံးရမည်ဟု မိန့်
တော် မူလိုသည် မဟုတ်၊ ယခုကာလ သင်္ကန်းရုံခြင်းမျိုးကို ဆိုလို
သည်၊ ထို့ကြောင့် မြို့–ရွာအတွင်း သွားလာသောအခါ သင်္ကန်း
ရုံ၍ အနားပတ်သီးကို တပ်ကြရသည်။

ထိုသို့ သင်္ကန်းရုံ၍ အနားပတ်သီး တပ်ထားလျှင် လည်မျို
ဇလုတ် ဦးခေါင်းနှင့်လက်ကောက်ဝတ် ပြင်ဘက်လက် ခြေသလုံး
အောက်ပိုင်းမှတပါး တကိုယ်လုံးကို ဖုံးပြီးသား ဖြစ်၏၊ထိုင်သော
အခါ၌လည်း ထိုကဲ့သို့ပင် ကောင်းစွာဖုံး၍ ထိုင်ရသည်။

ထိုင်ခြင်းနှင့် စပ်သော ဒုတိယာသိက္ခာပုဒ်ဝယ် လည်မျိုလုတ်မှစ၍ ဦးခေါင်းကို၎င်း၊ လက်ကောက်ဝတ်တို့မှစ၍ လက်ဘို့ကို၎င်း၊ ခြေသလုံး အသားဆိုင်မှစ၍ ခြေတို့ကို၎င်း ဖွင့်ပြီး ထိုင်ရမည်၊ ခြေလက်ဘို့ကို ဖုံးသော်လည်း အပြစ်မရှိ၊ ဦးခေါင်းကိုကား မဖုံးရ။

ခြွင်းချက်။ ။ဤသိက္ခာပုဒ် နှစ်ပါး၌လည်း ရှေးသိက္ခာပုဒ် နှစ်ပါးလာ ခြွင်းချက်များရနိုင်သည့်ပြင် ဆွမ်းခံ၊ ဆွမ်းစား၊ တရားဟောခိုက် နေခြင်းမျိုး မဟုတ်ဘဲ တည်းခိုသော အနေမျိုးဖြင့် နေသော ရဟန်းလည်း သင်္ကန်းမရုံဘဲ နေနိုင်သေး၏။

ဆက်ဦးအံ့—တည်းခိုသော အနေမျိုး ဟူရာ၌ အဘယ်လောက် ကြာမှ တည်းခိုခြင်း ဖြစ်သနည်းဟု စဉ်းစားဘွယ် ရှိ၏၊ ကင်္ခါဋီကာသစ်၌-ညဉ့်အိပ်မည်ဟု ရည်ရွယ်ချက်ဖြင့် တည်းခိုမှ အတည်းခို ဟု ဆို၏၊

ဝိမတိဋီကာ၌ကား-တည်းခိုနေလိုသော ဆန္ဒရှိလျှင် ခဏပင် ဖြစ်သော်လည်း "အတည်းခိုပင်" ဟု အဓိပ္ပာယ် သဘော ဖွင့်ပြသည်။

ကျောင်းအမှတ် မနေသင့်၊ ။ထို့ပြင် အိမ်ရှင်တို့သည် အရှင်ဘုရားများ၊ သီတင်းသုံးသမျှ ဤအိမ်ကို လှူပါ၏-ဟု လျှောက်တင်ကြ၏၊ ထိုသို့ လျှောက်လျှင် "အတည်းခို" မဟုတ်ဘဲ ဆွမ်းစားသွားခြင်း စသည်ပင် ဖြစ်သော်လည်း ကျောင်းမှာနေသလို သင်္ကန်းမရုံဘဲ နေနိုင်၏ဟု ယူဆကြ၏။

ထိုအယူကို "ထိုအားလုံးကို အတည်မယူထိုက်၊ ဘာ့ကြောင့်နည်း။ထိုကဲ့သို့ ယူဖို့ရာ အဆိုအမိန့်မရှိခြင်း၊ ဓေတ္တလှူခြင်းသည် အလှူမမြောက် အငှားသာ ဖြစ်ခြင်း၊ ထိုသို့ လျှောက်ရုံမျှဖြင့် ကျောင်းဟု မဆိုနိုင်ခြင်းကြောင့်တည်း"ဟုဆို၍—ဝိမတိဋီကာက ပယ်လေသည်။

**လက်ဆော့-ခြေဆော့ခြင်း။** ။ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် မြို့-ရွာ အတွင်း၌ လက်ဆော့-ခြေဆော့လျက် သွားလာကြ၊နေထိုင်ကြကုန်၏၊ လူတို့ကလည်းကဲ့ရဲ့ကြလေသည်။ ထိုအကြောင်းကို ဘုရားရှင် ကြားတော်မူ၍—

(၅-၆) "လက်-ခြေတို့ကို မဆော့မကစားဘဲ ကောင်းစွာ ဣန္ဒြေကို စောင့်စည်းလျက် မြို့-ရွာ အတွင်း၌ သွားလာမည်၊ နေထိုင်မည်-ဟု ကျင့်မှုကိုပြုရမည်။

ဤသို့ သိက္ခာပုဒ်ကို ပညတ်တော်မူလိုက်လေ၏။

(ဆောင်) ၅။ ဣန္ဒြေစောင့်လို့၊ ရွာတွင်းသို့၊ ရှင်တို့သွားရမည်။

၆။ ဣန္ဒြေစောင့်ကာ၊ ရွာတွင်းမှာ၊ ရှင်ဟာနေရမည်။

**ဟိုဟို—သည်သည်ကြည့်ခြင်း။** ။ဆဗ္ဗဂ္ဂီရဟန်းတို့သည် မြို့-ရွာ အတွင်း ဟိုဟို—သည်သည် တောင်ကြည့်၊ မြောက်ကြည့် ကြည့်လျက် သွားလာနေထိုင်ကြကုန်၏၊ ထိုသို့ တောင်ကြည့်—မြောက်ကြည့် ကြည့်လျက် ဣန္ဒြေမရဘဲ သွားလာ နေထိုင်မှုကို

ယဉ်ကျေးသော လူကောင်း–သူကောင်းတို့သော်မှ မပြုကြပါဘဲ အထူး ယဉ်ကျေးသည်ဟု အသိအမှတ်ပြုရမည့် ဘုရားသားတော်တို့က ပြုနေကြသည်ကို လူတို့က ကဲ့ရဲ့ရှုတ်ချ အပြစ်တင်ကြသောကြောင့်–

(၇-၈) ရထားထမ်းပိုး တပြန်လောက်သာ ကြည့်လျက် မျက်စိကို အောက်သို့ ချ၍ မြို့-ရွာ အတွင်း၌ သွားလာ နေထိုင်မှုကို ပြုမည်–ဟု ကျင့်မှုကို ပြုရမည်။

ဤသို့ သိက္ခာပုဒ်ကို ပညတ်တော်မူလိုက်လေသည်။

(ဆောင်) ၇။ မျက်လွှာချလို့၊ ရွာတွင်းသို့၊ ရှင်တို့သွားရမည်။
၈။ မျက်လွှာချကာ၊ ရွာတွင်းမှာ၊ ရှင်ဟာ နေရမည်။

ခြွင်းချက်။ ။ဤသိက္ခာပုဒ်တော်အရ စက္ခုန္ဒြေချ၍ မြို့ရွာအတွင်း သွားရ နေရမည်၊ သို့သော် ယာဉ်ရထား၊ နွား၊ မြင်း စသော ဘေးရန် ရှိ-မရှိကိုကား တစေ့တစောင်း ကြည့်ကောင်းပါ၏။

ရထားထမ်းပိုး တပြန်ကိုလည်း လေးတောင်၊ လေးတောင့်ထွာခန့်ဟု ခန့်မှန်းကြသည်၊ ယဉ်ကျေးပြီးသော အာဇာနည်ဆင်မြင်းတို့သည် ထိုမျှလောက်သာ ကြည့်လေ့ရှိကြသတဲ့–

မှန်၏–ထိုသို့ မျက်စိကို ဣန္ဒြေရရထား၍ သွားလာနေထိုင်မှုကို ယဉ်ကျေးသူတိုင်း ပြုကြ၏၊ တောင်ကြည့်–မြောက်ကြည့် ကြည့်ခြင်းကား ရိုင်းစိုင်းသူတို့၏ အပြုအမူဖြစ်သည်။

**သင်္ကန်းကိုမြှောက်ပင့်ခြင်း။** ။အဆွေ ရဟန်း တို့သည် မြို့-ရွာ အတွင်း၌ သင်္ကန်းကိုမြှောက်၍- ပင့်၍ ဇွန်တောင်ဆဲ့၍ သွားလာကြကုန်၏၊ ထိုင်သောအခါလည်း သင်္ကန်းကိုပင့်၍ ထိုင်ကြကုန်၏၊ ထိုအပြုအမူကို လူတို့က ကဲ့ရဲ့ကြသောကြောင့်—

(၉-၁၀) သင်္ကန်းကို မြှောက်ပင့်လျက် မသွားအံ့၊ မထိုင်အံ့ ဟု ကျင့်မှုကို ပြုရမည်။

ဤသိက္ခာပုဒ်တော်ကို ဘုရားရှင် ပညတ်တော်မူသည်။

(ဆောင်) ၉။ သင်္ကန်း မြှောက်သို့၊ ရွာတွင်းသို့၊ သွားဘို့ ရှောင်ရမည်။

၁၀။ သင်္ကန်း မြှောက်ကာ၊ ရွာတွင်းမှာ၊ ထိုင်တာ ရှောင်ရမည်။

**မြှောက်မထိုင်ရ။** ။ဤသိက္ခာပုဒ်တော်အရ မြို့-ရွာ အတွင်း၌ သင်းပိုင်၊ ကောသိကို ဝဲဘက်က ဖြစ်စေ၊ ယာဘက်က ဖြစ်စေ မမြှောက်ပင့်ရ၊ ကောသိကို ခါးပေါ် အောင်ပင် တချို့ ကျောင်းတွင်း၌ နေဘတ်ကြ၏၊ မြို့ရွာအတွင်း ဖြစ်မူ ထိုကဲ့သို့ မမြှောက်ပင့်ရ။

ထိုင်သောအခါ၌ကား ရုံထားသော ကောသိ သင်္ကန်းကို အနည်းငယ်ပင့်၍ တင်ပါးအောက်မှာ ပိမနေစေဘဲ ထိုင်ရမည်ဟု ပညတ်တော်မူချက်ရှိ၏။

ထို့ကြောင့် ထိုကဲ့သို့ ပင့်ခြင်းမှတပါး သင်းပိုင်မှာ ပတ်ထားသော ခါးပန်းကြိုးပေါ်လာအောင် မြှောက်ပင့်၍ မထိုင်ရ၊

သို့သော် တည်းခို နေထိုင်နိုက်ဖြစ်မှုကား ကျောင်းမှာနေ့ထိုင် သကဲ့သို့ ထိုက်တန်သလောက် မြောက်ပင့်သော်လည်း အပြစ် မရှိနိုင်ပေ။

ပရိမဏ္ဍလဝဂ် ပြီး၏၊

## ၂-ဥဇ္ဇဂ္ဃိကဝဂ်

ကျုံးယံစွာရယ်ခြင်း။ ။ဆဗ္ဗဂ္ဂီရဟန်းတို့သည် မြို့-ရွာအတွင်း၌ ကျယ်လောင်စွာ ရယ်၍ သွားလာကြ၊ နေထိုင်ကြကုန်၏။ ကျယ်စွာ ရယ်ခြင်းသည် ယဉ်ကျေးသော လူများ၏ အပြုအမူ မဟုတ်၊ ယဉ်ကျေးသူတို့သည် ရယ်ရွှင်ဘွယ် အာရုံနှင့် ကြုံလာလျှင် သွားမပေါ်ဘဲ ၎င်း၊ သွားဖျား ပေါ်ရုံမျှ ၎င်း ပြုံးကြကုန်၏၊ အသံထွက်လာလျှင်လည်း သာသာညှင်းညှင်း အသံလောက် ထွက်ကြစေကုန်၏၊ အသံ ကျယ်စွာထွက်အောင် ရယ်မောလေ့မရှိကြ။ ထို့ကြောင့် ဆဗ္ဗဂ္ဂီ ရဟန်းတို့၏ ကျယ်လောင်စွာ ရယ်မှုသည် ယဉ်ကျေးသူတို့၏ အပြု အမူ မဟုတ်ရကား လူတို့က ကဲ့ရဲ့ကြသောကြောင့်-

(၁-၂) ကျယ်စွာရယ်၍ မြို့-ရွာအတွင်း၌ မသွားလာအံ့၊ မနေထိုင်အံ့-ဟု ကျင့်မှုကို ပြုရမည်။

ဤသို့ သိက္ခာပုဒ်ကို ဘုရားရှင် ပညတ်တော်မူသည်။

(ဆောင်) ၁။ ကျယ်စွာရယ်ပြေား၊ ရွာတွင်းသွား၊ ရှင်များရှောင် ရမည်။

၂။ ကျယ်စွာရယ်လေ၊ ရွာတွင်းနေ၊ ရှင်တွေ ရှောင် ရမည်။

**အသံကျယ်စွာ စကားပြောခြင်း။** ။ဆဗ္ဗဂီ ရဟန်းတို့သည် မြို့-ရွာအတွင်း၌ အသံကျယ်စွာ စကားပြော၍ သွားလာ နေထိုင်ကြကုန်၏၊အသံကျယ်စွာ စကား ပြောခြင်းလည်း ယဉ်ကျေးပြီးသူတို့၏ အပြုအမူ မဟုတ်၊ ယခု ကာလ၌ပင် တောသူ တောသားနှင့် မြို့သူ-မြို့သား စကားပြောပုံ သည် အသံကျယ်-မကျယ်အားဖြင့် ကွဲပြားလျက် ရှိ၏။ ထို့ကြောင့် ဆဗ္ဗဂီ ရဟန်းတို့၏ အသံကျယ်စွာ စကားပြောမှုကို သာဝတ္ထိ မြို့သူ-မြို့သားတို့က ကဲ့ရဲ့ရှုတ်ချ အောက်တန်းစားတွေ ဟု အသိအမှတ် ပြုကြသောကြောင့်-

(၃-၄) တိုးသော အသံရှိသည် ဖြစ်၍ မြို့-ရွာအတွင်း၌ သွားလာ နေထိုင်ရမည်-ဟု ကျင့်မှုကို ပြုရမည်။

ဤသို့ သိက္ခာပုဒ်ကို ဘုရားရှင် ပညတ် တော်မူသည်။

(ဆောင်) ၃။ တိုးတိုးပြောကာ၊ ရွာတွင်းမှာ၊ ရှင်ဟာ သွားရ မည်။

၄။ တိုးတိုးပြောကာ၊ ရွာတွင်းမှာ၊ ရှင်ဟာ နေရ မည်။

**အတိုး-အကျယ်။** ။တဆယ့်နှစ်တောင် ကျယ်သော အိမ်ဝယ် မြောက်အစွန်း၌ တပါး၊ တောင်အစွန်း၌ တပါး၊ အလယ်အကြားခြောက်တောင်ခန့်၌တပါး ထိုင်နေကြရာ မြောက်ဆုံး ပုဂ္ဂိုလ်က အလယ်ပုဂ္ဂိုလ်အား လှမ်း၍ စကားပြော ရာ၌ အလယ်ပုဂ္ဂိုလ်သာ စကားလုံးကို ကွဲကွဲပြားပြား ကြားရ၍ တောင်ဆုံး ပုဂ္ဂိုလ်က ကွဲကွဲပြားပြား မကြားရလျှင် ထို

အသံကို "တိုးသောအသံ" ဟု ဆိုရ၏၊ တောင်ဆုံး ပုဂ္ဂိုလ်ပါ ကွဲကွဲပြားပြား ကြားရလျှင်ကား "ကျယ်သောအသံ" ဖြစ်၍ အပြစ်ရှိသည်။

မှတ်ချက်။ ။ဤသိက္ခာပုဒ်ကို ရဟန်း—သာမဏေချင်း စကား ပြောရာ၌သာ ပညတ်တော်မူလိုရင်း ဖြစ်ဟန်တူ ပါသည်။ လူများနှင့် စကားပြောရာ၌ကား အထူးသဖြင့် မိန်းမ များနှင့် စကားပြောရာ၌ တိုးတိုးပြောနေလျှင် အပြစ်တင်ဘွယ် ပင် ဖြစ်ရာ၏။

ကိုယ်-လက်ရုံး-ဦးခေါင်းလှုပ်ခြင်း။ ။ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် မြို့-ရွာအတွင်း၌အထက် ပိုင်း ကိုယ်ကိုမတ်မတ်မထားဘဲလှုပ်လှုပ်ရှားရှားဖြစ်စေလျက်အိအိ ၍၍ တွဲရ ရွဲချသလို လုပ်၍ သွားလာကြ နေထိုင်ကြကုန်၏။

လက်ရုံး—လက်မောင်းကိုလည်း တောင့်တောင့် တင်းတင်း မထားဘဲ တွဲရရာ ချသကဲ့သို လှုပ်လှုပ်ယမ်းယမ်း လုပ်၍ သွားလာ နေထိုင်ကြကုန်၏၊ ဦးခေါင်းကိုလည်း ခိုင်ခိုင်မတ်မတ် မထားဘဲ တွဲရရာ ချသကဲ့သို့ ဘေးစောင်း စွေငိုက် ထားကြကုန်၏။

ထို အပြုအမူ မျိုးသည် ပျင်းရိသူ၊ ကလေး ကလား နေတတ်သူတို့၏ အပြုအမူမျိုးသာဖြစ်၍ လူကြီးလူကောင်းများ၊ ယဉ်ကျေးပြီးသူများ၏ အပြုအမူ မဟုတ်ချေ။

မှန်၏-ဘုရားရှင်သည် ဒေသစာရီ ကြွချီသောအခါ ထိုင်တော် မူသောအခါတို့၌ အထက်ပိုင်း ကိုယ်တော်သည် လှေပေါ်မှာ

တင်ထားအပ်သော ဆင်းတုတော်ကဲ့သို့ အလွန် ငြိမ်သက်တော်မူလေသည်။

ထို့ကြောင့်-ယဉ်ကျေးသောသူတို့၏ အထွတ်အထိပ်ဖြစ်တော်မူသော ဘုရားရှင်၏ တပည့်များက ထိုကဲ့သို့ လှုပ်လှုပ်ရှားရှား မငြိမ်မသက် သွားလာ နေထိုင်ကြသည်ကို မကြည်ညိုနိုင်သော သူတို့သည် ကဲ့ရဲ့ရှုတ်ချကြလေကုန်၏၊ ထို့ကြောင့်-

(၅-၁၀) မြို့-ရွာအတွင်း၌ ကိုယ်ကိုလှုပ်စေ၍လှုပ်စေ၍၎င်း
လက်ရုံး လက်မောင်းကို လှုပ်စေ၍-လှုပ်စေ၍၎င်း
ဦးခေါင်းကို လှုပ်စေ၍ လှုပ်စေ၍၎င်း မသွားလာ
မနေထိုင်အံ့-ဟု ကျင့်မှုကိုပြုရမည်။

ဤသို့သိက္ခာပုဒ်ကို ပညတ်တော် မူရလေသည်။

(ဆောင်) ၅။ ကိုယ်ကိုလှုပ်ကာ၊ ရွာသွားတာ၊ ရှင်ဟာရှောင်ရမည်။

၆။ ကိုယ်ကိုလှုပ်ကာ၊ ရွာနေတာ၊ ရှင်ဟာရှောင်ရမည်။

၇။ လက်မောင်းလှုပ်ကာ၊ ရွာသွားတာ၊ ရှင်ဟာရှောင်ရမည်။

၈။ လက်မောင်းလှုပ်ကာ၊ ရွာနေတာ၊ ရှင်ဟာရှောင်ရမည်။

၉။ ဦးခေါင်းလှုပ်ကာ၊ ရွာသွားတာ၊ ရှင်ဟာရှောင်ရမည်။

၁၀။ ဦးခေါင်းလှုပ်ကာ၊ ရွာနေတာ၊ ရှင်ဟာရှောင်ရမည်။

## ၃-ခန္ဓကတဝဂ်

ခါးထောက်ခြင်း။ ။ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် မြို့ရွာအတွင်း၌ ခါးထောက်၍ သွားလာ နေထိုင်ကြကုန်၏၊ ထိုအပြုအမူသည်လည်း ဟန်ကြီးပန်ကြီး လုပ်သူတို့၏ အပြုအမူဖြစ်၍ မြင်သူဘို့ ကျေနပ်ဘွယ်ကောင်းသော အပြုအမူမဟုတ်ရကား ကဲ့ရဲ့ရှုတ်ချကြသောကြောင့်—

(၁-၂)ဝဲဘက်ယာဘက် တဘက်ဘက်မှာဖြစ်စေ၊ နှစ်ဘက်လုံးမှာ ဖြစ်စေ ခါးကိုလက်ဖြင့်ထောက်၍ မသွားလာအံ့-မနေထိုင်အံ့-ဟု ကျင့်မှုကို ပြုရမည်။

ဤသို့သိက္ခာပုဒ်ကို ဘုရားရှင် ပညတ်တော်မူသည်။

(ဆောင်) ၁။ ခါးကိုထောက်ထား၊ ရွာတွင်းသွား၊ ရှင်များရှောင်ရမည်။

၂။ ခါးကိုထောက်လေ၊ ရွာတွင်းနေ၊ ရှင်တွေရှောင်ရမည်။

ဦးခေါင်းပြုံခြင်း။ ။ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် မြို့ရွာ အတွင်း၌ ဦးခေါင်းကိုခြုံ၍ သွားလာနေထိုင်ကြကုန်၏၊ ဦးခေါင်းနှင့်တကွ တကိုယ်လုံးကို ခေါင်းမြီးခြုံ ကုလားမတို့ကဲ့သို့ ခြုံ၍ သွားလာ နေထိုင်ကြခြင်းကား—ရိုးသားသူတို့ အပြုအမူ မဟုတ်သဖြင့် မြင်ရသူတို့က ကဲ့ရဲ့ရှုတ်ချ ကြသောကြောင့်—

(၃—၄)ဦးခေါင်းခြုံလျက် မြို့ရွာအတွင်း၌မသွားလာ မနေထိုင်အံ့—ဟု ကျင့်မှုကို ပြုရမည်။

ဤသို့သိက္ခာပုဒ်ကို ဘုရားရှင် ပညတ်တော်မူရသည်။

(ဆောင်) ၃။ ဦးခေါင်းခြုံထား၊ ရွာတွင်းသွား၊ရှင်များရှောင်ရမည်။
၄။ ဦးခေါင်းခြုံလေ၊ ရွာတွင်းနေ၊ ရှင်တွေရှောင်ရမည်။

**ဖဝါးဆုံ့နင်းခြင်း။** ။ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် မြို့ရွာ အတွင်း၌ ဖဝါးဆုံ့နင်း၍ သွားလာကြကုန်၏၊ ခြေဖျားထောက်၍ ဖနောင့်ကို မြှောက်လျက်ငင်း၊ ဖနောင့်သာ နင်း၍ ခြေဖျားထောက်လျက်ငင်း သွားခြင်းကို ခြေဖဝါးနှာနေသလို ဆုံ့နေသလို ဖြစ်သောကြောင့် "ဖဝါးဆုံ့" နင်းခြင်းဟု ခေါ်၏။

ထိုသို့ ဖဝါးဆုံ့နင်း၍သွားခြင်းကား ကလေးများဆော့ခြင်း၊ ကစားခြင်းနှင့်တူသောကြောင့် အမြင်မတော်ချေ၊ ထို့ကြောင့် ထိုသို့ သွားသော ဆဗ္ဗဂ္ဂီ ရဟန်းများကို လူတို့ ကဲ့ရဲ့ရှုတ်ချကြလေသောကြောင့်–

(၅) ဖဝါးဆုံ့နင်း၍ မြို့ရွာအတွင်း၌ မသွားအံ့ဟု ကျင့်မှုကို ပြုရမည်။

ဤသို့သိက္ခာပုဒ်ကို ဘုရားရှင် ပညတ်တော်မူသည်။

(ဆောင်) ၅။ ဖဝါး ဆုံ့နင်းပြြား၊ ရွာတွင်းသွား၊ ရှင်များရှောင်ရမည်။

**ဒူးကို ပတ်ပွဲခြင်း။** ။ဆဗ္ဗဂ္ဂီရဟန်းတို့သည်မြို့ရွာအတွင်း၌ ဒူးနှစ်ဘက်ကို ထောင်၍ ထိုထောင်ထားသော ဒူးကို လက်နှစ်ဘက်ဖြင့်ပတ်ဖွဲ့၍ ငင်း၊ အဝတ်ကြိုးထုံးဖြင့် ပတ်ဖွဲ့၍

ဂုင်း ထိုင်ကြကုန်၏။ ထိုသို့ ထိုင်ခြင်းကား လူမမာတို့အတွက် သက်သာသော ထိုင်ရခြင်းဖြစ်၍ ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် ထိုသို့ ပတ်ဖွဲ့၍ ထိုင်ကြလေသည်။ ထို ထိုင်ခြင်းမျိုးသည် ဣန္ဒြေသိက္ခာ ရှိသော လူကြီးလူကောင်းတို့၏ အပြုအမူ မဟုတ်သောကြောင့် လူတို့ကဲ့ရဲ့ရကား—

(၆) လက်-အဝတ်တို့ဖြင့် ဒူးကို ပတ်ဖွဲ့လျက် မထိုင်အံ့–ဟု ကျင့်မှုကို ပြုရမည်။

ဤသို့ သိက္ခာပုဒ်ကိုဘုရားရှင် ပညတ်တော်မူသည်၊

(ဆောင်) ၆။ လက်-အဝတ်နှ့် ဒူးကိုဖွဲ့၊ ထိုင်တဲ့မှုကို ရှောင်ရမည်။

**ခြွင်းချက်**။ ။မရှိသေ မလေးစားသော စိတ်ဖြင့် ထိုင်မှသာ အပြစ်ရှိသည်၊ မကျန်းမာသောကြောင့် ထိုကဲ့သို့ ထိုင်ခြင်းကြောင့်ကား အပြစ်မရှိပါ၊ ဤသို့ ဒူးကို လက်-အဝတ်တို့ဖြင့် ပတ်ဖွဲ့၍ ထိုင်ခြင်းကို "လက်အာယောဂပတ်၊ ပုဆိုးအာယောဂပတ်"ဟု ကျမ်းစာတို့၌ ဆိုသည်။

**မလေးမစား ဆွမ်းခံမှု**။ ။ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဆွမ်းကို မလေးမစား ခံယူကြကုန်၏၊ "မလေးမစား" ဟူသည် ဆွမ်းကို မလိုချင်သလို စွန့်ပစ်မှာလိုလို လုပ်သော အမူအရာတည်း၊ ထိုအမူအရာမျိုးကို မြင်ရသောအခါ ဆွမ်းလောင်းသူတို့၏ စိတ်၌ သဒ္ဓါတရား မတိုးတက်သည့်ပြင် ဆွမ်းလောင်းချင်သောစိတ်ပင် ပျက်စီးကြကုန်၏၊ ထို့ကြောင့် ထိုမလေးမစား ခံယူမှုကို လူတို့ကဲ့ရဲ့ရကား—

(၇) ဆွမ်းကို လေးလေးစားစား ခံယူမည်–ဟု ကျင့်မှုကို ပြုရမည်။

ဤသို့ သိက္ခာပုဒ်ကို ဘုရားရှင် ပညတ်တော်မူသည်။
(ဆောင်) ၇။ ဆွမ်းခံသောခါ၊ ရိုသေစွာ၊ ရှင်ဟာခံယူမည်။

**ဟိုဟိုသည်သည်ကြည့်၍ ဆွမ်းခံခြင်း** ။ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဆွမ်းခံသည့်အခါ ဟိုကြည့် သည်ကြည့်နှင့် ခံယူကြကုန်၏၊ သပိတ်၌ စိတ်မစိုက်ဘဲ တောင်ကြည့် မြောက်ကြည့် ကြည့်၍ ဆွမ်းခံရကား ဆွမ်းလောင်းနေသည်ကိုလည်း မသိလိုက်ကြ၊ ဆွမ်းလောင်းပြီးသည် ကိုလည်း မသိလိုက်ကြ၊ ထိုသို့ နမူးနတူး ဖြစ်လောက်အောင် ငေးမေ့၍ ဆွမ်းခံမှုကို လူတို့ မကြည်ညိုသဖြင့် ကဲ့ရဲ့ကြသောကြောင့်–

(၈) သပိတ်၌ အမှတ်သညာ ရှိသည်ဖြစ်၍ ဆွမ်းကို ခံယူမည်-ဟု ကျင့်မှုကို ပြုရမည်။

ဤသို့ သိက္ခာပုဒ်ကို ဘုရားရှင် ပညတ်တော်မူသည်။

(ဆောင်) ၈။ သပိတ်ကိုမှန်း၊ စိတ်ကတန်း၊ ဆွမ်းပန်းခံရမည်။

**ပဲဟင်းကို များစွာခံယူမှု** ။ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် ပဲဟင်းကို များစွာ ခံယူကြကုန်၏၊ ပဲဟင်းဟူသည် မပြစ်လွန်း မကျဲလွန်းသောလက်ဖြင့်ကော်ယူလျှင် ရနိုင်လောက်သော ပဲနောက်ဟင်း၊ ပဲကြီးဟင်းတည်း၊ အခြားပဲဟင်းများလည်း ပါဝင်၏ဟု ဆိုသေး၏၊ ထိုကဲ့သို့ ပဲဟင်းကို များစွာ ခံယူခြင်းကြောင့် လူတို့ကဲ့ရဲ့ရကား–

(၉) "တော်လောက်ရုံသော ပဲဟင်းရှိသည်ဖြစ်၍ ဆွမ်းကို ခံယူအံ့" ဟု ကျင့်မှုကို ပြုရမည်။

ဤသို့ သိက္ခာပုဒ်ကို ဘုရားရှင် ပညတ်တော်မူသည်။

(ဆောင်) ၉။ ဆွမ်းအါလေးဘို့၊ ဟင်းတဘို့၊ ရှင်တို့ခံရမည်၊

**မောက်လျှံနေအောင် ဆွမ်းခံမှု** ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် သပိတ်ပေါ်၌ မောက်လျှံနေအောင် ဆွမ်းခံကြကုန်၏။ ထိုကဲ့သို့ မောက်လျှံအောင် ဆွမ်းခံခြင်းသည် အလွန် လောဘကြီးရာ ရောက်၏။ မိုမောက်နေသည့် အတွက် အမြင်လည်း မတော်ချေ။ ထို့ကြောင့် လူတို့ကဲ့ရဲ့ကုန်ရကား—

(၁၀) "သပိတ်အတွင်း နှုတ်ခမ်းရစ်နှင့် ညီမျှရုံသာ ဆွမ်းကို ခံယူအံ့" ဟု ကျင့်မှုကို ပြုရမည်။

ဤသို့ သိက္ခာပုဒ်ကို ဘုရားရှင် ပညတ်တော်မူသည်။

(ဆောင်) ၁၀။ သပိတ်တွင်းနား၊ ညီရုံထား၊ ဆွမ်းများ ခံရမည်။

**မှတ်ချက်။** ။သပိတ်၌ အတွင်းနှုတ်ခမ်း၊ အပြင်နှုတ်ခမ်းဟု နှစ်မျိုးရှိ၏။ အပြင်နှုတ်ခမ်းသည် အတွင်း နှုတ်ခမ်းထက် မြင့်၏၊ ထို့ကြောင့် အပြင်နှုတ်ခမ်းနှင့် ညီမျှနေလျှင် ဘေး၌ လျှံကျဘွယ်ရှိသောကြောင့် အတွင်းနှုတ်ခမ်းအရစ်နှင့်ညီမျှရုံသာ ဆွမ်းခံရသည်။

သပိတ်ဟူရာ၌ အဓိဋ္ဌာန်တင်လောက်သော သပိတ်အစစ်ကို ဆိုလိုသည်။ ထို့ကြောင့် သပိတ်ပေါ်၌ အခြား ဟင်းခွက်များ

ဖြင့် ထည့်၍ခံလျှင်ငင်း သပိတ်ဖုံးပေါ်တင်၍ခံလျှင်ငင်း အာပတ်မသင့်၊ သပိတ်တလုံးပြည့်၍ အခြားသပိတ်တလုံးဖြင့် လဲလှယ်ခံလျှင်လည်း အာပတ်မသင့်။ ။

## ၄-သက္ကစ္စဝဂ်

**မစားချင်သလို** ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် ဆွမ်းစားသောအခါ **ဆွမ်းစားမှု** မစားချင့်စားချင် အနေမျိုးဖြင့် လေးလေးစားစား မဟုတ်ပဲ ဆွမ်းစားကြကုန်၏။ လူတို့ ထုံးစံမှာ ထမင်းဟင်းများကို အသက်သခင် အနေမျိုးအားဖြင့် အလွန်လေးစားကြကုန်၏။ တချို့လူမျိုးထုံးစံမှာ ထမင်းစားခါနီး လက်အုပ်ချီကြသေး၏။ ထို့ကြောင့် မစားချင့်စားချင်နှင့် ဆွမ်းစားမှုကို လူတို့ ကဲ့ရဲ့ကြသောကြောင့်-

(၁) "လေးလေးစားစား ဆွမ်းကို စားအံ့"ဟု ကျင့်မှုကို ပြုရမည်၊

ဤသို့ သိက္ခာပုဒ်ကို ဘုရားရှင် ပညတ်တော်မူသည်။

(ဆောင်) ၁။ ဆွမ်းစားရာမှာလေးစာ စွာ ရှင်ဟာ စားရမည်။

**မှတ်ချက်။** ။ဆွမ်းစားမကောင်းခြင်း စသည်ဖြင့် မကျန်းမမာ ဖြစ်နေ၍ လေးလေးစားစား မစားနိုင်ရာ၌ကား အာပတ်မသင့်၊ မလေးစား စားမည်ဟု တမင်လာ အရှုံ့တိုက်လိုသော စေတနာ မရှိခြင်း စသည်ကြောင့်လည်း အာပတ်မသင့်။

**ဆွမ်းစားခွက်၌ သတိမထားခြင်း** ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် ဆွမ်းစားသောအခါ ဆွမ်းထည့်စားရာခွက်၌ စိတ်မစိုက်ဘဲ တောင်ကြည့် မြောက်ကြည့် ကြည့်၍ စားကုန်၏၊ ရှေးက ဆွမ်းဟင်းပွဲနှင့် စားကြသည်မဟုတ်၊ စားလိုရာ ဟင်းကို သပိတ်၌သာ ထည့်၍ စားကြကုန်၏။

တောင်ကြည့် မြောက်ကြည့် ကြည့်၍ ငေးချင်ရာငေး တွေးချင်ရာတွေး၍ စားနေကြသောကြောင့် သပိတ်ထဲ၌ ဆွမ်းဟင်းများကို နောက်ထပ်ထည့်သည်ကိုလည်း မသိလိုက်ကြ၊ ထည့်ပြီး၍ လွန်သွားသည်ကိုလည်း မသိလိုက်ကြသဖြင့် လူတို့ ကဲ့ရဲ့ကြသောကြောင့်—

(၂) "သပိတ်၌ အမှတ်သညာထား၍ ဆွမ်းစားမည်" ဟု ကျင့်မှုကို ပြုရမည်။

ဤသို့ သိက္ခာပုဒ်ကို ဘုရားရှင် ပညတ်တော်မူသည်။

(ဆောင်) ၂။ သပိတ်၌သာ၊ မှတ်သညာ၊ ရှင်ဟာထားရမည်။

**မှတ်ချက်။** ဤ၌ သပိတ်ဟု ဆိုသော်လည်း သပိတ်သာမက ဆွမ်းထည့်စားရာ ခွက်အားလုံးကိုပင် ယူရမည်။ ဇလုံပန်းကန်တို့နှင့် ထည့်စားသောအခါတို့၌လည်း ယင်းဇလုံ ပန်းကန်တို့၌ အမှတ်သညာထားရမည်။

**အစဉ်အတိုင်း မစားခြင်း** ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် ဆွမ်းစားသောအခါ အစဉ်အတိုင်း မစားကြဘဲ သပိတ်-စားခွက်တို့ ဝယ် အစမှ စ၍ အစဉ်အတိုင်း စားမသွားဘဲ အစဘက် နှိုက်လိုက် အလယ်လောက် နှိုက်လိုက် ဘေးနား နှိုက်

လိုက်နှင့် စားကြကုန်၏၊ ဤစားနည်းသည် ယဉ်ကျေးသူတို့၏ စားနည်းမဟုတ်။

မဟာဟံသ ဇာတ်တော်၌ အလွန် ယဉ်ကျေးပြီးသော အလောင်းတော် ဟင်္သာမင်းကား မနေ့တုန်းက စားပြီးသော နေရာမှာပင် သက်ဆင်း၍ ထိုစားပြီးနေရာကမှ ဆက်၍စားလေ့ ရှိသတတ်၊ ထို့ကြောင့် ဆဗ္ဗဂ္ဂီ ရဟန်းတို့၏ ဟိုနေရာနှိုက် သည် နေရာနှိုက်နှင့် စားမှုကို လူတို့ကဲ့ရဲ့ရကား—

(၃) "ဟိုနှိုက် သည်နှိုက် မနှိုက်ဘဲ အစဉ်အတိုင်း ဆွမ်းကို စားအံ့" ဟု ကျင့်မှုကို ပြုရမည်။

ဤသို့ သိက္ခာပုဒ်ကို ဘုရားရှင် ပညတ်တော်မူသည်။

(ဆောင်) ၃။ အစဉ်အတိုင်းသာ၊ ဆွမ်းယူကာ၊ ရှင်ဟာစားရမည်။

**ပဲဟင်းကို များစွာစားခြင်း** ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် ဆွမ်းစားသောအခါ ပဲဟင်းကိုချည်း များစွာ စားကြကုန်၏၊ ရှေးခေတ်က ပဲဟင်းသည် မပါလျှင် မပြီးသလောက် အသုံးများ၍ အများကြိုက်ဟင်း ဖြစ်ခဲ့ဟန် တူ၏၊ ထို့ကြောင့် ပဲဟင်းကို အတိုင်းထက် အလွန် စားသော ဆဗ္ဗဂ္ဂီ ရဟန်းများကို လူတို့ ကဲ့ရဲ့ကြသောကြောင့်—

(၄) "ပဲဟင်းကို ဆွမ်း၏ လေးပုံတပုံလောက်သာ စားအံ့" ဟု ကျင့်မှုကို ပြုရမည်။

ဤသို့ သိက္ခာပုဒ်ကို ဘုရားရှင် ပညတ်တော်မူသည်။

(ဆောင်) ၄။ ဆွမ်း၏လေးဘို့၊ ဟင်းတဘို့၊ ရှင်တို့စားရမည်။

**မှတ်ချက်။** ။ဤ၌ သေ့မျိုးဖြစ်သူ နဂိုက ဖိတ်မန် ထားသူတို့၏ ဆွမ်းကို စားရာ၌ရှင်း, မိမိပိုင် သောပဲဟင်းကို စားရာ၌ရှင်း ဆွမ်း၏ လေးပုံတပုံထက် များစွာ စားသော်လည်း ဒုက်မထိုက်၊ အာပတ်မသင့်၊ လူများက ကျွေး သော ဆွမ်းကို စားရာ၌သာ ဆွမ်း၏လေးပုံတပုံထက် ပို၍စား လျှင် အာပတ်သင့်သည်။

**ဆွမ်းဦးကို စားမှု** ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် ဆွမ်းစားသောအခါ အလယ်ဗဟို မို့မောက်နေသော ဆွမ်းဦး ဆွမ်း ထိပ်မှ နှိုက်ယူ၍ စားကြကုန်၏၊ ထိုစားခြင်းမျိုးလည်း ယဉ်ကျေး သူတို့၏ အပြုအမူ မဟုတ်သဖြင့် လူတို့ကဲ့ရဲ့ကြသောကြောင့်-

(၅) "ဆွမ်းဦး ဆွမ်းထိပ်မှ နှိုက်ယူ၍ ဆွမ်းကိုမစားအံ့"ဟု ကျင့်မှုကို ပြုရမည်။

ဤသို့ သိက္ခာပုဒ်ကို ဘုရားရှင် ပညတ်တော်မူသည်။

(ဆောင်) ၅။ ဆွမ်းထိပ်နှိုက်ကာ၊ စားသုံးတာ၊ ရှင်ဟာရှောင် ရမည်။

**မှတ်ချက်၊** ။ဆွမ်းစားပြီးခါနီး၌ သပိတ်,စားခွက်ထဲဝယ် အနည်းငယ် ကျန်နေသည်ကို သိမ်းကျုံး စုဆောင်းလိုက်သောအခါ အစုအပုံ မို့မို့မောက်မောက် ဖြစ်နေ တတ်သေး၏၊ ထိုသို့ သိမ်းကျုံးထားသော အစုအပုံကလေးကို နှိုက်ယူ၍စားရာ၌ကား ဒုက်မထိုက်,အာပတ်မသင့်ပေ။

**ဟင်းကိုဆွမ်းဖြင့် ဖုံးမှု** ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် ဆွမ်းခံသောအခါ ဤသို့ ဖုံးထားလျှင် မရသေးဘူးထင်၍ နောက်ထပ် လောင်းကြလိမ့်မည်ဟု မရိုးသားသော စိတ်ကူးဖြင့် များများအလိုရှိ၍ ဟင်းလျာ ပဲဟင်းတို့ကို ဆွမ်းဖြင့်ဖုံးထားကြကုန်၏။ ဤသို့ ပြုလုပ်မှုကား သက်သက် အောက်တန်းစားတို့၏ အပြုအမူသာ ဖြစ်၏၊ ထို့ကြောင့် ထိုအပြုအမူကို သိရှိသော လူတို့က ကဲ့ရဲ့ကြသဖြင့်-

(၆) "ပဲဟင်းကိုရင်း၊ ပဲဟင်းမှတပါး အခြားဟင်းလျာကိုရင်း အများကို အလိုရှိသည် ဖြစ်၍ ဆွမ်းဖြင့်မဖုံးအံ့" ဟု ကျင့်မှုကိုပြုရမည်။

ဤသို့ သိက္ခာပုဒ်ကို ဘုရားရှင် ပညတ်တော်မူသည်၊

(ဆောင်) ၆။ ဟင်းကိုဆွမ်းမှာ၊ ဖုံးဝှက်ကာ၊ စားတာရှောင်ရမည်။

**မှတ်ချက်။** ။အများကို အလိုရှိ၍ မဟုတ်ဘဲ အခြားအကြောင်းကြောင့် ဖုံးရာ၌ရင်း၊ လူတို့ကိုယ်တိုင်က နွားသားဟင်း စသည်ကို သူသိမှာ စိုး၍ ဆွမ်းဖြင့်ဖုံးပြီး လှူလိုက်ရာ၌ရင်း ဒဏ်မထိုက်၊ အာပတ်မသင့်ပေ။

**ဆွမ်း-ဟင်းတို့ကို တောင်းမှု** ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် ဟင်းကိုရင်း၊ ဆွမ်းကိုရင်း၊ မိမိစားဘို့ လူတို့ထံတောင်း၍ စားကြကုန်၏။ လူတို့သည် "ကောင်းတာကို ဘယ်သူ မကြိုက်ဘဲ ရှိမှာလဲ" ဟု ကဲ့ရဲ့ကြကုန်၏။

ထို့ကြောင့်"မိမိအတွက် ဟင်း-ဆွမ်းကို တောင်း၍မစားရ" ဟု ပထမ ပညတ်တော်မူပြီးလျှင် ထိုပညတ်တော်ကြောင့် မကျန်းမမာသော ရဟန်းတို့လည်း တောင်း၍ မစားရသဖြင့် ရောဂါမသက်သာကြောင်းကို ကြားတော်မူ၍ "နာဖျားသော ရဟန်းသည် ဟင်းကိုဖြစ်စေ၊ ဆွမ်းကိုဖြစ်စေ၊ မိမိအတွက် တောင်း၍ စားနိုင်သည်" ဟု ခွင့်ပြုတော်မူကာ—

(၇) "ဟင်းကိုဖြစ်စေ၊ ဆွမ်းကိုဖြစ်စေ ဖျားနာသူမဟုတ်လျှင် မိမိအတွက် တောင်း၍မစားအံ့" ဟု ကျင့်မှုကို ပြုရမည်။

ဤသို့ သိက္ခာပုဒ်ကို ဘုရားရှင် ပညတ်တော်မူသည်၊

(ဆောင်) ၇။ ကျန်းမာလေငြား၊ ဆွမ်းဟင်းများ၊ တောင်းစား ရှောင်ရမည်။

ခြွင်းချက်။ ။"မတောင်းကောင်း" ဆိုသော်လည်း ဆွေမျိုးတော်သူ "အလိုရှိရာ တောင်းပါ" ဟု ဖိတ်မန္တကထားသူတို့ကိုသာ မတောင်းကောင်း၊ ဆွေမျိုးတော်လျှင်ဖြစ်စေ၊ ဖိတ်မန်ထားသူလျှင်ဖြစ်စေ တောင်းကောင်းပါ၏။

မှတ်ချက်။ ။"မိမိအတွက် မတောင်းကောင်း" ဟု ဆိုသောကြောင့် "သူများအတွက်ကား တောင်းကောင်းပါ၏" ဟု ဆိုရာရောက်နေ၏။ သို့သော် အခြားရဟန်းများ အတွက် မိမိ၏ ဆွေမျိုး, ဖိတ်မန်ထားသူထံ တောင်းပေးခြင်း၊ အခြားရဟန်း၏ဆွေမျိုးဖိတ်မန်ထားသူအထံ ထိုရဟန်းမသွားနိုင်သဖြင့် မိမိသွား၍ ထိုရဟန်းအတွက် တောင်းပေးခြင်းကြောင့်

အာပတ်မသင့်။ ဆွေမျိုး၊ ဖိတ်မန္တာသူ မဟုတ်သူထံ အခြား ရဟန်း အတွက် တောင်းပေးခြင်းကို သတိချပ်သင့်၏။

ဆွေမျိုး၊ ဖိတ်မန္တာသူ မဟုတ်သော လူတို့အထံ၌ နာပျား သူ မဟုတ်လျှင် အယုတ်သဖြင့် ရေကိုမျှ မတောင်းအပ်၊ ဆွမ်းဖိတ် ပေးခြင်း၊ ပစ္စည်းလေးပါးအဖိတ်ခိုင်းခြင်း၊ ရဟန်းဒကာ-ရှင့်ဒကာ အလုပ်ခိုင်းခြင်းများလည်း မအပ်၊ ခိုင်းသူလည်း အပြစ်မလွတ်။ ထိုသို့ခိုင်း၍ တောင်းရှိရသော ပစ္စည်းလည်း အဘက်ဘက် မအပ် ဟူ၏။

**ကဲ့ရဲ့လို၍။** ။သဗ္ဗဂ္ဂီ ရဟန်းတို့သည် ကဲ့ရဲ့လို၍ ဆွမ်း-ဟင်း သူ့သပိတ်ကြည့်မှု အချုန်ည်းလျှင် ပြောင်လို ပြောင်လို နှိမ်လို၍ အရများလျှင် "ရမှာပေါ့၊ ဒကာ-ဒကာမနဲ့ ပေါင်းဘတ်တာကိုး" စသည်ဖြင့် အပြစ်ပြောလို၍ သူများ သပိတ် ကို ကြည့်ကြကုန်၏။ ထိုသို့ အကြည့်ခံရသော ရဟန်းတို့မှ ၀၍ အခြားရဟန်းတို့က ကဲ့ရဲ့ကြသောကြောင့်-

(၇) "ကဲ့ရဲ့ခြင်း၌ သညာရှိသည် ဖြစ်၍ သူတပါးတို့၏ သပိတ်ကို မကြည့်အံ့" ဟု ကျင့်မှုကို ပြုရမည်။

ဤသို့ သိက္ခာပုဒ်ကို ဘုရားရှင် ပညတ်တော်မူ၏။

(ဆောင်) ၇။ ကဲ့ရဲ့လိုရိပ်၊ သူ့သပိတ်၊ ကြည့်စိတ်ရှောင်ရမည်။

**မှတ်ချက်။** ။ကဲ့ရဲ့လိုသော စိတ်မရှိဘဲ "သူ့မှာ ဆွမ်းဟင်းနည်း နေလျှင် ပေးမည်၊ များနေလျှင်လည်း တောင်း မည်" ဟူသော စိတ်ဖြင့်ကား ကြည့်ကောင်းပါ၏။

**ဆွမ်းလုတ်ကြီးမှု။** ။ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် ဆွမ်းလုတ်ကို အလွန် ကြီးစွာ လုပ်၍ စားကြကုန်၏။ ထိုသို့ ဆွမ်း

လုတ်ကြီးကြီးလုတ်၍ စားခြင်းကား ပါးစပ်ထဲ၌ မို့မောက် ဖောင်း ပွနေသောကြောင့် အမြင်မှဲ့တော်လှ၊ လောဘကြီးသကဲ့သို့လည်း ထင်ရ၏။ သို့ဖြစ်၍ လူတို့ကဲ့ရဲ့သောကြောင့်-

(၉) "ဒေါင်းဥအလား အလွန်ကြီးမားသော ဆွမ်းလုတ်ကို မပြုအံ့" ဟု ကျင့်မှုကို ပြုရမည်။

ဤသို့ သိက္ခာပုဒ်ကို ဘုရားရှင် ပညတ်တော်မူသည်။

(ဆောင်) ၉။ အလွန်ကြီးမား၊ ဆွမ်းလုတ်များ၊ ရှင်စားရှောင် ရမည်။

မှတ်ချက်။ ။ဒေါင်းဥသည် ကြီး၏၊ ကြက်ဥသည် ငယ်၏၊ ထို့ကြောင့်ဒေါင်းဥနှင့်ကြက်ဥနှစ်မျိုး၏ အလယ် လောက်ရှိသော ဆွမ်းလုတ်ကို ပြုရမည်ဟု ဆိုလိုသည်။ ကြီးခြင်း ကိုသာ တားမြစ်လိုသောကြောင့် ကြက်ဥလောက် ငယ်သည့် အတွက်ကား ဒုက်မထိုက်, အာပတ်မသင့်ပါ၊ ဆွမ်းလုတ်မဟုတ် သော သစ်သီး, မုန့်-လက်သုပ် စသည်ကား ကြီးသော်လည်း ဒုက်မထိုက်, အာပတ်မသင့်ပါ။

ရှည်လျားသော ဆွမ်းလုတ်ပြုမှု။ ။ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် ရှည်လျားသော ဆွမ်းလုတ်ကို ပြုကြကုန်၏၊ ထိုအပြုအမူကို လည်း လူတို့က ကဲ့ရဲ့ကြသောကြောင့်-

(၁၀) "ထက်ဝန်းကျင် ဝန်းဝိုင်းသော ဆွမ်းလုတ်ကိုပြုအံ့" ဟု ကျင့်မှုကို ပြုရမည်။

ဤသို့ သိက္ခာပုဒ်ကို ဘုရားရှင် ပညတ်တော်မူသည်။

(ဆောင်) ၁၀။ ဆွမ်းလုတ်ကိုချီ၊ ဝန်းဝိုင်းညီ၊ ရှင်သည်ပြုရမည်။

**မှတ်ချက်။** ။ဝန်းဝိုင်းဆိုသော်လည်း အလွန် တိကျအောင် ဝန်းဝိုင်းရမည်ဟု မဆိုလိုပါ၊ အကြောင်းရင်း ဝတ္ထုမှာ ရှည်လျားနေသည်ကို ကဲ့ရဲ့ခံရသောကြောင့် "ရှည်လျား မနေစေဘဲ ဖြစ်နိုင်သမျှ ဝန်းဝိုင်းအောင် ကြိုးစားရမည်" ဟု ဆိုလို သည်။

အချို့ပုဂ္ဂိုလ်များကား ပဲဟင်းစသည်ဖြင့် ရောနယ်ထားသော ဆွမ်းကို အလွန်ဝိုင်းစက်လှပအောင် ဆွမ်းလုတ် ပြုနိုင်ကြပေ သည်။ဤ၌လည်းသစ်သီး,မုန့်,လက်သုပ် စသည်တို့မှာ ဝိုင်းဝိုင်းဖြစ် အောင် မလုပ်သော်လည်း ဒုက္ကဋ်မထိုက်၊ အာပတ်မသင့်ပေ။

သက္ကစ္စဝဂ်ပြီး၏၊

## ၅-ကဗဠဝဂ်

**ခံတွင်းအဝကိုဖွင့်မှု။** ။ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် ဆွမ်းစားသော အခါ ခံတွင်းအဝ အနီးသို့ ဆွမ်းလုတ် မရောက်မီ ခံတွင်းဝကို ဟ၍ ထားနှင့်ကြကုန်၏၊ ထိုအပြုအမူသည် ယဉ်ကျေးသူတို့၏အပြုအမူ မဟုတ်ရကား လူအများ ကဲ့ရဲ့ကြသော ကြောင့်—

(၁) "ခံတွင်းပေါက်သို့ ဆွမ်းလုတ် မရောက်သေးမီ ခံတွင်း ပေါက်ကို ဖွင့်၍ မထားအံ့" ဟု ကျင့်မှုကို ပြုရမည်။

ဤသို့ သိက္ခာပုဒ်ကို ဘုရားရှင် ပညတ်တော်မူသည်။

(ဆောင်) ၁။ ဆွမ်းလုတ်မရောက်လျှင်း၊ ကိုယ့်ခံတွင်း၊ ဖွင့်ခြင်း ရှောင်ရမည်။

**လက်ချောင်းကို။** ။သဗ္ဗဂ္ဂီ ရဟန်းတို့သည် ဆွမ်းစားကြစဉ် ပါးစပ်တွင်းသွင်းမှု လက်ချောင်းအားလုံးကိုပါးစပ်တွင်းသွင်းကြကုန်၏။ ဆွမ်းလုတ်သွင်းသောအခါ လက်ချောင်းတွေပါ ခံတွင်းထဲသို့ ပါသွားအောင်သွင်းကြသည်၊ ထိုအပြုအမူလည်း အလွန်မယဉ်ကျေးသော အပြုအမူ ဖြစ်ရကား လူအများ ကဲ့ရဲ့ကြသောကြောင့် -

(၂) "ဆွမ်းစားစဉ်အလုံးစုံသောလက်ချောင်းကိုခံတွင်းထဲသို့ မသွင်းအံ့" ဟု ကျင့်မှုကို ပြုရမည်။

ဤသို့ သိက္ခာပုဒ်ကို ဘုရားရှင် ပညတ်တော်မူသည်။

(ဆောင်) ၂။ ဆွမ်းစားစဉ်ကား၊ လက်ချောင်းများ၊ ထည့်စားရှောင်ရမည်။

**မှတ်ချက်။** ။ဟတ္ထသဒ္ဒါသည်လက်တခုလုံးကိုဟောသော်လည်း ဤသိက္ခာပုဒ်၌ လက်ချောင်းတို့ကိုသာ ယူရသည်၊ "အလုံးစုံသော လက်ချောင်းကို မသွင်းကောင်း"ဟု ဆိုသဖြင့် လက်ချောင်း တချောင်းကိုမျှ မသွင်းရဟုမှတ်။

**ဆွမ်းလုတ်ရှိတုန်း။** ။သဗ္ဗဂ္ဂီ ရဟန်းတို့သည် ခံတွင်းထဲ၌ ဆွမ်းစကားပြောမှု လုတ်ရှိနေစဉ် စကား ပြောကြကုန်၏၊ ထိုအခါ ကြည့်ရှုမကောင်းသည့်ပြင် စကားလုံးလည်း မပီမသ ဖြစ်နေ၏၊ ထို့ကြောင့် လူတို့ ကဲ့ရဲ့ကြရကား—

(၃) ဆွမ်းလုတ်နှင့်တကွသော ခံတွင်းဖြင့် စကားမပြောအံ့ဟု ကျင့်မှုကို ပြုရမည်။

ဤသို့ သိက္ခာပုဒ်ကို ဘုရားရှင် ပညတ်တော်မူသည်၊

(ဆောင်) ၃။ ဆွမ်းလုတ်ချိုးခြင်း၊ဆိုစကား၊ရှင်များရှောင်ရမည်။

**မှတ်ချက်။** ။တရားဟောသောအခါ ရှစ်ရှားသီးပိုင်း နွယ်ချိုးတုံးကလေးကို ပါးစပ်ထဲထည့်၍ဟောလျှင် စကားလုံးမပီမသ မဖြစ်သောကြောင့် ဟောကောင်းသကဲ့သို့ ထို့အတူ ပါးစပ်ထဲ၌ ဆွမ်းလုတ်ရှိသော်လည်း ဆွမ်းလုတ်က အနည်းအပါးသာ ဖြစ်၍ စကားလုံး ပီသအောင် ပြောနိုင်လျှင် ဒုက္ကဋ်မထိုက်၊ အာပတ်မသင့်ပေ။

**ဆွမ်းလုပ်ကို။** ။ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် ဆွမ်းစားသောအခါ **မြှောက်၍စားခြင်း** ဆွမ်းလုတ်ကို ပါးစပ်နားကပ်၍ မသွင်းဘဲ မြှောက်၍ ပစ်၍ ပါးစပ်ထဲသို့ သွင်းကြကုန်၏။ ထိုအပြုအမူကား အလွန်ရိုင်းစိုင်းသော အပြုအမူတည်း။ ထို့ကြောင့် လူတို့ ကဲ့ရဲ့ကြရကား–

(၄) "ဆွမ်းလုတ်ကို မြှောက်၍ မစားအံ့"ဟု ကျင့်မှုကို ပြုရမည်။

ဤသို့ သိက္ခာပုဒ်ကို ဘုရားရှင် ပညတ်တော်မူသည်။

(ဆောင်) ၄။ ဆွမ်းလုတ် မြှောက်၍၊ စားသည့်လေ့၊ မမေ့ ရှောင်ရမည်။

**မှတ်ချက်။** ။"ထမင်းခဲကို မြှောက်၍"ဟု သဒ္ဒါနက် ထွက်သောကြောင့် ဆွမ်းလုတ် တခုလုံးသာ မက ဆွမ်းခဲတခဲကိုမျှလည်း မြှောက်၍, ပစ်၍ ပါးစပ်ထဲ မသွင်းရ။ ပါးစပ်အနား ကပ်၍ တေ့၍သွင်းရသည်။ သို့သော် မုန့်စသော ခဲဘွယ်နှင့်သစ်သီးကြီးငယ်ကိုကားပါးစပ်နားမတေ့မိခင် မြှောက်

၍သွင်းသော်လည်း ဒုက္ကဋ်မထိုက်၊ အာပတ်မသင့်ဟု ခွင့်ပြုတော်မူသည်။

**ဆွမ်းလုတ်ကို ကိုက်ဖြတ်စားမှု**။ ။ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် ဆွမ်းလုတ်ကို အဆုပ်ဖြစ်အောင်လုပ်ပြီးနောက် ကိုက်ဖြတ်၍ စားကြကုန်၏။ ယခုအခါစေးကပ်သောထမင်း၊ကောက်ညှင်းများကို ဆုပ်ပြီးမှ ကိုက်ဖြတ်၍ စားသကဲ့သို့တည်း၊ ထိုအပြုအမူ ကိုလည်း လူတို့ကဲ့ရဲ့ကြသောကြောင့်-

(၅) "ဆွမ်းလုတ်ကို ကိုက်ဖြတ်၍ မစားအံ့"ဟု ကျင့်မှုကို ပြုရမည်။

ဤသို့ သိက္ခာပုဒ်ကို ဘုရားရှင် ပညတ်တော်မူသည်။

(ဆောင်) ၅။ ဆွမ်းလုတ် ကိုက်ဖြတ်၊ စားသည့်တတ်၊ ရှင်မြတ်ရှောင်ရမည်။

**ခြွင်းချက်**။ ။ "ခဲဘွယ် မုန့်, သရည်စာ, သစ်သီးကြီးငယ် လက်သုပ်"ဟု ခြွင်းချက် ရှိသော ကြောင့် ပြောင်းဖူး၊ငှက်ပျောသီး စသည်ကို ကိုက်ဖြတ်၍ စားသော်လည်း အာပတ်မသင့်၊ထိုခြွင်းချက်တွင်မပါဝင်သောသားငါးတို့ကိုကား သွားဖြင့် ကိုက်ဖြတ်၍မစားအပ်ဟု မှတ်သင့်၏။ လက် စသည်နှင့် ဖြတ်ခြင်းကား ဤသိက္ခာပုဒ်နှင့် မဆိုင်ပေ။

**ပါးစောင်၌ထား၍ စားခြင်း**။ ။ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် ဆွမ်းလုတ်ကို ပါးစောင်၌ထား၍ ပါးတဘက် မို့မောက်နေအောင် စားကြကုန်၏။ ထိုသို့စားခြင်းသည် မျောက်သတ္တဝါတို့ စားပုံနှင့် တူရကား အမြင်မကောင်းလှသဖြင့် လူတို့ကဲ့ရဲ့ကြသောကြောင့်–

(၆) "ပါးစောင်ကိုအမြင် မကောင်းအောင် မို မော့က်စေ၍မစားအံ့"ဟု ကျင့်မှုကိုပြုရမည်။

ဤသို့ သိက္ခာပုဒ်ကိုဘုရားရှင် ပညတ်တော်မူသည်။

(ဆောင်) ၆။ ပါးစောင်မောက်ကား၊ ဆွမ်းလုတ်သား၊ ရှင်စားရှောင်ရမည်။

**မှတ်ချက်။** ။ဆွမ်းသာမက ခဲဘွယ်ဟု ခေါ်သော မုန့်များကိုသည်း ထိုကဲ့သို့ မစားအပ်၊ သစ်သီးကြီးငယ်ကိုကား မိုမောက်အောင်စားသော်လည်း အပြစ်မရှိ။

**လက်ကိုခါ၍။** ။ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် လက်၌ ပေနေ
**စားခြင်း** သော ဆွမ်းဟင်းများကို ကွာကျသွားအောင် လက်ကို ခါ၍ ခါ၍ စားကြကုန်၏။ ထိုလက်ခါမှုလည်း အမြင်မတော်သဖြင့် လူတို့ကဲ့ရဲ့ကြသောကြောင့်-

(၇) "လက်ကို ခါ၍ခါ၍ ဆွမ်းမစားအံ့"ဟု ကျင့်မှုကိုပြုရမည်။

ဤသို့ သိက္ခာပုဒ်ကို ဘုရားရှင် ပညတ်တော်မူသည်။

(ဆောင်) ၇။ လက်ကိုခါ၍၊ ဆွမ်းစားလေ့၊ မမေ့ရှောင်ရမည်။

**ခြွင်းချက်။** လက်၌ ဆွမ်း-ဟင်း ကပ်နေလျှင် လက်ချောင်းဖြင့်သာ ခြစ်၍ ဖယ်၍ ချရမည်၊ ဆွမ်း၌ အမှိုက် အရိုးကျောက်ခဲ စသည် ပါနေ၍ ပစ်ချာ၌ကား လက်ကို ခါချရောက်သော်လည်း အာပတ်မသင့်။

တူတယ်၊ ချမ်းလွန်းလို့ ရှူးရှူးလုပ်နေဟန် တူတယ်" ဟု ပြက်ရယ်ပြုလေသည်။

ထိုအခါ အလှောင်ခံရသော ရဟန်းများက "လှောင်ရပြောင်ရ ကောင်းလား" ဟု ကဲ့ရဲ့ကြပြီးလျှင် ဘုရားရှင်အား လျှောက်ကြလေရာ "ဘုရား တရား သံဃာနှင့် စပ်၍ ပြက်ရယ်မပြုရ၊ ပြုလျှင် ဒုက္ကဋ်အာပတ်" ဟု သိက္ခာပုဒ် ပညတ်တော်မူရလေသည်။ ဤကား သေခိယ မဟုတ်သေး။ ကြားသိက္ခာပုဒ်တော် တမျိုးသာ ဖြစ်သည်။

ထို့နောက် "ရှူးရှူး" ဟု အသံမြည်အောင် နွားနို့ သောက်မှုလည်း လူကြီးသူမတို့ အပြုအမူ မဟုတ်ရကား-

(၁) "ရှူးရှူး" ဟု အသံပြု၍ မစားမသောက်အံ့" ဟု ကျင့်မှုကို ပြုရမည်။

ဤသို့ သိက္ခာပုဒ်ကို ဘုရားရှင် ပညတ်တော်မူသည်။

(ဆောင်) ၁။ ရှူးရှူးမြည်၍၊ စားသောက်လေ့၊ မမေ့ရှောင်ရမည်။

**အမှာ။** ။ဤသိက္ခာပုဒ်တော်အရ ဆွမ်းစားယင်း ငရုတ်သီးစပ်သလို "ရှူးရှူး" ဟု အသံမမြည်စေရ၊ ဟင်းရည် နွားနို့ စသောသောက်ဘွယ်ကို သောက်သောအခါလည်း "ရှူးရှူး" ဟု အသံမမြည်စေရ။ ဇွန်း-သောက်ခွက်တို့ကို နှုတ်ခမ်းနား၌ တေ့ပြီးမှ အနည်းငယ် မျှော်၍ ကော်၍ သောက်ရသည်။

**လက်ကိုလျက်ခြင်း။** ။ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် ဘုဉ်းစားသော အခါ လက်ကို လျှာဖြင့် လျက်၍ လျက်၍ စားကြကုန်၏။ သပိတ်ကိုလည်း လက်ဖြင့် ခြစ်၍ ခြစ်၍ စားကြကုန်၏။ နှုတ်ခမ်းကိုလည်း လျှာဖြင့် လျက်၍ လျက်၍ စားကြကုန်၏။ ထိုအပြုအမူ အားလုံးကိုပင် လူကြီးသူမတို့၏ အပြုအမူ မဟုတ် ရကား လူတို့ ကဲ့ရဲ့ကြသောကြောင့်–

(၂-၄) "လက်ကို လျက်၍ သပိတ်ကို ခြစ်၍ နှုတ်ခမ်းကို လျက်၍ မစားအံ့" ဟု ကျင့်မှုကို ပြုရမည်။

ဤသို့ သိက္ခာပုဒ်ကို ဘုရားရှင် ပညတ်တော်မူသည်။

(ဆောင်) ၂။ လက်ကိုလျက်၍၊ စားသောက်လေ့၊ မမေ့ရှောင်ရမည်။

၃။ သပိတ်ခြစ်၍၊ စားသောက်လေ့၊ မမေ့ရှောင်ရမည်။

၄။ နှုတ်ခမ်းလျက်၍၊ စားသောက်လေ့၊ မမေ့ရှောင်ရမည်။

**ခြွင်းချက်။** ။ဤသိက္ခာပုဒ်များအရ ကပ်နေသော ဆွမ်းစဟင်းစကို နှမြောသော အနေဖြင့် လက်ဝါးကိုဖြစ်စေ, လက်ချောင်းကို ဖြစ်စေ, လျှာဖြင့် မလျက်ရ။ သို့သော် လက်ချောင်းတို့ဖြင့် ကော်၍ စားရသော နို့ဃနာ သကာရည် စသည်ကို စားရာ၌ကား လက်ကိုလျက်သော်လည်း ဒုက္ကဋ်မထိုက်၊ အာပတ်မသင့်ဟု အဋ္ဌကထာ ဆို၏။

ထိုသို့ ကော်ယူ၍ စားရာ၌ လက်ချောင်းသည် ခံတွင်းထဲသို့ ရောက်သွား၏။ ယင်းသို့ ရောက်သွားသော်လည်း ဒုက္ကဋ်မထိုက်၊ အာပတ်မသင့်ဟု ဝိမတိဒိုကာ ဆိုသည်။

**ပေသောလက်ဖြင့်။ သောက်ရေခွက်ကို ကိုင်မှု** ။ဗုဒ္ဓမြတ်စွာသည် ဘဂ္ဂတိုင်း သုံသုမာရဂိရိ မြို့၌ သီတင်းသုံးတော်မူစဉ် ရဟန်းတို့သည် ကောကနဒပြာသာဒ်ဝယ် ဆွမ်းဘုဉ်းပေးကြပြီးနောက် ဆွမ်း စသည် ပေနေသော လက်ဖြင့် ရေသောက်ခွက်ကို ကိုင်ကြကုန်၏။ ထိုသို့ ကိုင်ခြင်းကြောင့် နောက်ပုဂ္ဂိုလ်များ ထိုခွက်ဖြင့် ရေမသောက်ချင်စရာ ဖြစ်သွား၏၊ ထို့ကြောင့် လူတို့ ကဲ့ရဲ့ကြရကား–

(၅) "ဆွမ်းဟင်း စသော အာမိသ ပေနေသော လက်ဖြင့် သောက်ရေခွက်ကို မကိုင်အံ့" ဟု ကျင့်မှုကို ပြုရမည်။

ဤသို့ သိက္ခာပုဒ်ကို ဘုရားရှင် ပညတ်တော်မူသည်။

(ဆောင်) ၅။ ဆွမ်းဟင်းပေလျက်၊ သောက်ရေခွက်၊ ကိုင်ချက်ရှောင်ရမည်။

**ခြွင်းချက်။** ။ဤသိက္ခာပုဒ်တော်အရ ဆွမ်းစားပြီးလျှင် မပေသော ဘယ်လက်ဖြင့် သောက်ရေခွက်ကို ကိုင်လေ့ပြုကြသည်။ "သောက်ရေခွက်ကိုသာ မကိုင်ရ" ဟု ပညတ်သောကြောင့် ဆေးရေခွက်ကိုကား ကိုင်ကောင်း၏ဟုမှတ်။ သောက်ရေခွက်ကိုလည်း "ကိုင်ပြီးနောက် ဆေးမည်၊ သို့မဟုတ် အဆေးခိုင်းမည်" ဟု ရည်ရွယ်၍ ကိုင်လျှင် အာပတ်မသင့်။

**ဆေးရေသွန်မှု။** ။ရဟန်းတို့သည်ထိုကောကနဒပြာသာဒ်၌ပင် ဆွမ်းစားပြီးနောက် ဆွမ်းလုံးနှင့်တကွသော သပိတ်ဆေးရေကို မြို့ရွာတွင်း၌ သွန်ပစ်ကြကုန်၏။ ထိုသို့ သွန်ပစ်ခြင်းကြောင့် သွန်ရာဌာနသည် စက်ဆုပ်စရာ ဖြစ်နေ၏။ တနည်းအားဖြင့် လူတို့သည် အသက်သခင် ဖြစ်သော ဆွမ်းလုံးကို မနှင်းလိုကြ။ ထို့ကြောင့် လူတို့ ကဲ့ရဲ့ရကား–

(ဒ) "ဆွမ်းလုံးနှင့် တကွဖြစ်သော သပိတ်ဆေးရေကို မြို့ရွာအတွင်း၌ မသွန်အံ့" ဟု ကျင့်မှုကို ပြုရမည်။

ဤသို့ သိက္ခာပုဒ်ကို ဘုရားရှင် ပညတ်တော်မူသည်။

(ဆောင်) ၆။ ဆွမ်းလုံးပေကျံ၊ ဆေးရေကျန်၊ ရွာသွန်ရှောင်ရမည်။

**ခြင်းချက်။** ။ဆွမ်းလုံးတို့ကို သီးခြား ဆယ်ဆုတ်ပြီးမှ ရေခဲ့ည်း သွန်လျှင်ရင်း, ဆွမ်းလုံးများကို အလုံးပျက်အောင် ချေပြီးမှ သွန်လျှင်ရင်း, ရွာတွင်းဖြစ်စေကာမူ လက်ဆေးခံစသည်၌ ဆွမ်းလုံးပါသော ရေကို သွန်လျှင်ရင်း ဒုက္ကဋ်မထိုက်၊ အာပတ်မသင့်ပေ။ မြို့ရွာပြင်ဘက်သို့ ယူခဲ့ပြီးမှ သွန်ရာ၌လည်း ဒုက္ကဋ်မထိုက်၊ အာပတ်မသင့်ပေ။

**လက်၌ထီးရှိသူအား တရားဟောမှု။** ။ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် လက်၌ထီးရှိသူ, ထီးကိုင်ထားသူ, ထီးဆောင်းနေသူအား တရားဟောကြကုန်၏။ တရားဟောမှုသည် မြင့်မြတ်သောအလုပ်ဖြစ်ရကား ဟောသူက အထက်

တန်း ကျမှသာ သင့်လျော်မည်။ယခုသော် ထီးဆောင်း၍ ဟန်ကြီးပန်ကြီး လုပ်သူအား ဟောသဖြင့် ဟောသူက အောက်ကျသကဲ့သို့ ဖြစ်၏။

ထို့ကြောင့် ရဟန်းတော်များ ကိုယ်တိုင်ကပင် ထို ဆဗ္ဗဂ္ဂီ ရဟန်းတို့ကို ကဲ့ရဲ့၍ ဘုရားရှင်အား လျှောက်ထားကြသောကြောင့် "ထီးလက်စွဲသူအား တရားမဟောရ" ဟု ပဌမ ပညတ်တော်မူပြီးလျှင် မကျန်းမာသူ ဂိလာနတို့အားလည်း ထီးကိုင်ထားလျှင် တရားမဟောဘဲ နေကြသောကြောင့် လူတို့ ကဲ့ရဲ့ရကား—

(၇) "ဂိလာနမဟုတ်သော ကျန်းကျန်းမာမာ ရှိသော ပုဂ္ဂိုလ်အား လက်၌ ထီးကိုင်ထားလျှင် တရား မဟောအံ့" ဟု ကျင့်မှုကို ပြုရမည်။

ဤသို့ သိက္ခာပုဒ်ကို ဘုရားရှင် ပညတ်တော်မူသည်။

(ဆောင်) ၇။ ထီးကိုင်၍ထား၊ မာသူအား၊ ဟော ကြဉ်ရှောင်ရမည်။

**တုတ်-လက်နက်။** ။လေးတောင်ရှိသော တုတ်ကိုသာ ဒဏ္ဍ လေး ဟုခေါ်၏။ ဓား - သန်လျက် စသော လက်နက်ကို **သတ္ထ** ဟုခေါ်၏။ လေးမြားကို **အာဝုဓ** ဟုခေါ်၏။ ဆဗ္ဗဂ္ဂီရဟန်းတို့သည် လက်၌ တုတ်စသည် ရှိသူတို့အား တရား ဟောကြသောကြောင့် ရဟန်းတို့က ကဲ့ရဲ့ကြသဖြင့် "တရား မဟောရ" ဟု တားမြစ်တော်မူပြီးလျှင် ဂိလာနဖြစ်သူတို့အား မဟောကြသောအခါ လူတို့က ကဲ့ရဲ့ကြပြန်သောကြောင့်—

(၈-၁၀) "ဂိလာန မဟုတ်ဘဲ လက်၌ တုတ်-တောင်ဝှေး ကိုင်ထားသူ၊ ဓားစသော လက်နက်တစုံတရာ ကိုင်ထားသူ၊ လေးမြားကိုင်ထားသူအား တရား မဟောအပ်" ဟု ကျင့်မှုကို ပြုရမည်။

ဤသို့ သိက္ခာပုဒ်ကို ဘုရားရှင် ပညတ်တော်မူသည်။

(ဆောင်) ၈။ တုတ်ကိုင်၍ထား၊ မာသူအား၊ ဟောကြား ရှောင်ရမည်။

၉။ လက်နက်ကိုင်ထား၊ မာသူအား၊ ဟောကြား ရှောင်ရမည်။

၁၀။ လေးမြားကိုင်ထား၊ မာသူအား၊ ဟောကြား ရှောင်ရမည်။

သုရုသုရုဝဂ် ပြီး၏။

## ၇-ပါဒုကာဝဂ်

ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် ဂိလာနမဟုတ်သော-

၁။ ခြေနင်းစီးထားသူအား တရားဟောကြကုန်၏။

၂။ ဖိနပ်စီးထားသူအား တရားဟောကြကုန်၏။

၃။ ယာဉ်ပေါ်၌နေသူအား တရားဟောကြကုန်၏။

၄။ အိပ်ရာပေါ်၌ နေသူအား တရားဟောကြကုန်၏။

၅။ ဒူးဆောင်၍ လက်အဝတ်တို့ဖြင့် ပတ်ဖွဲ့ထိုင်နေသူအား တရားဟောကြကုန်၏။

၆။ ခေါင်းပေါင်းကြီး ကုလားများ ပေါင်းသကဲ့သို့ ဦးခေါင်းကို ဆံစမပေါ်အောင် ရစ်ပတ် ပေါင်းထားသူအား တရားဟောကြကုန်၏။
၇။ ခေါင်းမြီးခြုံထားသူအား တရားဟောကြကုန်၏။
၈။ တရားဟောသူက အခင်းမပါ မြေပေါ်မှာ ထိုင်လျက် အခင်းပေါ်၌ ခုံပေါ်၌ ထိုင်နေသူအား တရားဟော ကြကုန်၏။

ထိုသို့ တရားဟောရာ၌အား လူတို့က မကဲ့ရဲ့ဘဲ ရဟန်းတော်များ ကိုယ်တိုင်ကပင် အောက်ကျ နောက်ကျရှိလှသော ထိုအပြုအမူကို ကဲ့ရဲ့၍ ဘုရားရှင်အား တိုင်တန်းလျှောက်ထားလေရာ ဘုရားရှင်လည်း များစွာ အပြစ်တင်တော်မူပြီးလျှင်-

(၁-၈) "ဂိလာနမဟုတ်ဘဲ ခြေနင်းစီးထားသူ၊ ဖိနပ်စီးထားသူ၊ ယာဉ်ပေါ်၌ တက်စီးနေသူ၊ အိပ်ရာပေါ်၌ ရောက်နေသူ၊ လက်အဝတ်တို့ဖြင့် ဒူးကို ပတ်ဖွဲ့လျက် လက်အာယောဂပတ်၊ ပုဆိုးအာယောဂပတ်ဖွဲ့နေသူ၊ ခေါင်းမြီးခြုံထားသူ၊ မြေပေါ်၌ နေလျက် နေရာ ထိုင်ခုံပေါ်၌နေသူအား တရားမဟောအံ့"ဟု ကျင့်မှုကိုပြုရမည်။

ဤသို့ သိက္ခာပုဒ်ကို ဘုရားရှင် ပညတ်တော်မူသည်။

(ဆောင်) ၁။ ခြေနင်းစီးထား၊ မာသူအား၊ ဟောကြားရှောင်ရမည်၊
၂။ ဖိနပ်စီးထား၊ မာသူအား၊ ဟောကြားရှောင်ရမည်။

၃။ ယာဉ်ပေါ်နေငြား မနာသူအား ဟောကြား ရှောင်ရမည်။

၄။ အိပ်ရာနေငြား၊ မနာသူအား၊ ဟောကြားရှောင်ရမည်။

၅။ ဂပတ်ပွဲငြား မနာသူအား ဟောကြားရှောင်ရမည်။

၆။ ခေါင်းပေါင်း ပေါင်းထား မနာသူအား ဟောကြားရှောင်ရမည်။

၇။ ခေါင်းမြီးခြုံထား မနာသူအား ဟောကြား ရှောင်ရမည်။

၈။ မြေမှာနေလျက်နေရာထက်၌ ထိုင်လျက်နေငြား မနာသူအား ဟောကြားရှောင်ရမည်။

**အမြင့်၌နေသူအား တရားဟောမှု။** ။ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် မိမိတို့က နိမ့်သော နေရာ၌ ထိုင်၍ မြင့်သောနေရာ၌ နေသူအား တရားဟောကြကုန်၏၊ ထိုသို့ နေထိုင်ပုံကို မကျေနပ်သော ရဟန်းတော်တို့သည် ထိုဆဗ္ဗဂ္ဂီ ရဟန်းတို့ကို ကဲ့ရဲ့ ရှုတ်ချ၍ ဘုရားရှင်အား တိုင်တန်း လျှောက်ထားကြကုန်၏။

ထိုအခါ ဘုရားရှင်သည် ဆဗ္ဗဂ္ဂီ ရဟန်းတို့ကို များစွာ အပြစ်တင်တော်မူပြီးလျှင် ရှေးတုန်းက ဖြစ်ခဲ့ဘူးသော အကြောင်း ဝတ္ထုတခုကို ဟောပြတော်မူလေသည်။

သရက်သီးခိုးစဉ်က။ ။ရှေးအခါတုန်းကဒွန်းစဏ္ဍားတယောက် ဖြစ်ခဲ့ပုံ သည် သရက်သီးပေါ်ချိန် မဟုတ်သော အခါဝယ် ကိုယ်ဝန်အရင့်အမာဖြင့် လွန်စွာ သရက်သီး စားလိုသော ချင်ခြင်းအာသာကြောင့် မစားရလျှင် သေရမလောက် ဖြစ်နေသော မယားအတွက် သရက်သီးရှာ ထွက်ရလေသည်။

ထိုအချိန်၌ ရှင်ဘုရင်၏ သရက်ပင် တပင်သည် အမြဲ အသီး သီးလေ့ရှိ၏၊ ထိုဒွန်းစဏ္ဍားသည် အခြားနေရာ၌ ရှာမရသော ကြောင့် ညဉ့်အခါဝယ် ထိုဘုရင့် သရက်ပင်ပေါ် တက်၍ ဟိုရှာ သည်ရှာ ရှာနေတုန်းမှာပင် မိုးလင်းသဖြင့် မဆင်းသာဘဲ အပင်ပေါ်မှာ ပုန်းနေရလေသည်။

ထိုအချိန်မှာပင် ရှင်ဘုရင်နှင့် ပုရောဟိတ် ပုဏ္ဏားလည်း သရက်ပင်အောက်သို့ ရောက်လာ၍ နိမ့်သောနေရာ၌ ထိုင်နေ သော ဆရာပုရောဟိတ်က မြင့်သောနေရာ၌ ထိုင်နေသော ရှင်ဘုရင်အား မန္တန် ချပေးလေသည်၊ ထိုအခြင်းအရာကို မြင်နေရသော သရက်သီး ခိုးသူမှာ အောက်ပါအတိုင်း စဉ်းစားမိလေသည်။

၁။ အမြင့်ပေါ်က နေ၍ မန္တန်ကို သင်ယူသော မင်းလည်း သိပ်မတရားသော မင်းတည်း။

၂။ နိမ့်သော နေရာမှာ နေ၍ မန္တန်ပို့ချပေးသော ဆရာ ပုဏ္ဏားလည်း သိပ်မတရား သူတည်း။

၃။ မယားအတွက် သရက်သီး ခိုးသော ငါလည်း အလွန် မတရားသူပင် ဖြစ်၏၊ သုံးယောက်လုံး၏ အလုပ်ဟာ ယုတ်မာ ဆိုးဝါးလှ၏။

ဤသို့ စဉ်းစားမိ၍ ငါသေသေ သူတို့သေသေ သဘောဖြင့် သရက်ပင်ပေါ်မှ ခုန်ချ၍ မင်းပုဏ္ဏား နှစ်ဦးသားကိုပင် တရားကို မသိကြ မမြင်ကြကြောင်းဖြင့် ပြစ်တင်ကဲ့ရဲ့လေသည်။ ထိုဝတ္ထု၌ ဒွန်းစဏ္ဍားဆိုသူက ငါတို့ ဘုရားလောင်းပင်တည်း။

ဤဝတ္ထုကို ဟောတော်မူပြီးလျှင် "ရဟန်းတို့ ထိုဒွန်းစဏ္ဍား ဖြစ်စဉ်တုန်းကပင် နိမ့်သော နေရာ၌ နေ၍ မန္တန် ပို့ချမှုကို မနှစ်သက်ခဲ့သေး၏၊ ယခုဘုရားဖြစ်သော အခါ၌ကား အဘယ်မှာ နှစ်သက်နိုင်ပါမည်နည်း" ဟု မိန့်တော်မူကာ—

(၉) "နိမ့်သော နေရာပေါ်၌ နေ၍ မြင့်သော ကောင်းသော နေရာပေါ်၌ နေသော ဂိလာန မဟုတ်သူအား တရားမဟောအံ့" ဟု ကျင့်မှုကို ပြုရမည်။

ဤသို့ သိက္ခာပုဒ်ကို ဘုရားရှင် ပညတ်တော်မူသည်။

(ဆောင်) ၉။ နိမ့်ရာနေလျက်၊ မြင့်ရာထက်၌၊ ထိုင်လျက်နေငြား မာသူအား၊ ဟောကြားရှောင်ရမည်။

ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် ဂိလာန မဟုတ်သော—

၁၀။ ထိုင်နေသူအား မိမိတို့က မတ်မတ်ရပ်လျက် တရား ဟောကြကုန်၏။

ထိုင်ခြင်းနှင့် ရပ်ခြင်းတွင် ရပ်ခြင်းက အောက်တန်းကျ၏၊ ထို့ကြောင့် အကဲ့ရဲ့ ခံရ၏။

၁၁။ ရှေ့ကသွားသူအား မိမိတို့က နောက်မှလိုက်လျက် တရားဟောကြကုန်၏၊

၁၂။ လမ်း၌ သွားနေသူအား မိမိတို့က လမ်းဘေးမှ သွားလျက် တရားဟောကြကုန်၏။

ထိုအပြုအမူကို အခြားရဟန်းများက မနှစ်သက်ကြသဖြင့် ကဲ့ရဲ့ကြပြီးလျှင် ဘုရားရှင်အား တိုင်တန်း လျှောက်ထားကြသောကြောင့် တားမြစ်တော်မူပြီးနောက် ဂိလာန ဖြစ်နေလျှင် ဟောခွင့်ပြုတော်မူကာ—

(၁၀-၁၂) "မိမိက ရပ်လျက် ထိုင်နေသော ဂိလာန မဟုတ်သူအား....မိမိက နောက်မှလိုက်လျက် ရှေ့ကသွားသော ဂိလာန မဟုတ်သူအား....မိမိက လမ်းမဟုတ်သော လမ်းဘေးမှ လိုက်လျက် လမ်းကသွားနေသော ဂိလာန မဟုတ်သူအား တရားမဟောအံ့"ဟု ကျင့်မှုကို ပြုရမည်။

ဤသို့ သိက္ခာပုဒ်တို့ကို ဘုရားရှင် ပညတ်တော်မူလေသည်။

(ဆောင်) ၁၀။ မတ်တတ်ရပ်ကာ၊ နေဆရာသည်၊ ထိုင်ကာနေငြား၊ မာသူအား၊ ဟောကြားရှောင်ရမည်။
၁၁။ နောက်မှသွားလျက်၊ ရှေ့မှဆက်၍၊ သွားလျက်နေငြား၊ မာသူအား၊ ဟောကြားရှောင်ရမည်။
၁၂။ လမ်းဘေးကသာ၊ သွားနေပါလျက်၊ လမ်းပေါ်တက်၍၊ သွားလျက်နေငြား၊ မာသူအား ဟောကြားရှောင်ရမည်။

မှတ်ချက်။ ။တရားဟု လာသမျှ ပါဠိတော် အဋ္ဌကထာ တရားတော်ကိုသာ ဆိုလိုသည်။ မြန်မာဘာသာ စသည်ဖြင့် ဟောပြောလျှင် ဒုက်မထိုက် အာပတ်မသင့်။

ရပ်၍ကျင်ကြီး။ ။ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် ရပ်လျက် ကျင်ကြီး ကျင်ငယ် စွန့်မှု ကျင်ငယ် စွန့်ကြကုန်၏။ ထိုသို့ စွန့်မှုသည်

လူကြီးသူမတို့၏ အပြုအမူ မဟုတ်ရကား လူတို့ ကဲ့ရဲ့ကြသော သောကြောင့် "ရပ်လျက် ကျင်ကြီး ကျင်ငယ် မစွန့်ရ" ဟု တား မြစ်တော်မူပြီးနောက် မထိုင်နိုင်သော ဂိလာနတို့အတွက် ခြွင်းချက် ပြုကာ—

(၁၃) "ငါသည် ဂိလာန မဟုတ်ဘဲ ရပ်လျက် ကျင်ကြီး ကျင်ငယ် မစွန့်အံ့" ဟု ကျင့်မှုကို ပြုရမည်။

ဤသို့ သိက္ခာပုဒ်ကို ဘုရားရှင် ပညတ်တော်မူသည်။

(ဆောင်) ၁၃။ မနာဖျားဘဲ၊ ရပ်နေဆဲလည်း၊ ကျင်ကြီးဘသွယ် ကျင်ငယ်တဖြာ၊ စွန့်တဲ့ဟာ၊ ရှင်ဟာရှောင် ရမည်။

**မြက်သစ်ပင်ပေါ်။** ။ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် စိမ်းစိုသော **စွန့်မှု** မြက်သစ်ပင်ပေါ်၌ ကျင်ကြီး ကျင်ငယ် နှင့် တံထွေးကို စွန့်ကြထွေးကြကုန်၏။ လူတို့ကား စိမ်းနေသော မြက်သစ်ပင်များကို အသက်ရှိသည့် အရှင်ဟု မှတ်ထင်ကြကုန်၏။

ထို့ကြောင့် ထိုစွန့်မှု ထွေးမှုကို ကဲ့ရဲ့ကြသဖြင့် "မစွန့်မထွေးရ" ဟု တားမြစ်တော်မူပြီးနောက် ဂိလာနဖြစ်၍ မြက်သစ်ပင် မရှိ သော အရပ်သို့ မသွားနိုင်သော ဂိလာနများအတွက် ခြွင်းချက် ပြုကာ—

(၁၄) "ငါသည် ဂိလာန မဟုတ်လျှင် စိမ်းစိုသော မြက် သစ်ပင်ပေါ်၌ ကျင်ကြီးကျင်ငယ် တံထွေး နှပ်တို့ကို မစွန့်အံ့" ဟု ကျင့်မှုတို့ ပြုရမည်။

ဤသို့ သိက္ခာပုဒ်ကိုဘုရားရှင် ပညတ်တော်မူသည်။

(ဆောင်) ၁၄။ မနာဖျားလျှင်၊ စိမ်းသစ်ပင်ဝယ်၊ ကျင်ငယ် တသီး၊ ကျင်ကြီးဟရေး၊နှပ်တံတွေး၊ စွန့်ထွေး ရှောင်ရမည်။

**မှတ်ချက်။** ။မြက်သစ်ပင်တို့မှ ဖြာထွက်လာသော သစ်ကိုင်း။ မြေပေါ်၌ ပေါက်နေသောသစ်မြစ်တို့အပေါ်၌ လည်း မစွန့်ကောင်း၊ မြက်ခင်းပေါ်၌ နေစဉ် လွတ်လပ်သော မြေကွက်ကို မရမူ သစ်ရွက်ခြောက်စသည် အပေါ်၌စွန့်ချရမည်၊ ထိုသစ်ရွက်ခြောက်မှ တဆင့် စီးသွား၍ မြက်ပေါ်၌ ကျသော် လည်း အာပတ်မသင့်၊ ဒုက်မထိုက်။

မြက်သစ်ပင် မရှိသော နေရာကို ရှာနေစဉ် မချုပ်တည်းနိုင်၍ ထွက်သွားရာ၌လည်း ဂိလာနသဘော သက်ရောက်နေသော ကြောင့် ဒုက်မထိုက်၊ အာပတ်မသင့်။

ဤသိက္ခာပုဒ်နှင့်နောက်သိက္ခာပုဒ်၌ တံတွေးဖြင့် နှပ်ပါယူရ မည်။ ပါးစပ်ဖြင့်ငုံထားသော ရေနှင့်ကြံဖတ် အရိုးစသည်ကိုကား မြက်သစ်ပင်ပေါ်၌ ထွေးကောင်း၏။

**ရေကောင်း၌။** ။ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် သောက်ကောင်း စွန့်မှု သုံးကောင်းသောရေ၌ ကျင်ကြီး ကျင်ငယ် နှပ် တံတွေးတို့ကို စွန့်ကြ ထွေးကြကုန်၏။ ထိုအပြုအမူကို လူတို့ ကဲ့ရဲ့ရာမှ ရဟန်းတော်များ တဆင့်ကြား၍ ကဲ့ရဲ့ရှုတ်ချပြီးလျှင် ဘုရားရှင်အား တိုင်တန်း လျှောက်ထားကြသောကြောင့် "မစွန့်မထွေးရ" ဟု တားမြစ်တော်မူပြီးနောက် ဂိလာနတို့ အတွက် ခြွင်းချက်ပြုတော်မူကာ—

(၁၅) "ငါသည် သုံးကောင်းသော ရေ၌ ဂိလာနမဟုတ်လျှင် ကျင်ကြီး,ကျင်ငယ်,နှပ်,တံတွေးကို မစွန့်မထွေးအံ့" ဟု ကျင့်မှုကို ပြုရမည်။

ဤသို့ သိက္ခာပုဒ်ကို ဘုရားရှင် ပညတ်တော်မူသည်။

(ဆောင်) ၁၅။ မနာဖျားလျှင်၊ သုံးရေစင်ဝယ်၊ ကျင်ငယ်တသီး၊ ကျင်ကြီးတရေး၊ နှပ်တံထွေး၊ စွန့်ထွေးရှောင်ရမည်။

**ခြွင်းချက်**။ ။ကုဋ္ဋိတွင်း၌ ဝင်နေသောရေ,သမုဒ္ဒရာ၌ဆားငန်ရေများသည် သုံးကောင်းသော ရေမဟုတ်၊ မြစ်ထဲ၌လေ့၊ သင်္ဘော စီးသွားစဉ်ငှင်း၊မိုးအားကြီး၍ ရေပြင်ကြီး ဖြစ်နေစဉ်ငှင်း, ကျင်ကြီးစသည် စွန့်ဘို့ ရေလွတ်သောအရပ်ကို မရနိုင်လျှင် "ဤကဲ့သို့သော ကာလ၌ ရေမရှိသောအရပ်ကို မရနိုင်သူသည် ရေထဲ၌ စွန့်ချခြင်းငှာ အပ်၏" ဟု အဋ္ဌကထာမိန့်သည်။

ပါဒုကဝဂ်ပြီး၏။

**သေခိယအခန်း ပြီး၏။**

## ဝတ် ၁၄ ပါး

**အာဂန္တုကဝတ်**။ ။တပါးကျောင်းကန်, သွားခဲ့ပြန်မူ, အရာမ်အဝ,တံခါးမ၌, ချွတ်ရဖိနပ်, ထီးရုပ်အင်၏၊ ခေါင်းလှုပ်ဖုင့်ကာ, ရှိသေစွာလျှင်, ကောင်းစွာဝင်ပြီး, ဘုန်းတော်ကြီးကို, ထံနီးကပ်လျှို, ရှိလည်းခိုး၍, ရိုကျိုးတုပ်ကွ, နေခြင်းစသား, ကျင့်ရကေန်, မြဲစွာမှန်, **အာဂန္တုကဝတ်**။

**အာဝါသိကဝတ်။** ။ထေရ်ကြီးဝါကြီး, ဘုန်းတော်ကြီးတို့ ခရီး ဝေးကွာ, ကြွခဲ့လာသော်, ကောင်းစွာကြိုဆို, မျက်သားချိုနှင့်, ထိုထိုသုံးယ်အိတ်, အိပ်ရာလိပ်နှင့်, သပိတ် သက်နိုး, ရဟန်းဘဏ္ဍာ, အဖြာဖြာကို, ယူကာသယ်ပိုး, ရှိလည်း ခိုး၍, သောက်ချိုးဆေးဘွယ်, ရေကိုသယ်လျက်, နီးဝယ်တည် ထား, စသည်များ, မမေ့ား **အာဝါသိကဝတ်။**

**ဂမိကဝတ်။** ။ခရီးဝေးကို, သွားမည်ဆိုသော်, ထိုထိုအင်းပုဉ်, ခင်ရှင်ပြောင်စောင်း, သိမ်းကောင်းသမျှ, အိုးခွက် စသား, ဘဏ္ဍာများကို, သိုထားလုံစွာ, သိမ်းပြီးကာမှ, လေသာ တံခါးကြီး, အသီးသီးတို့, ပိတ်ပြီးသောခါ, သွားပါမည်ကြောင်း, ခွင့်ပန်တောင်း, ပြုကောင်း **ဂမိကဝတ်။**

**အနုမောဒနာဝတ်။** ။ဆွမ်းစားကွမ်းစား, အလှူများ၌, တရား ဟောမှု, အနုမောဒနာ, ပြုသင့်ရာဝယ်, မဟာထေရ်ပင်, ဟောစေချင်၏၊ ထေရ်ရှင်ကိုယ်တိုင်, မဟောနိုင်မူ, နိုင်သူရဟန်း, ဟောလေညွှန်း၍, တိုက်တွန်းမှသာ, ဟောပြရာ၏၊ မဟာထေရ်အား, ခွင့်ပန်ကြား၍, တရားဟောမှု, စသည်ပြု **အနုမောဒနာဝတ်။**

**ဘတ္တဂ္ဂဝတ်။** ။ကိုယ့်ထက်ကြီးငြား, ရဟန်းများတို့, တွန်းလား တိုးလား, မဒနငြားနှင့်, ငယ်သားကိုယ့်အောက်, ဝင်လာရောက်မှု, ငေါက်သားငမ်းလား, မမြစ်တား, **ဆွမ်းစား ကျောင်းကျင့်ဝတ်။**

**ပိဋကစာရိကဝတ်။** ။သစ်, မြေဘဏ္ဍာ, သိမ်းကောင်းရာကို, ကောင်းစွာသိမ်းဆည်း, သပိတ်ထည်း၌, ရေလည်းဆွတ်ဖျန်း, ဝတ်ရုံမြန်းဘို့, သင်္ကန်းသင်းပိုင်, ညီစွာကိုင်၍, မြဲခိုင်စေရည်, ခါးပန်းချည်လျက်, တည်ငြိမ်စွာကြွ, သေဂိယနှင့်, ညီလှစေချင့်, ရွာအဝင်ဝယ်, မလျင်မနှေး, ဆွမ်းရပ်ရေး၌, မဝေးမကြာ, ဆွမ်းရပ်ရာ၏၊ မေတ္တာလည်းပွား, ဒကာများ, ကြားဆွမ်းခံဝတ်။

**အာရညကဝတ်။** ။သောက်သုံးရေတည်, ပွတ်ခုံကျည်နှင့်, တုတ်ရှည်တောင်ငှေး, ဆောင်ရသေး၏၊ ရပ်လေးမျက်နှာ, ဂြိုဟ်တာရာနှင့်, သွားလာနက္ခတ်, နေ့ရက်မှတ်၍, မပြတ်ဘာဝနာ, ပွားများရာ, **တောမှာနေသူ ကျင့်ဝတ်တည်း။**

**သေနာသနဝတ်။** ။ညောင်စောင်းအင်းပျဉ်, ခုံဋ္ဌင်ကို, သုတ်သင်နေပြု, ကျောင်းတွင်းပဲ၌, ရှုပ်ကလှည်းကျင်း, အမှိုက်ရှင်း၍, ပျက်ခြင်းကိုပြင်, စသည်လျှင် **ကျောင်းတွင်ကျင့်သည်ဝတ်။**

**ဇန္တာဃရဝတ်။** ။ပြာကိုစွန့်လတ်, တံမြက်ခတ်၍, မပြတ်သန့်ရေး, ပြုမနှေး, **ချေးဇရုံးအိမ်ဝတ်။**

**ဝစ္စကုဋိဝတ်။** ။မဝင်မှီတန့်, ချောင်းကိုဟန့်၍, သင်္ကန်းတန်းတွင်, သင်္ကန်းတင်လျက်မလျင်မနှေး, ယဉ်ကျေးကျေးနှင့်, ဖြေးဖြေးသက်သာ, ဝင်သင့်ပါ၏၊ ပင့်ကာမ-ကိုင်, ကိုယ့်သင်းပိုင်တည့်, အတွင်းထိုင်မှသင်းပိုင်မ ၍, ကိစ္စပြုစေ, ပြစ်မပေကြောင်း, သတိလောင်းလျက်, မကောင်းကနု, သုံးမပြုနှင့်, သန့်မှုအရေး,

ရေနှင့်ဆေး၍, အရေးပြီးတုံ, ခြေနင်းခုံဝယ်, နင်းတုံလျက်ပ, ဖုံးလွှမ်းရ **ဝဲ့ကုဋိဝတ်**။

**ဥပဇ္ဈာယဝတ်**။ ။နံနက်ကာလ, စောစွာထလျက်, လက်ကတော့တင်, ကိုယ်ဝတ်ပြင်၍, ရေစင်ဒန်ပူ, ဆက်ကပ်လှူလော့, နောက်မူဘာဝ, ရှိသမျှစု, ဆွမ်းယာဂုကို, ယုယရိုသေ, ကပ်ပါလေ၍, နေရာအိပ်ရာ, သန့်ရှင်းပါအောင်, လှည်းခါသုတ်သင်, ခင်းကျင်းပြင်၍, နေတွင်လည်းပြ, သပိတ်စသား, ဆရာ့ဘဏ္ဍာ, ဆေးသင့်ရာကို, ကောင်းစွာဆေးလစ်, စသည်ဖြစ် **ဥပဇ္ဈာယဝတ်**။

**သဒ္ဓိဝိဟာရိကဝတ်**။ ။သင်္ကန်းသပိတ်, ပရိက္ခရာ, လိုရာလိုအပ်, ထီးဖိနပ်က, စသည်ချီးမြှင့်, ပေးကမ်းသင့်၍, ထောက်ပင့်သင်္ဂြိုဟ်, ပြုစေလို, ထိုထို **တပည့်ဝတ်**။

**အာစရိယဝတ်**။ ။နံနက်ကာလ,စောစောထလျက်,လက်ကတော့တင်, ကိုယ်ဝတ်ပြင်၍, ရေစင်ဒန်ပူ, ဆက်ကပ်လှူလော့, နောက်မူဘာဝ,ရှိသမျှစု, ဆွမ်းယာဂုကို, ယုယရိုသေ, ကပ်ပါလေ၍, နေရာအိပ်ရာ, သန့်ရှင်းပါအောင်, လှည်းခါသုတ်သင်, ခင်းကျင်းပြင်၍, နေတွင်လည်းပြ, သပိတ်စသား, ဆရာ့ဘဏ္ဍာ, ဆေးသင့်ရာကို, ကောင်းစွာဆေးလတ်, စစ္စာမှတ်, **ဆရာမြတ်၌ဝတ်**။

**အန္တေဝါသိကဝတ်**။ ။သင်္ကန်းသပိတ်, ပရိက္ခရာ, လိုရာလိုအပ်, ထီးဖိနပ်က, စသည်ချီးမြှင့်, ပေးကမ်းလင့်၍, ထောက်ပင့်စောင်မ, စာပို့ချလျက်, ပြသသင်စေ, အထွေထွေ, **အန္တေဝါသိကဝတ်**။

## ဝတ်နိဂုံး

၁။ ဝတ်ခန္ဓက ဆယ့်လေးဝ ဗုဒ္ဓဟောပြသည်။
၂။ ရဟန်းနှင့်ရှင် ခပ်သိမ်းပင် အစဉ်ကျင့်ရမည်။
၃။ ဝတ်ကြီးငယ်မှ မပြည့်က သီလမပြည့်မည်။
၄။ မပြည့်သီလ ဒုပ္ပည စိတ်ကမတည်ကြည်။
၅။ စိတ်ပျံ့လွင့်ပါး ထိုရှင်အား တရားမမြင်ပြီ။
၆။ တရားမမြင် ရဟန်းရှင် ဝဋ္ဋတွင်ဆင်းရဲပြီ။
၇။ ထို့ကြောင့်ရှင်ကား ဝတ္တရား ကြိုးစားဖြည့်ရမည်။
၈။ ဝတ်ကျေပွန်က ပြည့်သီလ စိတ်ကတည်ကြည်မည်။
၉။ စိတ်တည်ကြည်က တရားရ ဝဋ္ဋမှလွတ်တော့သည်။
၁၀။ မြတ်စွာဗုဒ္ဓ ဆိုဆုံးမ လိုက်ကြသူတို့သည်။
၁၁။ လျှင်မြန်ထုတ်ချောက် မဂ်ဖိုလ်ပေါက် ဆိုက်ရောက် နိဗ္ဗာန်ပြည်။

## ဆရာ လေးပါး

၁။ ရှင်ပြုပေးသော သရဏဂုံဆရာ "ပဗ္ဗဇ္ဇာစရိယ"
၂။ ရဟန်းခံပေးသော ကမ္မဝါစာဆရာ "ဥပသမ္ပဒါစရိယ"
၃။ စာသင်ပေးသော စာချဆရာ "ဓမ္မာစရိယ" သို့မဟုတ် "ဥဒ္ဒေသာစရိယ"
၄။ မှီခို၍နေရာ နိဿယည်းဆရာ "နိဿယာစရိယ" သို့မဟုတ် "သြဝါဒါစရိယ"

## တပည့်လေးပါး

၁။ သရဏဂုံ ယူနေသောတပည့်"ပဗ္ဗဇ္ဇန္တေဝါသိက"
၂။ ရဟန်းခံယူသောတပည့်"ဥပသမ္ပဒန္တေဝါသိက"
၃။ ပါဠိသင်ယူနေသောတပည့်"ဓမ္မန္တေဝါသိက"သို့မဟုတ် "ဥဒ္ဒေသန္တေဝါသိက"
၄။ နိဿယည်း ယူနေသောတပည့် "နိဿယန္တေဝါသိက"

**အမှာ။** ။ဓမ္မာစရိယနှင့် ဓမ္မန္တေဝါသိက, နိဿယာစရိယနှင့် နိဿယန္တေဝါသိက ဆရာတပည့်နှစ်စုတို့သည်း အနီး၌ နေခိုက်သာ တာဝန်ရှိကုန်၏၊ ကြွင်းနှစ်စုံနှင့် ဥပဇ္ဈာယ်ဆရာ၊ သဒ္ဓိဝိဟာရိက တပည့်အစုံသည် တသက်လုံး တာဝန်ရှိကုန်၏။

ဆာ၃ဝတ် တပည့်ဝတ်တို့၌ နိဿယည်း မလွတ်သေးသူသည် တသက်လုံး ဝတ်ပြုရသည်၊ ခွင့်ပြုထားလျှင် အပြစ်မရှိ၊ ခွင့်ပြု၍ ရကောင်းသောဝတ်, မရကောင်းသောဝတ်ဟူ၍ နှစ်မျိုးရှိသည်။

"ဝတ်ခန္ဓက ဆယ့်လေးဝ ဗုဒ္ဓဟောပြသည်" စသောဝတ်နိဂုံးလင်္ကာများကို နှလုံးသား၍ ဝတ်နှင့်ညီအောင် ဖြည့်နိုင်ကြကုန်ရာသည်။

## ပစ္စဝေက္ခဏာ=ဆင်ခြင်ခြင်း

"ပစ္စည်း-၄ပါးကို အနှီပြု၍ ပြည့်စုံစေအပ်သော သီလသည် "ပစ္စယသန္နိဿိတသီလ" မည်၏။

"ပစ္စည်း-၄ ပါးဟူသည် သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေးတို့ ပင်ဖြစ်၏။ ထိုပစ္စည်း-၄ ပါးတို့ကို မသုံးစွဲဘဲလည်း နေ၍မဖြစ်၊

သုံးစွဲရမည်သာ ဖြစ်၏၊ သုံးစွဲသောအခါ လောဘ,ဒေါသစသော အကုသိုလ်တရားများ မဝင်နိုင်အောင် ထိုပစ္စည်းတို့နှင့် ဆိုင်ရာ သဘောကို ဆင်ခြင်၍ သုံးဆောင်ရမည်။ ဤသိလကို ပညာဖြင့် ပြည့်စုံစေရာ၏။

## (က) သင်္ကန်း၌ ဆင်ခြင်ရန်

"ချမ်းပူကိုဖျက်, ခြင်မှက်လေနေ, ကင်းမြွေလွှဲသန့်, ဟိရိဂုဏ် ကိုးကုန်စေတတ်စွာ, ကိုယ်အင်္ဂါကို, လုံပါစေလို, ကိုယ်ကိုစမ့်ယ်, ဆင်ပြင်မယ်ဟု, စိတ်ဝယ်မသန်း, ဤသင်္ကန်းကို ဖုံးလွှမ်းသုံး ဆောင်ပါသတည်း"

လှပ တင့်တယ်စေလိုခြင်း စသော အကုသိုလ်ဖြစ်ကြောင်း မကောင်းသော နှလုံးသွင်း မပါဘဲ သင်္ကန်းနှင့် သင့်လျော်သော အကြောင်းကို ဆင်ခြင်၍—

* အအေးကို ဖျောက်ပယ်ခြင်းငှာ ဤသင်္ကန်းကို သုံးဆောင် ပါ၏။
* နေပူစသည်ကို ကာကွယ်ခြင်းငှာ ဤသင်္ကန်းကို သုံး ဆောင်ပါ၏။
* ခြင်-မှက်-လေ-နေပူ-မြွေ-ကင်း-သန်းစသည်တို့၏ အတွေ့ အထိကို ဖျောက်ပယ်ခြင်းငှာ ဤသင်္ကန်းကို သုံးဆောင် ပါ၏။

* အရှက်အကြောက်ကို ဖျက်ဆီးတတ်သည့် ကိုယ်အင်္ဂါကို ဖုံးလွှမ်းခြင်းငှာ ဤသင်္ကန်းကို သုံးဆောင်ပါ၏။ ဤသို့ ဆင်ခြင်၍ သုံးဆောင်ရာ၏။

(ခ) ဆွမ်း၌ ဆင်ခြင်ရန်

"ဤသည့်စားဖွယ်, အခဲယ်မယ်ကို, မြူးရယ်မာန်ကြွ, လှပ ရေဆင်း, ပြည့်ဖြိုးခြင်းငှာ, မသုံးပါဘူး, လေးဖြာဓာတ်ဆောင်, ဤကိုယ်ကောင်သည်, ရှည်အောင်တည်လျက်, အသက်မျှတမ်း, မပေါပန်းငြား, ဘုရားသာသနာ, ကျင့်နှစ်ဖြာကို, ကျင့်ပါနိုင်စေ, ဝေဒနာဟောင်းသစ်, မဖြစ်စေရ, ယာပိုက်မျှလစ်, ခပ်သိမ်း ပြစ်ကို, မဖြစ်လေအောင်, ချမ်းမြေ့အောင်ဟု သုံးဆောင်မှီဝဲပါ သတည်း"

ဆွမ်းပစ္စည်းကို သုံးစွဲသော အခါ—

* ကလေးသူငယ်များကဲ့သို့ ပျော်ပါးမြူးထူးရန် ဤဆွမ်းကို ငါ သုံးဆောင်သည် မဟုတ်။

* ငါ ယောကျ်ားဟု အားမာန် တက်ဖို့ရန် ရည်သန်၍ ဤဆွမ်းကို ငါ သုံးဆောင်သည် မဟုတ်။

* အသွေးအရောင် အဆင်းလှပစေရန် ရည်သန်၍ ဤ ဆွမ်းကို ငါ သုံးဆောင်သည် မဟုတ်။

* ဤခန္ဓာကိုယ် အရှည်တည်တံ့ မျှတနိုင်စေရန် ရည်သန်၍ ဤဆွမ်းကို ငါ သုံးဆောင်ပါ၏။

* ဆာလောင်ခြင်း ညှဉ်းဆဲမှုကို ပျောက်ပယ် နိုင်ရန် ဤဆွမ်းကို ငါ သုံးဆောင်ပါ၏။

* မြတ်သော အကျင့်ကို ကျင့်ကြံခြင်းဖြင့် ချီးမြှောက်နိုင် စေခြင်းငှာ ဤဆွမ်းကို ငါ သုံးဆောင်ပါ၏။

ဤသို့ သုံးဆောင်ခြင်းဖြင့်—
* ဆာလောင် မွတ်သိပ်ခြင်း ဝေဒနာဟောင်းကို ပယ်ဖျောက်အံ့။
* အစားလွန်၍ အစာမကြေ ဝမ်းဖောဝမ်းရောင် စသော ဝေဒနာသစ်ကိုလည်း ငါပယ်ဖျောက်အံ့။

ဤသို့ မှန်မှန်မများ သင့်လျော်ရုံစားသဖြင့်—
* ဆာလောင်မွတ်သိပ်ခြင်းတည်းဟူသောဝေဒနာဟောင်း အစာမကြေခြင်းတည်းဟူသော ဝေဒနာသစ်တို့ မဖြစ်နိုင်ဘဲ ငါ၏ ခန္ဓာမျှတခြင်းသည် ဖြစ်လတ့ံ။
* ဤဆွမ်းကို ရှာမှီးရာ၌ရင်း, သုံးဆောင်ရာ၌ရင်း, တရားနှင့်ညီသဖြင့် အပြစ်ကင်းသည်၏အဖြစ်သည်ရင်း, မျှတ,ရုံ စားသဖြင့် ချမ်းသာစွာနေရခြင်းသည်ရင်း ဖြစ်လတ့ံ” ဟူ၍ ဤဆွမ်းကို ငါ သုံးဆောင်ပါ၏။

ဤသို့ ဆင်ခြင်ကာ သုံးဆောင်ရာ၏။ ဤသို့ ဆင်ခြင် သုံးဆောင်ခြင်းမှာ လောဘစသော အကုသိုလ် တရားတို့ မဖြစ်ပွားစေခြင်းငှာ ဖြစ်သည်။

**သုံးဆောင်နည်း။** ။မျှတစွာ သုံးဆောင်သဖြင့် နေနိုင်ရေးနှင့် စပ်၍ “ဆွမ်းကို သုံးဆောင်သော ရဟန်းသည် လေးလုတ်,ငါးလုတ် စားလိုက်လျှင် ဝတော့မည့် အခြေအနေသို့ ရောက်သောအခါ မစားတော့ဘဲ ရေကိုသာ သောက်ရာ၏။ ဤသို့သောက်လိုက်လျှင် ကမ္မဋ္ဌာန်း အားထုတ်ရန် စိတ်တသန်တည်းထားသော ရဟန်းမှာ ချမ်းသာစွာ နေနိုင်ဖို့ရန် လုံလောက်ပြီ။

ဤသို့ မြတ်စွာဘုရားက ကမ္မဋ္ဌာန်း အားထုတ်သော ပုဂ္ဂိုလ် အတွက် ဟောရင်းဖြစ်သော်လည်း ကမ္မဋ္ဌာန်း အားမထုတ်သော သူများပင် ဤအတိုင်း လိုက်နာက ဝမ်းအတွက် ချမ်းသာစွာ နေထိုင်ရခြင်း ဖြစ်နိုင်သောကြောင့် အစားစားရာမှာ အများပင် လိုက်နာသင့်သော ဒေသနာတော် ဖြစ်ပေသည်။

## (ဂ) ကျောင်းပစ္စည်းကို ဆင်ခြင်ရန်

"ချမ်းပူကိုဖျက်၊ ခြင်မှက် လေနေ့၊ ကင်းမြွေဝေးမှု၊ ဥတု ဘေးဘျမ်း၊ မသန်းကင်းစင်၊ စိတ်ကြည်လင်ကြောင်း၊ နေရာ ကျောင်းကို၊ ကိန်းအောင်းမှီခိုပါသတည်း"

ကျောင်းပစ္စည်းကိုလည်း အကုသိုလ်ဖြစ်ကြောင်း မကောင်း သည့် နှလုံးသွင်း မပါစေဘဲ သင့်လျော်သော သဘောအားဖြင့် ဆင်ခြင်ကာ—

* အအေးကို ဖျောက်ပယ်ခြင်းငှာ ဤကျောင်းကို ငါမှီဝဲ ပါ၏။
* နေပူစသည်ကို ကာကွယ်ခြင်းငှာ ဤကျောင်းကို ငါမှီဝဲ ပါ၏။
* ခြင်-မှက်-လေ-နေပူ-မြွေ-ကင်း-သန်း စသည်တို့၏ အတွေ့ အထိကို ဖျောက်ပယ်ခြင်းငှာ ဤကျောင်းကို ငါမှီဝဲ ပါ၏။
* ဆန့်ကျင်ဘက်ဖြစ်သော အအေးဥတု အပူဥတုဘေးရန်ကို ဖျောက်ပယ်၍ ကောင်းစွာ ကိန်းအောင်း မွေ့လျော် ရခြင်း အကျိုးငှာ ဤကျောင်းကို ငါမှီဝဲပါ၏။

ဤသို့ ဆင်ခြင်ကာ သုံးဆောင်ရာ၏။

(သ) ဆေးပစ္စည်း၌ ဆင်ခြင်ရန်

"ကျင်နာခံခက်၊ နှိပ်စက်ဖိစီး၊ ဖြစ်ပြီးဖြစ်လာ၊ ဝေဒနာကို၊ စွန့်ခွာ ပယ်လျှင်း၊ ဆင်းရဲကင်း၍၊ လူမင်းမြတ်စွာ၊ သာသနာကို ကြည်သာရှင်လန်း၊ ကျင့်ဖြည့်စွမ်းနိုင်ဘို့၊ ရည်မှန်းသုံးဆောင် ပါသတည်း"

ဆေးပစ္စည်းကိုသည်း သင့်လျော်သော သဘောဖြင့် ဆင်ခြင်ကာ—

* အနာရောဂါ ဝေဒနာကို ကာကွယ် ဖျောက်ဖျက်ရန် ဤဆေးပစ္စည်းကို ငါမှီဝဲပါ၏။
* ဆင်းရဲကင်းကွာ ချမ်းသာစွာဖြင့် သာသနာ့ တာဝန်ကို ထမ်းဆောင်နိုင်ခြင်း အကျိုးငှာ ဤဆေးပစ္စည်းကို ငါမှီဝဲပါ၏။

ဤသို့ ဆင်ခြင်ကာ သုံးဆောင်ရာ၏။

(င) အလုံးစုံ၌ ဆင်ခြင်ရန်

"ဖိနပ်-ဆီမီး၊ ထီးတောင်ဝှေးစ၊ ဟူသမျှကို၊ အေးမြချမ်းပူ၊ မြေငူသစ်ငုတ်၊ ခလုတ်ဆူးငြောင့်၊ မနှောင့်ဘေးဘျမ်း၊ မသန်း ကင်းစင်၊ စိတ်ကြည်လင်၍၊ အားအင်ပြည့်မာ၊ သာသနာကို ကောင်းစွာကျင့်ဆောင်၊ ဖြည့်နိုင်အောင်ဟု၊ သုံးဆောင် မှီဝဲပါ သတည်း"

**ပရိဘောဂ ၄-ပါး။** ။သက်နီးစသော ပစ္စည်းတို့ကို သုံးဆောင် သောအခါ ပစ္စဝေက္ခဏာ ပညာဖြင့် ဆင်ခြင်၍ သုံးဆောင်သော ရဟန်းသာမဏေ၏ သုံးဆောင် ခြင်းသည် အစအဆုံးအပြစ်ကင်းသော သုံးဆောင်ခြင်းဖြစ်ပေ၏။

သုံးဆောင်သောအခါ ဆင်ခြင်ခြင်း၌ ဤဆိုလတ္တံ့သည်ကား ယုံမှားခြင်းကို ကင်းအောင်ပြုတတ်သည့် အသုံးအဖြစ်တည်း။

ခွဲဦးအံ့– ပစ္စည်းလေးပါးကို သုံးဆောင်ခြင်းတို့သည်–

(က) ခိုးသည်နှင့်တူသော သုံးဆောင်ခြင်း
**ထေယျပရိဘောဂ**

(ခ) ကြွေးယူသည်နှင့်တူသော သုံးဆောင်ခြင်း
**ဣဏပရိဘောဂ**

(ဂ) အမွေခံသည်နှင့်တူသော သုံးဆောင်ခြင်း
**ဒါယဇ္ဇပရိဘောဂ**

(ဃ) အစိုးတရ သုံးဆောင်ခြင်း
**သာမိပရိဘောဂ**

အားဖြင့် ၄ပါးအပြားရှိ၏၊ ထိုလေးပါးတို့တွင်–

(က) သီလမရှိသောသူ၏ ပစ္စည်း ၄ပါးကို သုံးဆောင်ခြင်းသည် သံဃာ့အလယ်မှာ နေ၍ သုံးဆောင်စေကာမူ ခိုးသည်နှင့်တူသော သုံးဆောင်ခြင်း **ထေယျပရိဘောဂသာ** မည်၏။

(ခ) သီလရှိသော ပုဂ္ဂိုလ်၏ ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ သုံးဆောင်ခြင်းသည် ကြွေးယူသည်နှင့်တူသော သုံးဆောင်ခြင်း **ဣဏပရိဘောဂ** မည်၏။

(ဂ) အောက်အရိယာ ခုနစ်ပါးတို့၏ ပစ္စည်းလေးပါးကို သုံးဆောင်ခြင်းသည် အမွေခံသည်နှင့်တူသော သုံးဆောင်ခြင်း **ဒါယဇ္ဇပရိဘောဂ** မည်၏။

(ဃ) ရဟန္တာပုဂ္ဂိုလ်တို့၏ သုံးဆောင်ခြင်းသည် အစိုးတရ သုံးဆောင်ခြင်း **သာမိပရိဘောဂ** မည်၏။

**ဆင်ခြင်ချိန်။** ။သင်္ကန်းကို ကိုယ်မှခွာ၍ သုံးဆောင်တိုင်း သုံးဆောင်တိုင်း ဆင်ခြင်အပ်၏၊ ဆွမ်းကို အလုတ်တိုင်း အလုတ်တိုင်း ဆင်ခြင်အပ်၏၊ ဤသို့ မဘတ်နိုင်လျှင် နံနက်ခင်း အခါချိန်မှာ ဖြစ်စေ, ညနေချမ်း အချိန်မှာ ဖြစ်စေ, ညဦးယံ အချိန်မှာဖြစ်စေ, သန်းခေါင်ယံ အချိန်မှာဖြစ်စေ, မိုးလင်းခါနီးအချိန်မှာဖြစ်စေ,ဆင်ခြင်အပ်၏။ ဤသို့မဆင်ခြင်ဘဲ အရုဏ် တက်သွားလျှင် ကြွေးယူ၍ သုံးဆောင်သော "ဣဏ ပရိဘောဂ" အရာ၌ တည်လေတော့၏။

ကျောင်းကိုလည်း တံစက်မြိတ်အတွင်း ဝင်တိုင်း ဝင်တိုင်း ဝင်ပြီးနောက် ထိုင်တိုင်း ထိုင်တိုင်း အိပ်တိုင်း အိပ်တိုင်း ဆင်ခြင်အပ်၏။

ဆေးကို အကပ်ခံရာ၌ရင်း သုံးဆောင်ရာ၌ရင်း ဆင်ခြင်အပ်၏။ သို့ရာတွင် အကပ်ခံစဉ် ဆင်ခြင်၍ သုံးဆောင်သောအခါ မဆင်ခြင်လျှင် အာပတ်သင့်၏၊ အကပ်ခံစဉ် မဆင်ခြင်မိသော်လည်း သုံးဆောင်သောအခါ ဆင်ခြင်လျှင် ဒဏ်မထိုက်၊ အာပတ်မသင့်ပေ။

ဆင်ခြင်သည်ဟူရာ၌ အနက်အဓိပ္ပာယ်ကို မသိဘဲ ပါဠိ သက်သက် ရွတ်ဆိုခြင်းသည် ဆင်ခြင်သည် မမည်၊ အနက် အဓိပ္ပာယ်ကို မှတ်သား၍ ဉာဏ်ပညာဖြင့် ဆင်ခြင်ရာသည်။

**ပစ္စဝေက္ခဏာ၊ အဆုံးအဖြတ်** ။ဤပစ္စဝေက္ခဏာ ဆင်ခြင်ရာ၌ မန်လည် ဆရာတော်ဘုရားကြီးကား ပဋိသင်္ခါ ယောနိသော စီဝရံ အစရှိသော ပါဠိ၏ အဓိပ္ပာယ်အရကိုသာ

နှလုံးသွင်း၍ ဆင်ခြင်တော်မူသည်၊ ပါဠိပုဒ်ပါဌ်ကို မရွတ်ဟု တပည့်တော်ရင်း ရှင်ပဏ္ဍိတာရာမ ပြောဘူးသည်၊ အချို့ဆရာမြတ်တို့ကား ပါဠိကိုသာ ရွတ်ခြင်းသည် ပစ္စဝေက္ခဏာမဖြစ်၊ အနက်ကို နှလုံးပိုက်၍ရွတ်မှ ပစ္စဝေက္ခဏာ ဖြစ်သည် ဟုကုန်၏။

ငါတို့ကျေးဇူးရှင် ဆင်တဲဆရာတော်ဘုရားကား ပဉ္စင်းခံသည့်ကာလ ဥတ်၏အနက်, ကမ္မဝါစာ၏အနက် အဓိပ္ပာယ်ကို ပဉ္စင်းလောင်းဖြစ်သူ၊ ဥပဇ္ဈာယ်ဖြစ်သူ၊ ကမ္မဝါစာ ဆရာဖြစ်သူ၊ ဂိုဏ်းဆရာဖြစ်သူ၊မသိ နှလုံးမသွင်းမိသည်ရှိသော်လည်း ဥတ္တိသမ္ပတ္တိ၊ အနုသာဝနသမ္ပတ္တိဖြစ်က ဥပသမ္ပဒကံ မြောက်လေသကဲ့သို့ ပစ္စဝေက္ခဏာလေးပုဒ်၏ အနက်အဓိပ္ပာယ်ကို နှလုံးမသွင်းမိသော်လည်း ပစ္စဝေက္ခဏာလေးပုဒ်၏ သဒ္ဒသမ္ပတ္တိဖြစ်လေက ပစ္စဝေက္ခဏာကိစ္စ ပြီးတော့သည်ဟု မိန့်သည်။

ငါတို့ကား ပဉ္စင်းခံရာ၌ သမ္မုတိကံဖြစ်၍ ဥတ်ကမ္မဝါစာ ပြည့်စုံလျှင် ကံမြောက်လေသည်၊ ဤပစ္စဝေက္ခဏာ အရာ၌ကား ဆင်ခြင်သည်ဟူက နှလုံးသွင်းသည်ကိုသာ ဆိုသည်ဖြစ်၍ နှလုံးမပိုက်ဘဲ ပဂုဏဝါစုဂ္ဂတ ဝစီဘေဒမျှဖြင့် ပစ္စဝေက္ခဏာ ဆင်ခြင်ခြင်းကိစ္စမပြီး၊ နှလုံးသွင်း၍ ဆင်ခြင်မှသာ ပြီးသည်ဟု ထင်မိပေသည်။

ထိုစကားကို ငါတို့ရဟန်းပျိုက မင်းကြီးမဟာသက်တော်ရှည်တိုက်မှာ စာသင်သည့်ကာလ စာသင်ဘက် တကျိပ်နှစ်ယောက်တို့နှင့် အငြင်းအခုံရှိ၍ မေးလျှောက်သည့်ကာလ "ယူရိုးတွင်သာယူ၊ အကြားနပေါက် စိတ်ရောက်ရာမယူနှင့်၊ နှလုံးသွင်း၍ ဆင်ခြင်မှပစ္စဝေက္ခဏာမြောက်လျှင် ပဉ္စင်းခံသည့်ကာလလည်း နှလုံးသွင်းမိမှ ပဉ္စင်းကံမြောက်သည် ယူရတော့

မည်၊ ယင်းသို့သော ကိုယ်နေရာမရှာပြီလော''ဟု ၎င်းဆရာတော် ဘုရား မိန့်ဘူးသည်၊ ယုတ္တိရှိရာယူ၊ ယုတ္တိသာပမာဏ၊ စကား ပမာဏ မဟုတ်ဟု သိလင့်။

ဝိသုဒ္ဓိမဂ်၌လည်း ပဋိသန္ဓိကို ပဋိသန္ဓိယဟု ပုဒ်ကိုပြင်သော အားဖြင့် ဖွင့်ပြီးလျှင် ထိုကြိယာ၏ အရကိုလည်း ဥတ္တာဟု ဥတ္တာ၏အရကိုလည်း ပစ္စဝေက္ခိတ္တာတိအဋ္ဌော ဟု အနက်ကြား ဖွင့်ရကား ပဂုဏာဂန္ထ၏ အစွမ်းဖြင့် သတိမထင် ဉာဏ်မဝင် ပါဠိကိုသာရွတ်၍ သရဇ္ဈာယ်ခြင်းကို ပြုကြသည်ကား ပစ္စဝေက္ခ ဏာ အရာမရောက်ဟူ၍ သိရာသည်။ (သီလဝိသောဓနီကျမ်း၊ တတိယ နံ့မေဘ်ဆရာတော်)

## လိင်ဆယ်ပါး

၁။ သူ့အသက်ပင် သတ်မိလျှင် ကိုရင်လိင်ကျသည်။
၂။ သူ၏ဥစ္စာ ခိုးသောခါ ရှင်မှာလိင်ကျသည်။
၃။ မေထုန်ယုတ်မာ ပြုကျင့်ရာ ရှင်မှာလိင်ကျသည်။
၄။ လိမ်လည်မုသား ပြောဆိုငြား ရှင်ကားလိင်ကျသည်။
၅။ သေရည်သေရက်သောက်သည်တွက်ရှင်ပျက်လိင်ကျသည်။
၆။ ဘုရားကိုတဲ့ ကျေးဇူးမဲ့ ကဲ့ရဲ့လိင်ကျသည်။
၇။ တရားကိုတဲ့ ကျေးဇူးမဲ့ ကဲ့ရဲ့လိင်ကျသည်။
၈။ သံဃာကိုတဲ့ ကျေးဇူးမဲ့ ကဲ့ရဲ့လိင်ကျသည်။
၉။ အယူမှောက်မှား ဖောက်ပြန်ငြား ရှင်ကားလိင်ကျသည်။
၁၀။ ဘိက္ခုနီပင် ဖျက်ဆီးလျှင် ကိုရင်လိင်ကျသည်။

လိင်-လိင်ကျ-။ ။လိင်ဟူသော စကားသည် လိင်္ဂသဒ္ဒါမှ
လိင်ပြန် ဆင်းသက်လာသော စကားဖြစ်သည်။ ယင်း
လိင်္ဂသဒ္ဒါသည် အသွင်ဟူသော အနက်အဓိပ္ပာယ်ကို ဆိုလိုသည်။ အသွင်ဟူသည် "ဂိဟိလိင်္ဂ=လူ့အသွင်" "ပဗ္ဗဇ္ဇလိင်္ဂ=သာမဏေအသွင်" ဟု အသွင်နှစ်မျိုး ရှိ၏။

လိင် ၁၀-ပါးတို့တွင် တပါးပါးကို ကျူးလွန်သော သာမဏေသည် သာမဏေအသွင်မှ နောင်စောင့်စည်းမှု မရှိက လူ့အသွင်သို့ လျောကျသည်ကို "လိင်ကျ" သည်ဟု ခေါ်သည်။ လူထွက်သည့် သာမဏေမှာ သာမဏေအသွင်မှ လူ့အသွင်ကို ပြန်ယူသောကြောင့် "လိင်ပြန်" သည်ဟု ခေါ်သည်။

လိင်ကျသော ခဏ၌ ယူထားပြီးသော သရဏဂုံ ဥပဇ္ဈာယ်, ဝါတွင်းနေရန် ဝါစဉ်ဖြင့် ကျောင်းနေရာ ယူခြင်းတို့သည်လည်း ပျက်ကုန်တော့၏။ သီတင်းကျွတ်သောအခါ သံဃိကဖြစ်သော ပါဆိုသင်္ကန်း လာဘ်ကိုပင် မရထိုက်ပြီ။ သာမဏေအသွင် တခုသာ ကျန်၏။

ထိုသာမဏေသည် အပြစ်များ၍ သိက္ခာပုဒ်များကို မစောင့်ထိန်းမှု ကျောင်းမှ နှင်ထုတ်အပ်၏။ သိက္ခာပုဒ်တော်ကို စောင့်ထိန်းပါမူ အဝတ်မဝတ် မလဲစေဘဲ သရဏဂုံ ဥပဇ္ဈာယ် ပြန်ပေးအပ်၏။

သိက္ခာပုဒ်တို့ကား သရဏဂုံဖြင့်သာလျှင် ပြီးကုန်၏။ မြဲမြံအောင် ထပ်မံ ပေးအပ်ကုန်၏။ ပုရိမဝါဆိုပြီးမှ လိင်ကျလျှင် ပစ္ဆိမဝါ ထပ်ဆိုရမည်။ ဝါကျွတ်လျှင် ပစ္ဆိမဝါ ဆိုသည့်အတွက် လာဘ်ရနိုင်သေး၏။ ပစ္ဆိမဝါ ဆိုပြီးမှ လိင်ကျလျှင် ဝါကျိုးပြီ။ ဝါကျွတ်လျှင် သံဃိက ဖြစ်သော သင်္ကန်း လာဘ်ကား မသိ၍

ရပါသော်လည်း သံဃိကဖြစ်၍ သံဃာသို့ ပြန်ပေးရသည်။ သံဃာသို့ ပန်ကြား၍ ပေးမှ ယူအပ်သည်။

ရတနာသုံးပါး၏ ကျေးဇူးမဲ့ ကွဲ့ရဲ့သော သာမဏေ၊ အယူမှား သော သာမဏေတို့အား လိင်ကျပြီးသော်လည်း သုံးကြိမ်တိုင်တိုင် ဆုံးမအပ်၏၊ အယူကိုစွန့်လျှင် ဒဏ်သမ်းခိုင်း၍ တောင်းပန် ကန်တော့ခိုင်းပြီး သရဏဂုံ ပေးရသည်။ အယူကို မစွန့်သော် သာမဏေ အသွင်ကို ဖျက်ဆီးရသည်။

## ဒဏ်ဆယ်ပါး

၁။ နေလွဲညစာ စားသောခါ ရှင်မှာဒဏ်ထိုက်သည်။

၂။ က-ဆို-တီးမျှားကြည့်ထောင်နား ရှင်ကားဒဏ်ထိုက်သည်။

၃။ နံ့သာလိမ်းကျံ ပန်းကိုပန် အမှန်ဒဏ်ထိုက်သည်။

၄။ မြင့်မြတ်နေရာ နေသောခါ ရှင်မှာဒဏ်ထိုက်သည်။

၅။ ပိုက်ဆံရွှေငွေ ကိုင်ခံပေ ရှင်လေဒဏ်ထိုက်သည်။

၆။ ရဟန်းတို့အား လာဘ်ရှားပါး ပြုငြားဒဏ်ထိုက်သည်။

၇။ ရဟန်းကိုတွဲ့ အကျိုးမဲ့ ပြုခဲ့ဒဏ်ထိုက်သည်။

၈။ ရဟန်းနေရာ မဲ့အောင်သာ ပြုခါဒဏ်ထိုက်သည်။

၉။ ရဟန်းကိုမဲ ရေရွတ်ဆဲ ရှင်မဲ့ဒဏ်ထိုက်သည်။

၁၀။ ရဟန်းချင်းချင်း ကွဲစေလျှင်း ရှင်ဖျင်းဒဏ်ထိုက်သည်။

**ဒဏ်ထိ—ဒဏ်ထိုက်။** ။ဒဏ်ဆယ်ပါးတို့တွင် တပါးပါးကို ကျူး လွန်လျှင် ဒဏ်ထိသည် မည်၏၊ ယင်းဒဏ် ထိသော သာမဏေအား ဒဏ်ပေးထိုက်၏။ ဒဏ်ဟူသည် "ဤနေရာ သို့ မနေရ" ဟု တားမြစ်ခြင်းတည်း။ ယနေ့ မစားရ-မသောက်ရ ဟု တားမြစ်ခြင်းကိုမူ မပြုအပ်ပေ။

ဒဏ်ထိသော သာမဏေကို ဒဏ်ပေး၍ ယာဂု-ဆွမ်း-သပိတ် သင်္ကန်းပြ၍ "ဤမျှသော ဒဏ်ကို ဆောင်သော် ဤပစ္စည်းများကို ရအံ့" ဟု ပြောအပ်၏။ သို့မဟုတ် ရေ-ထင်း-သဲ စသည်တို့ကို ဆောင်ခိုင်းရမည်။

ယင်းဒဏ်မျိုးကို ပေးသည်ရှိသော် "နောင် မကောင်းမှု အပြု အမူမှ ရှောင်လတံ့" ဟု သနားသော စိတ်ထားဖြင့် ပြုအပ်၏။ ဤဒဏ်ကို ပေးသည်ရှိသော် သာမဏေသည် ပျက်စီးလတံ့၊ ဤကျောင်းမှ ထွက်သွားလတံ့ဟု မကောင်းသော စိတ်ထားဖြင့် မပြုအပ်။

ဒဏ်ပေးရာ၌ ဥပဇ္ဈာယ်ဆရာကသာ ဒဏ်ပေးရမည်၊ ဥပဇ္ဈာယ် ဆရာ့ထံမှ ခွင့်မရဘဲ ဒဏ်မပေးအပ်။ အပြစ်ပြ၍ ဒဏ်ပေးရန် ပြောကြားပါသော်လည်း သုံးကြိမ်တိုင်အောင် ပြောပါလျက် ဥပဇ္ဈာယ် ဆရာက အရေးမယူခဲ့သော် ကိုယ်တိုင် ဒဏ်ပေးအပ်၏။

**က-ဆို-တီး။** ။ယုတ်စွအဆုံး ဥဒေါင်းငှက်, မျောက် စသည်တို့ ကခြင်းမျှသည်လည်း "**ကသည်**" မည်၏။ လေချွန် ခြင်း, ပြွေမှုတ်ခြင်း, နှဲမှုတ်ခြင်း စသည်တို့မျှလည်း "**ဆိုသည်**" မည်၏။ တရားဟောရာ၌ တေးဆိုတာကို မဆိုထားဘိ။ တေးသံ ပါသော တရားဟောခြင်းသည်လည်း "**ဂီတ=ဆိုသည်**" မည်၏။

တေးသံပါသော တရားမျိုးကိုနာလျှင် ဥပုသ်သည်တို့ ဥပုသ်ပျက်၏။

သုတ်စွအဆုံး ရေ၌ အိုးမှောက်၍ရေစည် တီးခြင်းမျှသည်လည်း "တီးသည်" မည်၏၊ ကိုယ်တိုင်လည်း မတီးအပ်။ သူတပါးအားလည်း မတီးခိုင်းအပ်၏။

ယင်း ကခြင်း, ဆိုခြင်း, တီးခြင်းတို့သည် သာသနာတော်၏ ပြောင့်, တံကျင်သဘွယ် ဖြစ်၏။ ယင်း ကခြင်း ဆိုခြင်း တီးခြင်းတို့ကို ကြည့်ရှု နားထောင်လို၍ တနေရာမှ တနေရာသို့ သွား၍ ကြည့်ရှုနားထောင်ငြားအံ့၊ လွန်ကျူးသည် မည်၏၊ ဒုက်ထိုက်၏၊ အာပတ်သင့်၏။ မိမိနေရာ၌ နေထိုင်စဉ်, ရီးသွားစဉ် ရင်ဆိုင်တွေ့၍ ကြည့်ရှု နားထောင်ငြားအံ့၊ ဒုက်မထိုက်၊အာပတ်မသင့်။

**ပူဇော်မှု။** ။"အရှင်ဘုရားတို့၏ စေတီတော်အား အဆို-အက အတီးတို့ဖြင့် ပူဇော်ပါရစေ" ဟု လူတို့က လျှောက်ထားသော် "ပူဇော်ကြ" ဟု လက်မခံအပ်။ "ပူဇော်ခြင်းသည် ကောင်းသော သဘောတရားပင်တည်း" ဟုသာ ဆိုခြင်းမျှအပ်၏။

ဤ၌ ပူဇော်ခြင်း, ဖြေဖျော်ခြင်း, ငွေရှာခြင်း သုံးမျိုးကွဲသင့်၏။ ပူဇော်ခြင်းဟူသည် ဘုရား, စေတီတို့အား အတီး-အဆို-အက တို့ဖြင့် ကပြ တီးဆိုပြခြင်းတည်း။ လူစည်ကားအောင် လုပ်ခြင်းမျိုး မပါစေရ။ ငွေရှာခြင်းမျိုး, ပရိသတ်ကို ဖြေဖျော်ခြင်းမျိုး မပါစေရ။

ဖြေဖျော်ခြင်း, ငွေရှာခြင်းဟူသည် ဘုရား စေတီကို ပြ၍ စည်ကားအောင် ပရိသတ်ကို ဖြေဖျော်ခြင်း, ပရိသတ်ထံမှ ငွေယူ

ခြင်း, ငွေကောက်ခံခြင်းမျိုးတည်း။ ယင်းတို့ကား လုံးဝ မအပ်စပ်ပေ။ အပြစ်ကြီးလှသည်။

ဖော့ပန်း, စက္ကူပန်းမျှ ပန်ဆင်ခြင်းသည်လည်း မအပ်၊ ပေါင်ဒါ နံ့သာမှုန့် စသည်တို့ဖြင့် အသားနိမ့်ရာ၌ ပြည့်ဖြိုးအောင် တန်ဆာဆင်ခြင်းလည်း မအပ်၊နံ့သာပျောင်းတို့ဖြင့် အရေအဆင်းလှပအောင် အနံ့ကောင်းအောင် ပွတ်ခြင်းလည်း မအပ်။ ဆေးအလို့ငှာ သုံးမှုအပ်၏။ ဘုရားပူဇော်ရန် ယူခဲ့ငြားအံ့ အပ်၏။

အပေါင်အောက် ပကတိလူတို့ တတောင့်ထွာထက် အလွန်အခြေရှိသောညောင်စောင်းအင်းပျဉ်သည်မြင့်သောနေရာမည်၏။ ခြသေ့ရုပ်,ကျားရုပ် စသည်တို့ဖြင့် အခြေတပ်သောပလ္လင်,လဲသွတ်သော အခင်း၊ သားမွေးကော်ဇောတို့သည် မြတ်သောနေရာမည်၏။

ရွှေ-ငွေသည်၎င်း၊ ရွှေငွေဖြင့် ပြုအပ်သော ပစ္စည်းများသည်၎င်း၊ ရွှေငွေအဖြစ် သတ်မှတ်ထားသော ငါးပြား-ဆယ်ပြား-ကျပ်တန် စသည်တို့သည်၎င်း မအပ်။ကိုယ်တိုင်ခံခြင်း, သူတပါးကိုခံယူစေခြင်း စသည် တခုမျှ မအပ်။

ယခုခေတ် အချို့ ရှင်ရဟန်းများ ငွေဆွမ်းခံခြင်း, တအိမ်တက်ဆင်း ခံခြင်း, တရားပွဲတွင် အော်၍ အလှူခံခြင်းတို့သည် မအပ်ဟု မှတ်ပါ။

## လိင်ဒဏ်ထိုက်ကြောင်း ၆-ပါး

၁။ အရှက်မရှိခြင်း။
၂။ မသိမိုက်မဲခြင်း။

၃။ အလိုအလိုနှိပ်စက်ခြင်း။
၄။ သတိမေ့လျော့ခြင်း။
၅။ မအပ်သည်၌ အပ်သည်ဟု ထင်ခြင်း။
၆။ အပ်သည်၌ မအပ်သည်ဟု ထင်ခြင်း။

## နောက်ဆက်တွဲ

### အဓိဋ္ဌာန်-ဝိကပ္ပနာပြုပုံ

အလျား တတောင့်ထွာ အနံတထွာ ခြောက်သစ် အယုတ်ဆုံး ပမာဏရှိသော ကိုယ်ပိုင်အဝတ်သင်္ကန်းတို့ကိုင်း၊ သပိတ်ကိုင်း၊ ဆယ်ရက်အတွင်း အဓိဋ္ဌာန် ဝိကပ္ပနာ ပြုထားရသည်၊ ရက်လွန်လျှင် နေ့စဉ်နေ့စဉ် အပြစ်တည်း။

**ဝိကပ္ပနာပြု။** ။တထည် ဝိကပ္ပနာပြုလိုလျှင် ရဟန်းတပါးထံ ချဉ်းကပ်၍ "ဣမံ စီဝရံ တုယှံ ဝိကပ္ပေမိ" ဟုဆို၍ သင်္ကန်းကိုပေးလိုက်ပါ၊ ထိုရဟန်းက "မယှံ သန္တကံ ပရိဘုဉ္ဇဝါ ဝိဿဇ္ဇေဟိဝါ ယထာပစ္စယံ ကရောဟိ" ဟု ဆို၍ ပြန်ပေးအင်၏။

တထည်ထက်များလျှင်"ဣမာနိ စီဝရာနိ တုယှံ ဝိကပ္ပေမိ" ဟုဆို၍ ပေးပါ၊ ထိုရဟန်းက"မယှံ သန္တကာနိ ပရိဘုဉ္ဇဝါ ဝိဿဇ္ဇေဟိဝါ ယထာပစ္စယံ ကရောဟိ"ဟုဆို၍ ပြန်ပေးအင်၏၊ သီတင်းကြီးအား ပြန်ပေးသောအခါ အလေးပြုသော ဗဟုဝုစ် စကားဖြင့် "မယှံ သန္တကာနိ ပရိဘုဉ္ဇထဝါ ဝိဿဇ္ဇေထဝါ ယထာပစ္စယံကရောထ"ဟုဆို၍ ပြန်ပေးအင်၏။

**အဓိဋ္ဌာန်တင်။** ။ပရိက္ခာရစောဠ အဓိဋ္ဌာန် တင်လိုလျှင် တထည်ကို "ဣမံ စီဝရံ ပရိက္ခာရစောဠံ အဓိဋ္ဌာမိ" ဟု တဦးတည်းဆို၍ တင်ပါ၊ များလျှင် "ဣမာနိ စီဝရာနိ ပရိက္ခာရစောဠာနိ အဓိဋ္ဌာမိ" ဟုဆို၍ တဦးတည်းတင်။

ဝိနည်း တိစီဝရိတ် တင်ဆောင်လိုလျှင် ဒုကုဋ်တထည်ကို "ဣမံ သံဃာဋိံ အဓိဋ္ဌာမိ" ဟုဆို၍တင်၊ ကိုယ်ရုံတထည်ကို "ဣမံ ဥတ္တရာသင်္ဂံ အဓိဋ္ဌာမိ" ဆို၍တင်၊ သင်းပိုင်တထည်ကို "ဣမံ အန္တရဝါသကံ အဓိဋ္ဌာမိ" ဆို၍တင်။ အရုဏ်တက်ချိန်၌ နှစ်တောင့်ထွာ ဟတ္ထပါသ် မကင်းအောင်ဆောင်ရသည်။

**ဟတ္ထပါသ်ကင်း။** ။ဟတ္ထပါသ် ကင်းခဲ့လျှင် ထိုသင်္ကန်းတို့ကို "ဣမာနိ မေ ဘန္တေ စီဝရာနိ ရတ္တိဝိပ္ပဝုတ္တာနိ အညတြ ဘိက္ခုသမ္မုတိယာ နိဿဂ္ဂိယာနိ ဣမာနာဟံ အာယသ္မတော နိဿဇ္ဇာမိ" ဟု ဆို၍စွန့်၊ ပြီးသော်ဒေသနာကြား။ "ဣမာနိ စီဝရာနိ အာယသ္မတော ဒမ္မိ" ဟု ဆို၍ပြန်ပေး။

တထည်ဖြစ်လျှင် "ဣဒံ မေ ဘန္တေ စီဝရံ ရတ္တိဝိပ္ပဝုတ္ထံ အညတြ ဘိက္ခုသမ္မုတိယာ နိဿဂ္ဂိယံ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ" ဟု ဆို၍စွန့်၊ ဒေသနာကြား၊ "ဣမံ စီဝရံ အာယသ္မတော ဒမ္မိ" ဟုဆို၍ ပြန်ပေး။

**အဓိဋ္ဌာန်ချ။** ။မဆောင်နိုင်သေး၍ အဓိဋ္ဌာန်ချထားလိုလျှင် ဒုကုဋ်ကို "ဣမံ သံဃာဋိံ ပစ္စုဒ္ဓရာမိ" ဟုဆို၍ ချအပ်၏၊ ကိုယ်ရုံကို "ဣမံ ဥတ္တရာသင်္ဂံ ပစ္စုဒ္ဓရာမိ" ဟု ဆို၍

ချအပ်၏၊ သင်းပိုင်ကို "ဣမံ အန္တရဝါသကံ ပစ္စုဒ္ဓရာမိ" ဟုဆို၍ ချအပ်၏။

**သပိတ်။** ။သပိတ် ဝိကပ္ပနာ ပြုလိုလျှင် "ဣမံ ပတ္တံ တုယှံ ဝိကပ္ပေမိ" ဟုဆို၍ပေး၊ မယှံ သန္တကံ ပရိဘုဉ္ဇ ဝါ ဝိဿဇ္ဇေဟိ ဝါ ယထာပစ္စယံ ကရောဟိ" ဟုဆို၍ ပြန်ပေးအပ်၏။

သပိတ်အဓိဋ္ဌာန် တင်လိုလျှင် "ဣမံ ပတ္တံ အဓိဋ္ဌာမိ" ဟုဆို၍ တင်လေ။ အဓိဋ္ဌာန်ချလိုလျှင် "ဣမံ ပတ္တံ ပစ္စုဒ္ဓရာမိ" ဟုဆို၍ ချအပ်၏။

သပိတ်ကို ဝိကပ္ပနာမပြု အဓိဋ္ဌာန် မတင်မိဘဲ ဆယ်ရက်လွန်၍ စွန့်လျှင် "အယံ မေ ဘန္တေ ပတ္တော ဒသာဟာတိက္ကန္တော နိဿဂ္ဂိယော၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ" ဆို၍စွန့်၊ ဒေသနာကြား၊ "ဣမံ ပတ္တံ အာယသ္မတော ဒမ္မိ" ဟုဆို၍ ပြန်ပေးအပ်၏။

**ဆယ်ရက်လွန်။** ။သင်္ကန်းအဓိဋ္ဌာန်မတင် ဝိကပ္ပနာမပြုဘဲ ဆယ်ရက် လွန်သွားလျှင် တထည်ဖြစ်အံ့၊ "ဣဒံ မေ ဘန္တေ စီဝရံ ဒသာဟာတိက္ကန္တံ နိဿဂ္ဂိယံ၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ" ဟုဆို၍ ရဟန်းတပါးထံစွန့်၊ ဒေသနာကြား၊ "ဣမံ စီဝရံ အာယသ္မတော ဒမ္မိ" ဟုဆို၍ ပြန်ပေး။

သင်္ကန်းအများဖြစ်လျှင် "ဣမာနိ မေ ဘန္တေ စီဝရာနိ ဒသာဟာတိက္ကန္တာနိ နိဿဂ္ဂိယာနိ၊ ဣမာနာဟံ အာယသ္မတော နိဿဇ္ဇာမိ" ဟုဆို၍ ရဟန်းတပါးထံစွန့်၊ ဒေသနာကြား။ "ဣမာနိ စီဝရာနိ အာယသ္မတော ဒမ္မိ" ဟုဆို၍ ပြန်ပေး။

ဝါဆိုပုံ။ ။"ဣမသ္မိံ ဝိဟာရေ ဣမံ တေမာသံ ဝဿံ ဥပေမိ" ဟူ၍ သုံးခေါက်ဆိုပါ။ ဣမသ္မိံ ဝိဟာရေ ဤကျောင်းတိုက်တာ အရာမ်အတွင်း၌၊ ဣမံတေမာသံ–ဤဝါတွင်းသုံးလပတ်လုံး၊ ဝဿံ–ဝါတို့၊ ဥပေမိ–ကပ်ပါ၏၊ ဝါ-ဝဿံ ဥပေမိ–ဝါဆိုပါ၏။

ဝါပန်ပုံ။ ။ဝါတွင်း၌ သီဘင်းသုံးဘော် ငါးယောက် အမိ-အဘာ ဤခုနစ်ယောက် မမာသော်ငြင်း၊ တပါးသောသူတို့က "ဒါနဉ္စ ဒါတုံ ဓမ္မဉ္စ သောတုံ မုခဉ္စ ပဿိတုံ" လှူလို တရားနာလို ဖူးမြင်လို၍ဟု တုံ့သုံးချက် တချက်ချက်ဖြင့် ပင့်သော်ငြင်း၊ "အန္တော သတ္တာဟေ ပဋိနိဝတ္တေဿာမိ" ဟူ၍ ငြင်း၊ "သတ္တာဟဗ္ဘန္တရေ ပဋိနိဝတ္တေဿာမိ" ဟူ၍ငြင်း၊ "ခုနစ်ရက်အတွင်း ပြန်လာအံ့" ဟု နှုတ်သုံးသွင်း၍ သွားအပ်၏။

နှုတ်ဖြင့် ဆို၍ ဝါပန်လျှင် နောင်အခါ "ပန်မိသလော မပန်မိသလော" ဟု ယုံမှားဖြစ်သောအခါ ယုံမှားပျောက်နိုင်ခြင်းအကျိုးကား ရှိ၏၊ နှုတ်ဖြင့် ပန်ခြင်းကား စာ၌မလာ။

ပဝါရဏာပြုပုံ။ ။ထေရ်ကြီး "သံဃံ အာဝုသော ပဝါရေမိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ ပဿန္တော ပဋိကရိဿာမိ" ထေရ်ငယ် "သံဃံ ဘန္တေ ပဝါရေမိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ ပဿန္တော ပဋိကရိဿာမိ"

အာဝုသော–ငါ့ရှင်တို့၊ ဒိဋ္ဌေနဝါ–မြင်သဖြင့်ဧင်း၊သုတေန ဝါ–ကြားသဖြင့်ဧင်း၊ပရိသင်္ကာယဝါ–ရွံ့ရှာသဖြင့်ဧင်း၊ သံဃံ– သံဃာတော်ကို၊ ပဝါရေမိ–ဘိတ်၏၊ မံ-အကျွန်ုပ်ကို–အနုကမ္ပံ အစဉ်သနားခြင်းကို၊ ဥပါဒါယ–အစွဲပြု၍၊ အာယသ္မန္တော- အရှင်ဘုရားတို့သည်၊ ဝဒန္တု-ဆိုကုန်လော့၊ ပဿန္တော–အပြစ်ကို ရှုလျက်၊ ပဋိကရိဿာမိ–ကုစားအံ့။

**ကထိန်အနုမောဒနာ။ ပြုပုံ**

။ထေရ်ကြီး–"အတ္ထတံ အာဝုသော သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာဂရာ အနူမောဒါမ" သို့မဟုတ် "အနုမောဒါမိ" ဟူ၍ ဆိုရာ၏။ **ထေရ်ငယ်** "အတ္ထတံ ဘန္တေ သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒါမ" သို့မဟုတ် "အနုမောဒါမိ" ဟူ၍ ဆိုရာ၏။

ဘာဝုသော–ငါ့ရှင်တို့၊ သံဃဿ-သံဃာတော်သည်၊ကထိနံ ကထိန်ကို၊ အတ္ထတံ–ခင်းအပ်ပါပြီ၊ ကထိနတ္ထာရော-ကထိန်ခင်း ခြင်းသည်၊ ဓမ္မိကော–တရားနှင့်ယှဉ်ပါ၏၊ အနုမောဒါမ–ဝမ်း မြောက်ပါကုန်၏၊ (အနုမောဒါမိ–ဝမ်းမြောက်ပါ၏။)

**ကျန်းဂန့်လာ။ တောင်းပန်ကန်တော့ပုံ**

။"အစ္စယော မံ ဘန္တေ အစ္စဂမာ ယထာဗာလံ ယထာမူဠှံ ယထာအကုသလံ၊ ယွာဟံ ဧဝ မကာသိံ တဿ မေ ဘန္တေ အစ္စယံ အစ္စယတော ပဋိဂ္ဂဏှာတု အာယတိံ သံဝရာယ"

ဘန္တေ–အရှင်ဘုရား၊ ယထာဗာလံ-မိုက်သည့်အလျောက်၊ ယထာမူဠှံ=တွေဝေသည်အလျောက်၊ယထာအကုသလံ-မလိမ်မာ

သည့်အလျောက်၊ မံ–ဘုရားတပည့်တော်သို့၊ အစ္စယော–အပြစ်သည်၊ အစ္စဂမာ– လွှမ်းမိုး၍ ရောက်ချေပြီ၊ ဘန္တေ–အရှင်ဘုရား၊ ယွာဟံ–အကြင်တပည့်တော်သည်၊ ဧဝံ–ဤသို့၊ အာကာသိံ ပြုမိပါပြီ၊ အယျော–အရှင်မြတ်ဘုရားသည်၊ တဿမေ–ထိုတပည့်တော်၏၊ အစ္စယံ–အပြစ်ကို၊ အစ္စယတော–အပြစ်အားဖြင့် အာယတိံ–နောင်အခါ၌၊ သံဝရာယ– စောင့်ရှောက်ခြင်း အကျိုးငှာ၊ ပဋိဂ္ဂဏှာတု–အနာမယူ သည်းခံတော်မူပါဘုရား။

ဆရာ။ ။"တံ တေ မယံ ပဋိဂ္ဂဏှာမ" တေ–သင်၏၊ တံ–ထိုအပြစ်ကို၊ မယံ–ငါတို့သည်၊ ပဋိဂ္ဂဏှာမ–အနာမယူ သည်းခံတော်မူကုန်၏။

တပည့်။ ။အာမဘန္တေ။ ။ဘန္တေ–အရှင်ဘုရား၊ အာမ–ကောင်းလှပါပြီ ဘုရား။

**နေလွဲ။** ။"အဟံ ဘန္တေ ဝိကာလေ ဂါမပ္ပဝေသန **ရွာဝင်ပန်ကြားပုံ** အာပုစ္ဆာမိ" ဘန္တေ–အရှင်ဘုရား၊ အဟံ–ဘုရားတပည့်တော်သည်၊ ဝိကာလေ–နေလွဲသောအခါ၌၊ ဂါမဂ္ဂဝေသနံ–ရွာတွင်းဝင်ခြင်းကို၊ အာပုစ္ဆာမိ–ပန်ကြားပါ၏။

ဤသို့ ထင်ရှားရှိသော ရဟန်းကို ပန်ကြား၍ မွန်းလွဲသော အခါ ရွာတွင်းသို့ ဝင်အပ်၏။

**ဒကာ၄–မျိုး**

၁။ တောင်းသာ တောင်းကောင်း၍ မပေးကောင်းသော ဒကာ။
၂။ ပေးသာပေးကောင်း၍ မတောင်းကောင်းသောဒကာ။
၃။ တောင်းလည်း မတောင်းကောင်း၊ ပေးလည်း မပေး ကောင်းသော ဒကာ။

၄။ တောင်းလည်းတောင်းကောင်း၊ ပေးလည်းပေးကောင်း သော ဒကာ။

ဤကား ဒကာ ၄-မျိုး ဖြစ်သည်။

၁။ ဆွေမျိုးမတော်သူဖြစ်၍ "တောင်းပါ"ဟု ဖိတ်ကြား ထားလျှင် တောင်းသာ တောင်းကောင်းသည်၊ မပေး ကောင်း၊ ကျောင်းဒကာ—ကျောင်း ဒကာမပင်ဖြစ်စေ မပေးကောင်းပေ၊

၂။ ဝေယျာဝစ္စ ဝတ်ကြီးဝတ်ငယ် ပြုပေးသူအား ပေးသာ ပေးကောင်း၏၊ မတောင်းကောင်း။

၃။ မဖိတ်လည်း မဖိတ်၊ ဝတ်ကြီးဝတ်ငယ်လည်းမပြုသူအား မပေးလည်း မပေးကောင်း၊ မတောင်းလည်း မတောင်း ကောင်းပေ။

၄။ ဖိတ်လည်းဖိတ်ထား၊ ဝတ်ကြီးဝတ်ငယ်လည်း ပြုပေးသူ အား ပေးလည်း ပေးကောင်း၊ တောင်းလည်း တောင်း ကောင်းသည်။

## ကာလိက—၄ပါး

၁။ နံနက် အရုဏ်တက်မှ အကပ်ခံ၍ နေမွန်းတည့်အတွင်း အပ်သော ခဲဘွယ်ဘောဇဉ်သည် "ယာဝကာလိက" မည်၏။

၂။ ယနေ့ အရုဏ်တက်မှ နက်ဖြန် အရုဏ်အတွင်း အပ်သော အဖျော်ရည်သည် "ယာမကာလိက" မည်၏။

၃။ ခုနစ်ရက်အတွင်းအပ်သော လျက်ဘွယ် ဆေးငါးပါး သည် "သတ္တာဟ ကာလိက"မည်၏။

၄။ တသက်လုံးအပ်သော ဇာဒိပ္ပလိ, လေးညှင်း, နနွင်း, သိန္ဓောစသော ဆေးသည် "ယာဝဇီဝက" မည်၏။
ယင်း ကာလိက ၄-ပါးတို့တွင် (၂-၃-၄)ကာလိက ၃-ပါးသည် နေလွဲသောအခါ နာသောသူ, ဆာလောင် မွတ်သိပ်သော သူတို့အား အပ်၏။ မနာသောသူ, မဆာသောသူတို့အား မအပ်။ နာသောသူတို့မှာ ပကတိအတိုင်း သုံးဆောင်နိုင်သည်။ ဆာသော သူမှာ ထန်းလျက်ကို ရေကျို၍ ရေဖျော်၍ သုံးဆောင်ရသည်။ ပျားရည် ကြံရည်များလည်း ရေရောမှ အပ်သည်။

## ဒေသနာကြား

### ၁။ သိတင်းငယ်က သိတင်းကြီးထံ ကြားပုံ

ကြား။ ။အဟံ ဘန္တေ သဗ္ဗာ အာပတ္တိယော အာဝိကရောမိ။
(အရှင်ဘုရား တပည့်တော်သည် အလုံးစုံကုန်သော သင့်မိသမျှ အာပတ်တို့ကို ထင်စွာ ပြုပါ၏။)

ခံ။ ။သာဓု အာဝုသော သာဓု သာဓု
(ငါ့ရှင် ကောင်းပြီ-ကောင်းပြီ-ကောင်းပြီ။)

ကြား။ ။အဟံ ဘန္တေ သမ္ဗဟုလာ နာနာဝတ္ထုကာ သဗ္ဗာ အာပတ္တိယော အာပဇ္ဇိံ၊ တာ တုမ္ဟမူလေ ပဋိဒေသေမိ။
(အရှင်ဘုရား ဘုရားတပည့်တော်သည် များစွာ ကုန်သော အမျိုးမျိုးဝတ္ထု ရှိကုန်သော အလုံးစုံ

ကုန်သော အာပတ်တို့သို့ ရောက်၂ါပြီ။ ထိုအာပတ်တို့ကို အရှင်ဘုရားတို့၏ အထံ၌ ပြောကြားပါ၏။)

ခံ။ ။ပဿသိ အာဝုသော တာ အာပတ္တိယော။
(ငါ့ရှင် ထိုအာပတ်တို့ကို ရှု၏လော)

ကြား။ ။အာမ ဘန္တေ ပဿာမိ။
(အရှင်ဘုရား မှန်ပါ ရှုပါ၏။)

ခံ။ ။အာယတိံ အာဝုသော သံဝရေယျာသိ။
(ငါ့ရှင် နောင်အခါ၌ စောင့်စည်းလော)

ကြား။ ။သာဓု သုဋ္ဌု ဘန္တေ သံဝရိဿာမိ။
(အရှင်ဘုရား ကောင်းပါပြီ၊ ကောင်းစွာစောင့်စည်းပါအံ့။)

ခံ။ ။သာဓု အာဝုသော သာဓု သာဓု။
(ငါ့ရှင် ကောင်းပြီ-ကောင်းပြီ-ကောင်းပြီ။)

## ၂။ သီတင်းကြီးက သီတင်းငယ်ထံကြားပုံ

ကြား။ ။အဟံ အာဝုသော သဗ္ဗာ အာပတ္တိယော အာဝိကရောမိ။

ခံ။ ။သာဓု ဘန္တေ သာဓု သာဓု။

ကြား။ ။အဟံ အာဝုသော သမ္ဗဟုလာ နာနာဝတ္ထုကာ သဗ္ဗာအာပတ္တိယော အာပဇ္ဇိံ တာ တုမှမူလေ ပဋိဒေသေမိ။

ခံ။ ။ပဿထ ဘန္တေ တာ အာပတ္တိယော။

ကြား။ ။အာမ အာဝုသော ပဿာမိ။

ခံ။ ။အာယတိံ ဘန္တေ သံဝရေယျာထ။

ကြား။ ။သာဓု သုဋ္ဌု အာဝုသော သံဝရိဿာမိ။

ခံ။ ။သာဓု ဘန္တေ သာဓု သာဓု။

### ၃။ သီတင်းငယ်က ထပ်၍ ကြားပုံ

ကြား။ ။အဟံ ဘန္တေ သမ္ဗဟုလာ နာနာဝတ္ထုကာ သဗ္ဗာ အာပတ္တိယော အာပဇ္ဇိံ၊ ဘာ တုမှမူလေ ပဋိဒေ သေမိ။

ခံ။ ။ပဿသိ အာဝုသော တာ အာပတ္တိယော။

ကြား။ ။အာမ ဘန္တေ ပဿာမိ။

ခံ။ ။အာယတိံ အာဝုသော သံဝရေယျာသိ၊

ကြား။ ။သာဓု သုဋ္ဌု ဘန္တေ သံဝရိဿာမိ၊

ခံ။ ။သာဓု အာဝုသော သာဓု သာဓု။

**ဒေသနာကြား။ ဒေသနာခံ** ။"အဟံ ဘန္တေ သဗ္ဗာ အာပတ္တိယော" စသည်ဖြင့် သီတင်းငယ်က ပြောခြင်း ကြားခြင်းကို ဒေသနာကြားဟု ခေါ်၍ ယင်းသို့ ပြောကြားခြင်းကို သီတင်းကြီးက "သာဓု အာဝုသော သာဓု သာဓု" စသည်ဖြင့် လက်ခံခြင်းကို ဒေသနာခံဟု ဆို၏။ အကြီးက စတင်ကြားရာ၌လည်း နည်းတူဖြစ်၏။

**ထိုင်ပုံစသည်။** ။ဒေသနာကြားလိုသော ရဟန်းတော်သည် သင်းပိုင် ဧကသီများကို ကောင်းမွန်စွာ ဝတ်၍ ဆောင့်ကြောင့်ထိုင်၍ ဒေသနာခံသူက ကြီးလျှင် သူ့ကို ရှိခိုး, ဒေသနာကြားသူက ကြီးလျှင် ရှိမခိုးဘဲ ဒေသနာခံသူဘက်သို့ လှည့်၍ ရိုသေစွာ ဒေသနာကြားရမည်။ ဒေသနာခံသူသည် အရိုအသေ ပေးဘွယ်မလို။ အပြန်အလှန် ကြားမှုလိုး၏။

# ဒုလ္လဘရဟန်းအစ
## သဏ္ဍာဟ ပဗ္ဗဇိတ မထေရ်က

ဤဘဒ္ဒကမ္ဘာမှ ပြန်၍ရေတွက်သည်ရှိသော် (၉၁) ကမ္ဘာ ထက်၌ ဝိပဿီမြတ်စွာဘုရား ပွင့်တော်မူ၏။

ထိုဝိပဿီဘုရားရှင်၏ တပည့်အပေါင်း သံဃာတော်များကို လူအများ ရိုသေမြတ်နိုးကြ၏။

ထိုအခါ အမျိုးသား တယောက်သည် စည်းစိမ်ဥစ္စာ ပျက်စီးခြင်းသည် ဖြစ်ခဲ့၏။

ထိုကြောင့် ထိုသူသည် ပျက်စီးခြင်းမှ ငြိမ်းအေးစေခြင်းငှာ မြတ်စွာဘုရား သာသနာတော်၌ မြတ်စွာဘုရား၏ အဆုံးအမ တော်ကို အလိုရှိသူ၏ အဖြစ်ဖြင့် ရဟန်းပြု၍ (၇)ရက်ပတ်လုံး အလွန်မွေ့လျော်ခဲ့၏။

* * *

ထိုအမျိုးသားသည် (၉၁)ကမ္ဘာထက်၌ ရဟန်းပြုခဲ့ရသော အခါမှစ၍ အပါယ်လေးပါး လားရသည်ကို မသိစဘူးပေ၊ ဤသို့ ဖြစ်ရခြင်းသည် (၇)ရက် ရဟန်းပြုရခြင်း၏ အကျိုးပေးဝသည်း။

ဤဘဒ္ဒကမ္ဘာမှ (၆၇)ကမ္ဘာထက်၌ **သနိက္ခမဟု** ထင်ရှား ကုန်သော စကြာမင်းတို့သည် (၇)ကြိမ်တိုင်တိုင် ဖြစ်ခဲ့ဘူး ကုန်၏။

ဤဂေါတမဘုရားရှင် လက်ထက်တော်တွင် (၇၉)ရက် ရဟန်းပြုခဲ့ဘူးသောအကျိုးဆက်ကြောင့်**သတ္တာဟပဗ္ဗဇိတမထေရ်** ဟူသောအမည်ဖြင့် ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးတို့ကို မျက်မှောက်ပြုအပ်ပါပြီ၊ မြတ်စွာ ဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံး၍ ပရိနိဗ္ဗာန်စံဝင် တော်မူလေ၏။ (ထေရာပဒါဒါနိပါဠိတော်)

**မှတ်ချက်။** ။ဤသတ္တာဟ ပဗ္ဗဇိတ မထေရ် ဝတ္ထုကို အကြောင်းပြု၍ ယခုကာလ၌ လူတို့သည် ဒုလ္လဘ ရဟန်းဝတ်လျှင် (၇)ရက် ဝတ်ကြကုန်၏။

**သိက္ခာပုဒ်တွေများလွန်း၍၊ လူထွက်လိုသောရဟန်း** ။မြတ်စွာဘုရား သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူစဉ် သူဌေးသား တယောက်သည် မိမိအိမ်သို့ အမြဲကြွလာသော ဆရာရဟန်းထံ ချဉ်းကပ်၍ လျှောက်ထား သည်။

"အရှင်ဘုရား တပည့်တော် ဆင်းရဲမှ လွတ်လိုပါတယ်၊ ဆင်းရဲမှ လွတ်မြောက်သော အကြောင်းတခုကို ဟောတော်မူပါ ဘုရား"

ဆရာရဟန်းတော်သည် သူဌေးသားအား ဆင်းရဲမှ လွတ် မြောက်ကြောင်းဖြစ်သော လောကီကြီးပွားရေးနှင့် သလာက ဘတ်၊ ပက္ခိကဘတ်၊ ဝါဆိုသင်္ကန်းအလှူ၊ သရဏဂုံဆောက်တည် ပြုခြင်း၊ ငါးပါးသီလစောင့်ထိန်းခြင်းတို့ကို ပြုလုပ်စေ၏။

ဤသို့ သူဌေးသားသည် အစဉ်အတိုင်း ကုသိုလ်ကောင်းမှုတို့ကို ပြုသောကြောင့် အနုပုဗ္ဗသူဌေးသား ဟု ကျော်ကြားလေ၏၊ သူသည် ဤမျှနှင့် မကျေနပ်၍ ဆရာရဟန်းထံ ထပ်၍ လျှောက်ထားပြန်၏။

"အရှင်ဘုရား ထို့ထက်အလွန် ပြုဘွယ်ရှိပါသေးသလား ဘုရား"

"ဒါဖြင့် သင်ရဟန်းပြုလော့"ဟု စေခိုင်း၏။

သူဌေးသားသည် ရဟန်းပြု၍ အဘိဓမ္မာဆောင်ဆရာ၊ ဝိနည်းဆောင်ဆရာနှစ်ပါးထံ မှီဝဲသည်းကပ် နေထိုင်ခဲ့၏။

သူသည် အဘိဓမ္မာဆောင်ဆရာထံ ချဉ်းကပ်သောအခါ "မြတ်စွာဘုရား သာသနာ၌ ဤမည်သော အမှုကို ပြုအပ်၏၊ ဤမည်သောအမှုကို မပြုအပ်"ဟု ဆုံးမ၏။

ဥပဇ္ဈာယ် ဝိနည်းဆောင် ဆရာထံ ချဉ်းကပ်သောအခါ မြတ်စွာဘုရားသာသနာတော်၌ ဤမည်သော အမှုကို ပြုအပ်၏၊ ဤမည်သော အမှုကို မပြုအပ်၊ ပြုသော် မည်သည့်အပြစ် အာပတ် သင့်သည် စသည်ဖြင့် ဆုံးမ၏။

ထိုအခါ သူဌေးသား ရဟန်းတော်ကလေးက စဉ်းစားသည်၊ "ငါသည် ဝန်လေးသောအမှုကို ပြုမိလေစွတကား၊ ငါသည် ဆင်းရဲမှ လွတ်မြောက်လို၍ ရဟန်းပြုဘိ၏၊ ယခုမူ ဤသာသနာတော်၌ ငါ့မှာ လက်ဆန့်ရာ နေရာမျှပင် မရှိပါကလား၊ လူ့ဘဝမှာနေ၍ အားထုတ်လျှင် ဆင်းရဲမှ လွတ်နိုင်ရာ၏၊ ငါသည် လူထွက်ရလျှင် ကောင်းမှာဘဲ"ဟု ကြံစည်၍ တရားကို နှလုံးမသွင်းနိုင်၊ တမှိုင်မှိုင် တဘွေ့တွေ့နှင့် ကြုံလှီပိန်ချုံး၍ နေလေ၏။

ထိုပုဟန်းတော်ကို အတူနေ ရဟန်း-သာမဏေ တို့က အမျိုးမျိုး ပြောဆိုဆုံးမသော်လည်း မရ၍ ၎င်း၏ဆရာ ဥပဇ္ဈာယ် တို့မှဘဆင့် ဘုရားသခင်ထံသို့ ခေါ်သွားကာ အကျိုးအကြောင်း လျှောက်ထား၍ ဘုရားရှင်က မေးတော်မူသည်။

"ချစ်သားရဟန်း သင်သည် သိက္ခာပုဒ်တွေ များလွန်း၍ မစောင့်ထိန်းနိုင်လျှင် တပါးတည်းကိုသာ စောင့်ထိန်းနိုင်မည် လော၊ ကြွင်းသောအမှုကိစ္စတွေကို စောင့်ထိန်းဘွယ်မရှိ"

"အရှင်ဘုရား တပါးဟူသည် အဘယ်ပါနည်း"

"ချစ်သားရဟန်း တပါးဟူသည် သင့်စိတ်ပင်တည်း၊ သင့် စိတ်တလုံးကိုသာလျှင် သင်နိုင်အောင် စောင့်ထိန်းနိုင်ပါလျှင် ဆင်းရဲမှ လွတ်လတ့်"ဟု မိန့်တော်မူလေ၏။

ရဟန်းတော်သည် ဘုရားရှင် မိန့်တော်မူသည့်အတိုင်း မိမိ စိတ်ကို မိမိနိုင်အောင်ထိန်း၍ တရားအားထုတ်လေရာ သောတာ ပတ္တိဖိုလ်သို့ ရောက်တော်မူလေ၏။

**ဥပဒေသ။** ။အလွန်မြင်နိုင်ခဲသော, အလွန်သိမ်မွေ့စွာသော၊ အလိုရှိရာအာရုံ၌ ကျရောက်တတ်သော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏၊ လုံခြုံစွာစောင့်ရှောက်အပ်ပြီး သော စိတ်သည် မဂ်-ဖိုလ်နိဗ္ဗာန်ချမ်းသာတို့ကို ဆောင်တတ်၏။

**မှတ်ချက်။** ။ဤဝတ္ထုကိုထောက်လျှင်ဒုလ္လဘ ရဟန်းများသည် ဝိနည်းသိက္ခာပုဒ်အားလုံး တတ်သိနားလည်ရန်မလို၊ အပြစ်မဖြစ် အာပတ်မသင့်အောင် မိမိစိတ်ကို မိမိနိုင်အောင် ထိန်းသိမ်း စောင့်ရှောက်၍ သာသနာတော်၌ နေနိုင်ပါသည်။

## မုရန္ဒစ်ဖြာ အားထုတ်ပါ

ပရိယတ္တိ မသိက္ခန္တော
နာရဒ္ဓေါ ပဋိပတ္တိယံ
အလသော ဒုဗ္ဗိတက္ကော သော
ကိံ တံသေလံ အတိဿတိ။

ပရိယတ္တိ စာပေကိုလည်း မသင်ကြား၊ ပဋိပတ္တိအကျင့်တရားကိုလည်း အားမထုတ်၊ ပျင်းရိကာ မကောင်းသည်ကို ကြံနေသော ထိုရဟန်း-သာမဏေသည် ဘယ်သို့လျှင် ထိုဂိဇ္ဈကုဋ်တောင်ကြီးကို ကျော်လွန်နိုင်အံ့နည်း။

## ပဉ္စဝေက္ခဏာ ဆင်ခြင်ပါ

အာဒိတ္တာယော ဝိဟာရေသု
ဒိတ္တာ စီဝရ ပါရုတာ
တတ္တာယော ဂုဠဘုတ္တာ တေ
တသ္မိံ ဝသန္တိ ဒုစ္စရာ။ ။

မကောင်းသောအကျင့်ကို ကျင့်ကုန်သော ထိုအလဇ္ဇီရဟန်းတို့သည် ဂိဇ္ဈကုဋ်တောင်၌ ရဲရဲငြိသော သံပူကျောင်းတို့၌ ရဲရဲငြိသော သင်္ကန်းကို ဝတ်ရုံလျက် ပူလောင်သော သံချွေဆွမ်းကို ဘုဉ်းပေးလျက် နေကုန်၏။

## သံသရာဝဋ်မှ လွတ်ဘို့ရန်ဝေး

မောစနတ္ထာယ ပဗ္ဗဇ္ဇ
သံကိလိဋ္ဌာ ပမာဒိနော
သုဂတျာပိ စတေ ဘဋ္ဌာ
အတိဒူရာဝ မုတ္တိတော။

သံသရာဝဋ် တဏှာညွတ်မှ ကျွတ်လွတ်ပါရခြင်းငှာ ရှင်-ရဟန်းပြု၍ အာပတ်အညစ်အကြေးဖြင့် ညစ်ညူးကုန်သော မေ့မေ့လျော့လျော့ နေကုန်သော ထိုအလဇ္ဇီရှင်-ရဟန်းတို့သည် သုဂတိဘဝမှလည်း လျောကျကုန်၏၊ သံသရာဝဋ် လွတ်မြောက်ခြင်းမှလည်းအလွန်ဝေးကွာကုန်၏။

## ကိုယ်နှုတ်စိတ်ကိုဆုံးမပါ

သေယျော အယောဂုဠော ဘုတ္တော
တတ္တော အဂ္ဂိသိခူပမော
ယဉ္စေ ဘုဉ္ဇေယျ ဒုဿီလော
ရဋ္ဌပိဏ္ဍံ အသညတော။

ပြောင်ပြောင်ရဲရဲ မီးခဲမီးလျှံနှင့် အလားတူသော သံတော့ခဲကို စားမျိုရခြင်းသည် ကောင်းမြတ်သေး၏၊ ကိုယ် နှုတ်စိတ်ကို မစောင့်စည်းသော ဒုဿီလရဟန်း၏ နိုင်ငံသူ-နိုင်ငံသားတို့၏ ဆွမ်းကို စားသောက်ခြင်းသည် မကောင်းမြတ်သည်သာတည်း။ (စတုရာရက္ခကျမ်း)

## လျှာကိုဆွမ်းပူမလောင်စေနှင့်

ဥပဇ္ဈာယော မံ ဘုဉ္စမာနံ
သာလိကူရံ သုနိဗ္ဗုတံ
မာဟောဝ သာမဏေရ
ဇိဝှံ ဈာပေဟိ အသညတော။ ။

အလွန်အေးလေပြီးသော သလေးဆွမ်းကို ဘုဉ်းပေးနေသော "သံဃရက္ခိတသာမဏေ"ကို ဥပဇ္ဈာယ်ဆရာမြတ်က သာမဏေ ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ သင်၏လျှာကို ဆွမ်းပူမလောင်စေနှင့်(ဝါ)ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ သုံးဆောင်က သင်၏လျှာကို ဆွမ်းပူလောင်လိမ့်မည် ဟု မိန့်တော်မူ၏။

## သံကိုသံဖျက် သံချေးတက်

အယသာဝ မလံ သမုဋ္ဌာယ
တဒုဋ္ဌာယ တမေဝ ခါဒတိ
ဧဝံ အတိဓောန ခါရိနံ
တာနိ ကမ္မာနိ နယန္တိ ဒုဂ္ဂတိံ။ ။

သံတုံးသံခဲမှ သံချေးဖြစ်ပြီး ထိုသံတုံးခဲကိုသာလျှင် စားသကဲ့သို့ ထို့အတူ ပစ္စည်းလေးပါး၌ တွေ့ဝေဘပ်မက်မှုစသော အညစ်အကြေးတို့ကို ခါထွက်ဆေးလျှော်ကြောင်းဖြစ်သော ပစ္စဝေက္ခဏာ ဉာဏ်ပညာကို ကျူးလွန်၍ကျင့်သော ရဟန်း-သာမဏေကို ထိုမိမိသန္တာန်၌ဖြစ်သော "ဣဏပရိဘောဂ" အမှုတို့သည် အပါယ်လေးပါးသို့ ပို့ချကုန်၏။ (ဓမ္မပဒ)

## ရှင်မပြုကောင်းသူ ၁၁-ယောက်

၁။ ဘာ၁ဝရုပ် ချိုသော ပဏ္ဍုက်
၂။ အသွင် အခေါင်းအဖော် ခိုးသူ
၃။ တိတ္ထိအယူသို့ ပြောင်းသွားသော ရဟန်း
၄။ တိရစ္ဆာန်
၅။ အမိသတ်သူ
၆။ အဘသတ်သူ
၇။ ရဟန္တာသတ်သူ
၈။ ဘုရား သွေးစိမ်းတည်အောင် ပြုသူ
၉။ သံဃာသင်းခွဲသော ရဟန်း
၁၀။ ဘိက္ခုနီမကို ဖျက်ဆီးသော ရဟန်း
၁၁။ နိမိတ်နှစ်ခုရှိသော ဥဘတောဗျည်း၊ ဤ ၁၁-ယောက်သည် ရှင့်အဖြစ် ရဟန်းအဖြစ် မထိုက်သော ပုဂ္ဂိုလ်တို့ မည်ကုန်၏။ ယင်း ၁၁-ယောက်၌-
၁၂။ အသက်နှစ်ဆယ် မပြည့်သောသူ
၁၃။ ပါရာဇိကကျသူ ထည့်လျှင် ရဟန်းမခံကောင်းသူ (၁၃)ယောက် ဖြစ်၏။

## ထေယျသံဝါသက ၃-မျိုး

၁။ ကိုယ်တိုင် သင်္ကန်းဝတ်၍ ရဟန်းသာမဏေအသွင် ယူသော သူသည် အသွင်ခိုး "လိင်္ဂထေနက"
၂။ ရဟန်းဟု ဝန်ခံ၍ ပေါင်းဖော်ခြင်း ခိုးသော သာမဏေသည် ပေါင်းဖော်ခိုး "သံဝါသထေနက"

၃။ အသွင် ပေါင်းဖော်ခြင်း နှစ်ပါးလုံး ခိုးသော သူသည် "ဥဘယထေနက"

ခြင်းချက်။ ။မင်းဘေး စသည်ကြောင့် ကိုယ်တိုင် သင်္ကန်းဝတ်ပြီးလျှင် သံဃာအလယ်သို့ မဝင်ဘဲ နေငြားအံ့။ ဝင်သော်လည်း မှန်သည့်အတိုင်း လျှောက်ကြား ဝန်ခံ၍ ပေါင်းဖော်ခြင်း မပြုဘဲ နေငြားအံ့။ "ထေယျသံဝါသက" မဖြစ်။

ဤသို့ မဝတ်ကောင်းဟု မသိသူသည် ကိုယ်တိုင်ဝတ်၍ရဟန်းပြုအံ့၊ သာမဏေ မဖြစ်ခဲ့သော်လည်း ရဟန်းကောင်း ဖြစ်၏။ ရဟန်းမပြုမီ သိလျှင်ကား ဝန်မခံဘဲမနေအပ်။

## ရှင်–ရဟန်းတို့ မစားကောင်းသော

## အသားကြီး ၁၀–မျိုး

၁။ လူသား (ဇာတ်တူသားဖြစ်၍ မစားအပ်, စားလျှင် ထုလ္လစ္စည်း အာပတ်သင့်၏။)

၂။ ဆင်သား } မင်းအင်္ဂါဖြစ်၍ မစားအပ်၊ စားက ဒုက္កဋ်အာပတ်သင့်၏။
၃။ မြင်းသား

၄။ ခွေးသား } ရွံဘွယ်ဖြစ်၍ မစားအပ်၊ စားက ဒုက္ကဋ်အာပတ်သင့်၏။
၅။ မြွေသား

၆။ ခြင်္သေ့သား } အနံ့ဖြင့်အလိုက်ခံရတတ်သည်၊ ဘေးရန်ဖြစ်တတ်၍မစားအပ်၊ စားလျှင် ဒုက္ကဋ်အာပတ်သင့်၏။
၇။ ကျားသား

၈။ ကျားသစ်သား ⎫ အနံ့ဖြင့် အလိုက်ခံရတတ်သည်၊
၉။ ဝံသား ⎬ ဘေးရန်ဖြစ်တတ်၍ မစားအပ်၊
၁၀။ အောင်းသား ⎭ စားလျှင် ဒုက္ကဋ်အာပတ်သင့်၏။

ဤအသားကြီး ၁၀ ပါးတို့သည် မသိသော်လည်း မစားအပ်သော အသားတို့ ဖြစ်ကုန်၏၊ အသွေး-အမွေး—အရိုး—အရေလည်း မအပ်။ အဆီတို့တွင် လူဆီတခုသာ မအပ်။ ကြွင်းအဆီတို့ အပ်ကုန်၏။ နို့ရည်ကား အားလုံးအပ်၏။

**ရည်ညွှန်းအသား။** ။ရဟန်း သာမဏေတို့အား ကျွေးရန်ဟူ၍ ၎င်း၊ ရဟန်း သာမဏေတို့အတွက်, ငါတို့ အတွက်, အလှူမင်္ဂလာအတွက်ဟု တဲ့ဘက်၍၎င်း ရည်စူးကာ သတ်သော အသားသည် "ရည်ညွှန်းအသား=ဥဒ္ဒိဿမံသ" မည်၏။ ယင်းသည်—

၁။ မြင်သော=ဒိဋ္ဌဥဒ္ဒိဿမံသ
၂။ သတင်းကြားရသော "**သုတ ဥဒ္ဒိဿမံသ**"
၃။ စိတ်၌ ယုံမှား ထင်မှတ်အပ်သော "**ပရိသင်္ကိတ ဥဒ္ဒိဿမံသ**"

ဤအသား သုံးမျိုးကို သိလျှင် မစားအပ်၊ မသိလျှင် စားသော်လည်း အပြစ်မရှိ။ သိသော ရဟန်း—သာမဏေက မစားဘဲ မသိသော ရဟန်း သာမဏေအား အစားခိုင်းအံ့၊ နှစ်ပါးလုံး အပြစ်မရှိ။

## မအပ်သောခွက် ၁၁-လုံး

၁-၃။ ဖန်ခွက်, စဥ့်ခွက်, ကြေးဖြူခွက်, ဤသုံးခွက်ကား ပုဂ္ဂလိက မအပ်၊ သံဃာ့ဥစ္စာ လှူဥစ္စာ ဖြစ်မူအပ်၏။

၄-၅။ အိုးအုံ့, ဗူးအုံ့ ဤနှစ်ခွက်ကား တရံတခါသာ အပ်သည်။

၆။ ယစ်သားခွက်ကား အခါခပ်သိမ်း မအပ်။

၇-၁၁။ ရွှေခွက်, ငွေခွက်, ဖန်စစ်ခွက်, ကြောင်မျက်ရွဲခွက် မြခွက် ဤခွက် ငါးလုံးကား ကိုင်ငင် သုံးသပ်ခြင်းငှာပင် မအပ်။ကျောင်းပစ္စည်း ဖြစ်ပါမူကား အပ်၏။

ဤကား ထည့်၍မစားကောင်းသော ခွက် ၁၁ လုံးတည်း။ဖန်သည် ချက်ဖန် ဖြစ်၏။ စဥ့်ခွက်၌ ကြွေပန်းကန်လည်း ပါဝင်၏။ ဖန်စစ်ကား တွင်းထွက် အဖိုးတန် ဖန်ရတနာ ဖြစ်၏။ ပုဂ္ဂလိကဖန်ခွက် သတိပြုသင့်၏။

## အပ်သောခွက် ၃-လုံး

သံခွက်, ကြေးနီခွက်, မြေခွက်, ဤခွက်သုံးလုံးကား အစာအာဟာရ ထည့်၍ စားကောင်းသော ခွက်သုံးလုံးတည်း။

ဝါးနှီးခွက်ကား အပ်-မအပ် တိုက်ရိုက်မလာ၊ ဖက်ခွက်၌ လျော်သည်ဟု အချို့ဆို၏။ ရံခါအပ်ရာ၏။သင်သွားခွက်၌ လျော်

သည်ဟု အချို့ဆို၏၊ အပ်ခွင့်မရှိရာ ယာ၀ကာလိက တခုသာ ထည့်မစားအပ်ဟု အချို့ယူ၏။ ကာလိက လေးပါးလုံး မအပ်ဟု အချို့ယူ၏။ ရေမျှကား ကာလိကဝိမုတ် ဖြစ်သောကြောင့် စင်စစ် အပ်သတည်း။

## သိဘွယ်အမျိုးမျိုး

* နေ့အခါ အိပ်လျှင် အသွက်-အဝင် တံခါးကို ပိတ်၍ အိပ်အပ်၏။ ထိုင်၍ မှီ၍ နောက်မှီကုလားထိုင်၌ပင် ကျောကုန်း မှီ၍ အိပ်လျှင် အပြစ်မရှိ။

* ဆွမ်းဦးကို မိဘ, မိဘလုပ်ကျွေးသူ မိမိ၏ ဝေယျာဝစ္စ ပြုသူ ရှင်လောင်း–ဒမြ–သူခိုး–မင်းစိုးရာဇာတို့အား ပေးအပ်၏။

* ကျောင်းသို့ ရောက်လာသော ညွှေ့သည် သူဆင်းရဲ, ခိုးသူ အစိုးရတို့အား သောက်ရေ, ခြေနယ်ဆီ, ယာဂု, ထမင်း, အိပ်ရာ နေရာ ပေးအပ်၏။

* ခိုးသူအား သံဃိကပစ္စည်းကိုသော်လည်း ပေးအပ်၏၊ ရှင်လောင်းအားကား ရဟန်းတို့ သုံးဆောင်သော ခွက်ဖြင့်သော် လည်း ပေးအပ်၏။ တပါးသော လူတို့အား မပေးအပ်။ ရဟန်း အသုံးအဆောင်သည် လူတို့အား ဧဝီထိုက်၏။

* စားတုန်း စားဆဲ လက်ဆေးရေခွက်၌ တကြိမ်ထက် အလွန် နိုက်ဆေးခြင်း, လက်သုတ်ပဝါ ခဏခဏ သုတ်ခြင်းတို့ သည် မြူမှုန် ပြန်ကပ်ဘတ်၏။ ပြန်စားသောအခါ အကပ်ပျက်ခြင်း ကို ဖြစ်စေနိုင်သည်။

* ခွက်ကခုကဲ၌ ခဲဘွယ်ဘောဇဉ်ကို လက်ဆုံနှိုက်၍ မစားအပ်၊ တလုည့်စီ နှိုက်စားလျှင် အပြစ်မရှိ။

* မိန်းမရုပ်ပါသောပစ္စည်းကို အရုပ်ဖျက်၍ ကိုင်အပ်၏၊ အရုပ်မဖျက်ဘဲ မကိုင်အပ်။

* သက်နှိုးပြင့် မျက်နှာသုတ်ခြင်း မြူမှုန့်ခါခြင်း မပြုအပ်၊ မြူဖုံနှံ့ရှိရာ၌ အခင်းမပါဘဲ မထိုင်အပ်။

* သပိတ်ကိုရေနှင့်တကွ မသိမ်းအပ်၊ နေမလှန်းအပ် ရေသုတ်ပြီးမှ နေလှန်းအပ်၏၊ ကြာရှည်စွာ မလှန်းအပ်၊ အပွန်း၌မထားအပ်၊ သပိတ်ခြေ မပါဘဲ မြေ၌မထားအပ်၊ ဗိုတ်ဆွဲ၍ မထားအပ်၊ ညောင်စောင်း အင်းပျဉ်ထက်၌ မထားအပ်၊ သပိတ်လက်၌ ကိုင်၍ တံခါးဖွင့်ခြင်း, တွန်းခြင်း မပြုအပ်၊ လွယ်လျက် ပွင့်လျှင် တွန်းလျှင် အပြစ်မရှိ။

* ဆွမ်းလောင်းသူ-ဆွမ်းကပ်သူ၏ မျက်နှာကို မကြည့်အပ်၊ မှန့်၌ဖြင့်, ရေခွက်၌ဖြင့် မိမိမျက်နှာရိပ်ကို မကြည့်အပ်၊

* နှစ်ဝါကြီး နှစ်ဝါငယ်သာ နေရာအတူ ထိုင်ကောင်းသည်။ ညောင်စောင်းအင်းပျဉ်၌ နှစ်ပါးထက်လွန်၍ မထိုင်အပ်၊ အယုဘ်ဆုံး သုံးယောက် ထိုင်လောက်သော နေရာရှည် ခုံရှည်၌မူကား လူတို့နှင့်လည်း အတူ ထိုင်အပ်၏။ ပဏ္ဍုက်, မာတုဂါမတို့နှင့်ကား အတူ မထိုင်အပ်။

* အာဂန္တုသည် သူ့ဘပါးအခံ့တွင်း၌ အိပ်ရာနေရာ အာဝါသ ရမှသာလျှင် အာဝါသိက အလားတူပြစ်၍ ဖိနပ်စီးကောင်းသည်။ အသည်သွားလည်း မစီးအပ်။

* ညည်းတွားလျက် ကျင်ကြီး မစွန့်အပ်၊ ဒန်ပူခံလျက် မစွန့်အပ်၊ ကျင်ကြီးတွင်း၌ ကနုတ် မချအပ်၊ ကျင်ငယ်မြောင်း၌ တံတွေး မထွေးအပ်။

* အညစ်အကြေး လိမ်းကပ်သည်ကို မြင်လျှင် ရေဆေးအပ်၏။ သန့်သက်ရေ မရှိလျှင် မြင်သူ ခပ်ထည့်အပ်၏၊ သန့်သက်ရေခွက်၌ ရေကြွင်းမထားအပ်။

## နိဂုံး

**ရေးစ–ရေးပြီးချိန်။** ။ဤမျှသောစကားအစဉ်ဖြင့် ရေးမြို့နယ် အစင်ရွာ မွန်စိန်တောရတွင် ၁၃၄၀ ခုနှစ် တန်ခူးလဆုတ် (၁) ရက်မှ ကဆုန်လဆန်း (၈) ရက်အထိ အနားယူနေခိုက် ရေးသားအပ်သော ဤစာအုပ်သည် ဘေးမသီ ရန်မခ အန္တရာယ် မမြေးယှက်ဘဲ ငလိဗောခ ကြောင့်ကြမရှိ စိတ်နှလုံး အလိုပြည့်စွာနှင့် ဆုံခန်းတိုင်မြောက် အပြီးသို့ ရောက်ပါသည်။

**ကျေးဇူးတင်ပါ၏။** ။ဤစာအုပ်ကိုရေးသားရသောကောင်းမှု များဖြင့် မိမိအပေါ်တွင် ကျေးဇူး ဥပကာရ အထူးရှိကြပေကုန်သော မိဘနှစ်ပါး ဆရာသမားများ၊ ရဟန်းဒကာ-ဒကာမအများ, ပစ္စည်းလေးပါး ဒကာ-ဒကာမ အများ, ဆွေမျိုးဉာတကာအများ, မိတ်ဆွေသင်္ဂဟ အများတို့ အား ကျေးဇူးတုံ့ပြန် ဆပ်ပါ၏။

**အမျှဝေပါ၏။** ။ဤစာအုပ်ကို ရေးသားရသော ကောင်းမှုကုသိုလ်၏အဘို့ဘာဂကို “မြင့်မိုရ်စက္ကဝါ, ပမာဆယ်စု, နှိုင်းမတုအောင်, ဗဟုပကာရ, ဂုဏ်ကြီးလှသား, မိဘနှစ်ဖြာ, မြတ်ဆရာနှင့်, ရာဇာသနင်း, ရောင်းရင်းငယ်ဖော်, ဆွေတော်မျိုးစပ်, အရပ်နေစု, စတုပစ္စယာ, ဒါယကာ ဒါယိကာမ, ဂေါစရဂံ, နိယံမပြတ်, နိစ္စဗဒ်ဖြင့်, ယုတ်မြတ် ကြည်ဖြူ, ပေးလှူတတ်စွာ, မြို့ရွာပတ်ကုံး, သိမ်းကြုံးလုံးစုံ, နိဂုံဇနပဒ, ဝေးနီးစသည်, ရှိကြထိုထို, များလူဗိုလ်ပါ, ကိုယ်ကို စောင့်တတ်, နတ်နှင့်တကွ, ဘုမ္မ-ရုက္ခ အာကာသစိုး, တန်ခိုး မဟိဒ်, ပုညဇိဒ်နှင့်, ဂုဏ်ဟိတ်မြင့်မား, သိကြားသကြာ, ဝါသဝနှင့်, လောကစောင့်လျှင်း, နတ်မင်းလေးဖြာ, သာတာဂိရ, မောမ ဝတ, ဣန္ဒ-စိတ္တ-စသည်တွက်ဘွဲ့, နှစ်ဆယ့်ရှစ်ဦး နတ်စစ်မှူးဟု, အထူးမည်ရ, အဠဝီသ, ယက္ခမဟာ, သေနာပတိ, ထိုပြီတထွေ, ရေပင်လယ်သွား, သူတော်များအား, စောင့်ငြားတတ်သည့်, မဏိမေခလာ, တဖြာထိုဤ, အလိုဖြည့်တတ်, သူရဿတီ, ဒေဝီကျော်စွ, နတ်မယ်လှနှင့်, ဒသဣဿရ, လောကသဟာယ်, ဝန်းပတ်ရံခြုံ, မဟာဗြုံတို့, ပြောဟုံဆူဆူ, မိုးသူမိုးသား, မြေဘွား ရေပေါက်, ထိုရွှေလောက်တိ, ထက်အောက်ဝန်းကျင်, များပုံ ယင်အား, အကြွင်ရှိသမျှ, မကျန်ရအောင်, စေ့ငှမသွေ့, “အမျှ-အမျှ-အမျှ” ဝေသည်, ရစေငါ့နှယ် အတူတည်း” (မဃဒေဝကို အနည်းငယ် ပြင်သည်။)

**ဆုတောင်းလွှာ။** ။ဤစာအုပ်ကို ရေးသားရသော ကောင်းမှုကုသိုလ်တို့ကြောင့် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်ကို ချမ်းသာသော အကျင့် လျင်မြန်သော

အသိဉာဏ်တို့ဖြင့် ထိုးထွင်းသိမြင်၍ သုံးပြင်ဘုံသား ဝေနေယျ သတ္တဝါအများကို တရားစည်ကြီး သောင်းတိုက်ဟည်းအောင် ရိုက်ဘီးနှိုးဆော် ဟောဖော်ညွှန်ပြ၍ နိဗ္ဗာန် ထုတ်ချောက် အရောက် ပို့ဆောင်ကယ်တင်နိုင်သည့်ကိုယ်ဖြစ်ရပါစေသတည်း။

**တောင်းပန်တိုက်တွန်းလွှာ။** ။ဤစာအုပ်၌ဘိမ်းပါးချွတ်ချော် မလျော်ကန်ရာ အဖြာဖြာတို့ အကာယ်စင်စစ် သဘိလစ်ကာ ပါဝင်မိကုန်ငြားအံ့၊ ယင်းတို့ကို ပညာရှိအများ အပြစ်မထားဘဲ ပယ်ရှားနိုင်ကြ ပါစေကုန်သတည်း။ ဗုဒ္ဓမိန့်ဟ, လမ်းစဉ်ကျသည့်, အပြစ်ကင်းပ, လမ်းပြ ဒေသနာ, ကျင့်စရာ အဖြာဖြာတို့ကိုလည်း စိတ်မှာစွဲကပ် သတိ ချပ်၍ မပြတ်ပုံသေ ကျင့်ကြံနိုင်ကြပါစေကုန်သတည်း။

**တေဒဂ်-အရှင်ပညာဇောတ**
ဝိသိဋ္ဌ ဒီဃဘာဏကနှင့် သိရိပဝရဓမ္မာစရိယ
မွန်စိန်တောရ
ရေးမြို့နယ်-အစင်ကျေးရွာ
၁၃၄၀-ခုနှစ် ကဆုန်လဆန်း ၂-ရက်နေ့။

# မွန်ပြည်နယ်–ဘီးလင်းမြို့နယ်
## တောင်စွန်းမြို့–ဓမ္မဒူတတောရ
## ဝတ်ရွတ်စဉ်

| | |
|---|---|
| ၁။ တနင်္ဂနွေနေ့ | မင်္ဂလသုတ် ဓာရဏပရိတ် |
| ၂။ တနင်္လာနေ့ | ရတနသုတ် |
| ၃။ အင်္ဂါနေ့ | မေတ္တသုတ်, ဓမ္မစကြာ |
| ၄။ ဗုဒ္ဓဟူးနေ့ | ခန္ဓသုတ်-မောရသုတ်–ဝဋ္ဋသုတ် |
| ၅။ ကြာသပတေးနေ့ | ဓဇဂ်သုတ် |
| ၆။ သောကြာနေ့ | အာဋာနာဋိယသုတ် |
| ၇။ စနေနေ့ | အင်္ဂုလိမာလသုတ် |
| | ဗောဇ္ဈင်သုတ် |
| | ပုဗ္ဗဏှသုတ် |

### အမြဲပါရမည့် ဝတ်ရွတ်စဉ်
### နိဂုံး

* အနေကဇာတိသံသာရံ, သန္ဓာဝိဿံ အနိဗ္ဗိသံ၊
ဂဟကာရံ ဂဝေသန္တော; ဒုက္ခာ ဇာတိ ပုနပ္ပုနံ။
ဂဟကာရက ဒိဋ္ဌောသိ; ပုန ဂေဟံ နကာဟသိ၊
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ, ဂဟကူဋံ ဝိသင်္ခတံ၊
ဝိသင်္ခါရဂတံ စိတ္တံ, တဏှာနံ ခယမဇ္ဈဂါ။ ။

* အဝိဇ္ဇာပစ္စယာ သင်္ခါရာ
သင်္ခါရပစ္စယာ ဝိညာဏံ

ဝိညာဏပစ္စယာ နာမရူပံ
နာမရူပပစ္စယာ သဠာယတနံ
သဠာယတနပစ္စယာ ဖဿော
ဖဿပစ္စယာ ဝေဒနာ
ဝေဒနာပစ္စယာ တဏှာ
တဏှာပစ္စယာ ဥပါဒါနံ
ဥပါဒါနပစ္စယာ ဘဝေါ
ဘဝပစ္စယာ ဇာတိ
ဇာတိပစ္စယာ ဇရာမရဏ
သောက ပရိဒေဝ
ဒုက္ခ ဒေါမနဿုပါယာသာ
သမ္ဘဝန္တိ
ဧဝမေတဿ
ကေဝလဿ
ဒုက္ခက္ခန္ဓဿ
သမုဒယော ဟောတိ။
* အဝိဇ္ဇာယတွေဝ
အသေသ ဝိရာဂနိရောဓာ
သင်္ခါရနိရောဓော
သင်္ခါရနိရောဓာ ဝိညာဏနိရောဓော
ဝိညာဏနိရောဓာ နာမရူပနိရောဓော
နာမရူပနိရောဓာ သဠာယတနနိရောဓော
သဠာယတနနိရောဓာ ဖဿနိရောဓော
ဖဿနိရောဓာ ဝေဒနာနိရောဓော

ဝေဒနာနိရောဓာ တဏှာနိရောဓော
တဏှာနိရောဓာ ဥပါဒါနနိရောဓော
ဥပါဒါနနိရောဓာ ဘဝနိရောဓော
ဘဝနိရောဓာ ဇာတိနိရောဓော
ဇာတိနိရောဓာ ဇရာမရဏ
သောက ပရိဒေဝ
ဒုက္ခ ဒေါမနဿုပါယာသာ
နိရုဇ္ဈန္တိ
ဧဝမေတဿ
ကေဝလဿ
ဒုက္ခက္ခန္ဓဿ
နိရောဓော ဟောတိ။

* ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ပဇာနာတိ သဟေတုဓမ္မံ။ ။

* ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ခယံ ပစ္စယာနံ အဝေဒိ၊ ။

* ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ၊
ဝိဓူပယံ တိဋ္ဌတိ မာရသေနံ၊
သူရိယောဝ ဩဘာသယမန္တလိက္ခံ။ ။

* ဟေတုပစ္စယော အာရမ္မဏပစ္စယော
အဓိပတိပစ္စယော အနန္တရပစ္စယော
သမနန္တရပစ္စယော သဟဇာတပစ္စယော
အညမညပစ္စယော နိဿယပစ္စယော
ဥပနိဿယပစ္စယော ပုရေဇာတပစ္စယော
ပစ္ဆာဇာတပစ္စယော အာသေဝနပစ္စယော
ကမ္မပစ္စယော ဝိပါကပစ္စယော
အာဟာရပစ္စယော ဣန္ဒြိယပစ္စယော
ဈာနပစ္စယော မဂ္ဂပစ္စယော
သမ္ပယုတ္တပစ္စယော ဝိပ္ပယုတ္တပစ္စယော
အတ္ထိပစ္စယော နတ္ထိပစ္စယော
ဝိဂတပစ္စယော အဝိဂတပစ္စယောတိ။ ။

* အဟံ အဝေရော ဟောမိ၊
အဗျာပဇ္ဇော ဟောမိ၊
အနီဃော ဟောမိ၊
သုခီ အတ္တာနံ ပရိဟရာမိ၊

* သီမဋ္ဌသံဃော အဝေရော ဟောတု၊
အဗျာပဇ္ဇော ဟောတု၊
အနီဃော ဟောတု၊
သုခီ အတ္တာနံ ပရိဟရတု။

* သီမဋ္ဌဒေဝတာ အဝေရာ ဟောန္တု၊
အဗျာပဇ္ဇာ ဟောန္တု၊
အနီဃာ ဟောန္တု၊
သုခီ အတ္တာနံ ပရိဟရန္တု။

* အမှာကံ ဂေါစရဂါမေ ဇေဋ္ဌကမနုဿာ၊
အဝေရာ ဟောန္တု၊
အဗျာပဇ္ဇာ ဟောန္တု၊
အနီဃာ ဟောန္တု
သုခီ အတ္တာနံ ပရိဟရန္တု။

* အမှာကံ ဂေါစရဂါမေ မနုဿာ၊
အဝေရာ ဟောန္တု၊
အဗျာပဇ္ဇာ ဟောန္တု၊
အနီဃာ ဟောန္တု၊
သုခီ အတ္တာနံ ပရိဟရန္တု။

* ပုရတ္ထိမာယ ဒိသာယ, ပစ္ဆိမာယ ဒိသာယ၊
ဥတ္တရာယ ဒိသာယ, ဒက္ခိဏာယ ဒိသာယ၊
ပုရတ္ထိမာယ အနုဒိသာယ, ပစ္ဆိမာယ အနုဒိသာယ၊
ဥတ္တရာယ အနုဒိသာယ, ဒက္ခိဏာယ အနုဒိသာယ၊
ဟေဋ္ဌိမာယ ဒိသာယ, ဥပရိမာယ ဒိသာယ၊
သဗ္ဗေ သတ္တာ, သဗ္ဗေ ပါဏာ၊
သဗ္ဗေ ဘူတာ, သဗ္ဗေ ပုဂ္ဂလာ၊
သဗ္ဗေ အတ္တဘာဝပရိယာပန္နာ
သဗ္ဗာ ဣတ္ထိယော, သဗ္ဗေ ပုရိသာ၊
သဗ္ဗေ အရိယာ, သဗ္ဗေ အနရိယာ၊
သဗ္ဗေ ဒေဝါ. သဗ္ဗေ မနုဿာ၊
သဗ္ဗေ ဝိနိပါတိကာ၊
အဝေရာ ဟောန္တု၊
အဗျာပဇ္ဇာ ဟောန္တု၊

အနိယာ ဟောန္တု၊
သုခီ အတ္တာနံ ပရိဟရန္တု။ ။
* ဥဒ္ဒိံ ယာဝ ဘဝဂ္ဂါစ, အဓော ယာဝ အဝီစိတော၊
သမန္တာ စက္ကဝါဠေသု ယေ သတ္တာ ပထဝီစရာ၊
အဗျာပဇ္ဇာ နိဝေရာစ, နိဒ္ဒုက္ခာစာ, နုပဒ္ဒဝါ။ ။
* ဥဒ္ဒိံယာဝ ဘဝဂ္ဂါစ, အဓော ယာဝ အဝီစိတော၊
သမန္တာ စက္ကဝါဠေသု, ယေ သတ္တာ ဥဒကေစရာ၊
အဗျာပဇ္ဇာ နိဝေရာစ, နိဒ္ဒုက္ခာစာ နုပဒ္ဒဝါ။ ။
* ဥဒ္ဒိံ ယာဝ ဘဝဂ္ဂါစ, အဓော ယာဝ အဝီစိတော၊
သမန္တာ စက္ကဝါဠေသု, ယေ သတ္တာ အာကာသေစရာ၊
အဗျာပဇ္ဇာ နိဝေရာစ, နိဒ္ဒုက္ခာစာ, နုပဒ္ဒဝါ။ ။
* "သဗ္ဗေ သင်္ခါရာ အနိစ္စာ" တိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ, ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။ ။
* "သဗ္ဗေ သင်္ခါရာ ဒုက္ခာ" တိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ, ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။ ။
* "သဗ္ဗေ ဓမ္မာ အနတ္တာ" တိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ, ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။ ။
* အတ္ထိ ဣမသ္မိံ ကာယေ၊
ကေသာ လောမာ နခါ ဒန္တာ တစော၊
မံသံ နှာရု အဋ္ဌိ အဋ္ဌိမိဉ္ဇံ ဝက္ကံ၊
ဟဒယံ ယကနံ ကိလောမကံ ပိဟကံ ပပ္ဖါသံ၊
အန္တံ အန္တဂုဏံ ဥဒရိယံ ကရီသံ မတ္ထလုင်္ဂံ၊
ပိတ္တံ သေမှံ ပုဗ္ဗော လောဟိတံ သေဒေါ မေဒေါ၊
အဿု ဝသာ ခေဠော သိင်္ဃာဏိကာ လသိကာ မုတ္တံ။

* သဗ္ဗပါပဿ အကရဏံ, ကုသလဿ ဥပသမ္ပဒါ၊
သစိတ္တပရိယောဒပနံ, ဧတံ ဗုဒ္ဓါန သာသနံ။ ။

* ခန္တီ ပရမံ တပေါ တိတိက္ခာ၊
နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။
န ဟိ ပဗ္ဗဇိတော ပရူပဃာတီ၊
န သမဏော ဟောတိ ပရံ ဝိဟေဌယန္တော။ ။

* အနူပဝါဒေါ အနူပဃာတော၊
ပါတိမောက္ခေ စ သံဝရော။
မတ္တညုတာ စ ဘတ္တသ္မိံ၊
ပန္တဉ္စ သယနာသနံ၊
အဓိစိတ္တေ စ အာယောဂေါ၊
ဧတံ ဗုဒ္ဓါန သာသနံ။ ။

* ပဋိသင်္ခါ ယောနိသော စီဝရံ ပဋိသေဝါမိ၊ ယာဝဒေဝ သီတဿ ပဋိဃာတာယ၊ ဥဏှဿ ပဋိဃာတာယ၊ ဍံသ မကသ ဝါတာတပ သရီသပ သမ္ဖဿာနံ ပဋိဃာတာယ၊
ယာဝဒေဝ ဟိရိကောပိန ပဋိစ္ဆာဒနတ္ထံ။

* ပဋိသင်္ခါ ယောနိသော ပိဏ္ဍပါတံ ပဋိသေဝါမိ နေဝ ဒဝါယ န မဒါယ န မဏ္ဍနာယ န ဝိဘူသနာယ ယာဝဒေဝ ဣမဿ ကာယဿ ဌိတိယာ ယာပနာယ ဝိဟိံသူပရတိယာ ဗြဟ္မစရိယာနုဂ္ဂဟာယ၊ ဣတိ ပုရာဏဉ္စ ဝေဒနံ ပဋိဟင်္ခါမိ၊ နဝဉ္စ ဝေဒနံ နဥပ္ပါဒေဿာမိ, ယာတြာ စ မေ ဘဝိဿတိ အနဝဇ္ဇတာ စ ဖာသုဝိဟာရော စ။

* ပဋိသင်္ခါ ယောနိသော သေနာသနံ ပဋိသေဝါမိ၊ ယာဝဒေဝ သီတဿ ပဋိဃာတာယ ဥဏှဿ ပဋိဃာတာယ ဍံသ မကသ ဝါတာတပ သရီသပ သမ္ဖဿာနံ ပဋိဃာတာယ၊ ယာဝဒေဝ ဥတုပရိဿယ ဝိနောဒနံ ပဋိသလ္လာနာရာမတ္ထံ။

* ပဋိသင်္ခါ ယောနိသော ဂိလာနပစ္စယဘေသဇ္ဇပရိက္ခာရံ ပဋိသေဝါမိ၊ ယာဝဒေဝ ဥပ္ပန္နာနံ ဝေယျာဗာဓိကာနံ ဝေဒနာနံ ပဋိဃာတာယ အဗျာပဇ္ဇ ပရမတာယ။

* အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ၊
ဗုဒ္ဓုပ္ပာဒေါ ဒုလ္လဘော လောကသ္မိံ၊
မနုဿတ္တဘာဝေါ ဒုလ္လဘော၊
ဒုလ္လဘာ သဒ္ဓါ သမ္ပတ္တိ၊
ပဗ္ဗဇိတဘာဝေါ ဒုလ္လဘော၊
သဒ္ဓမ္မဿဝနံ ဒုလ္လဘံ၊
ဧဝံ ဒိဝသေ ဒိဝသေ ဩဝဒတိ။

* ဟန္ဒဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊
ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ။

* ဧတ္တာဝတာစ အမှေဟိ သမ္ဘတံ ပုညသမ္ပဒံ၊
သဗ္ဗေ ဒေဝါနု မောဒန္တု၊ သဗ္ဗသမ္ပတ္တိသိဒ္ဓိယာ။

* ဒါနံ ဒဒန္တု သဒ္ဓါယ, သီလံ ရက္ခန္တု သဗ္ဗဒါ။
ဘာဝနာ ဘိရတာ ဟောန္တု, ဂစ္ဆန္တု ဒေဝတာဂတာ။

* သဗ္ဗေ ဗုဒ္ဓါ ဗလပ္ပတ္တာ, ပစ္စေကာနဉ္စ ယံ ဗလံ။
အရဟန္တာနဉ္စ တေဇေန, ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

* ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ၊
ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ ဓမ္မံ ပူဇေမိ၊
ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ သံဃံ ပူဇေမိ၊

* အဒ္ဓါ ဣမာယ ပဋိပတ္တိယာ ဇာတိ ဇရာ မရဏမှာ ပရိမုစ္စိဿာမိ။

* ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု၊

* ဣဒံ မေ ပုညပတ္တိံ သဗ္ဗသတ္တာနံ သမံ ဘာဇေမ။
တေ တေ သတ္တာ သာဓုသာဓုတိ အနုမောဒန္တု။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

# ထွက်ပြီး စာအုပ်များ

"နိုင်ငံကျော် စာရေးဆရာကြီး ဦးသော်ဇင်၏ လျှောက်ထား တိုက်တွန်းချက်အရ "တေဒင်ဝတ္ထုများ"ကို အကျဉ်းချုပ်၍ (၁၄)ရက်တိုင်တိုင် ဟောပြောရာမှ သတိသံဝေဂရများဖြစ်ပွား ကာ တောထွက်သွားသဖြင့် "တေဒင်ကိုယ်တော်"ဟုတွင်သော "တေဒင်-အရှင်ပညာဇောတ"၏ ထွက်ပြီးစာအုပ်များ-


၁။ ဒါနဝတ္ထု (၂-ကြိမ်ရိုက်)
၂။ သီလဝတ္ထု (ကုန်ပြီ)
၃။ ဗုဒ္ဓမ္မပြဿနာများ (၁) (ကုန်ပြီ)
၄။ ဘာဝနာဝတ္ထု ( ။ )
၅။ ဒေါသဖြေဖျောက်နည်း
၆။ ဗုဒ္ဓမ္မပြဿနာများ (၂)
၇။ ဓာတ်ကမ္မဋ္ဌာန်းကျမ်း (ကြီးကြပ်)
၈။ ဗုဒ္ဓသက်သတ်လွတ်
၉။ ဗုဒ္ဓမ္မပြဿနာများ (၃)
၁၀။ ရှင်လောင်းသင် ရှင်ကျင့်ဝတ်

# ရှင်လောင်းသင်-ရှင်ကျင့်ဝတ်

သာသနာတော်၏အသက်သည် ဝိနည်းတရားတော်ဖြစ်သည်၊ ယင်း ဝိနည်း တရားတော်တွင်၊ ရှင်ကျင့်ဝတ်လည်း ပါဝင်၏။ သို့ ပါဝင်ရကား၊ သာသနာတော်ကို၊ အသက် ဆက်လိုသူများ သည်၊ ရှင်ကျင့်ဝတ်ကို၊ ကျွမ်းကျွမ်းကျင်ကျင် သိဘို့လိုသည်။

ရှင်လောင်းရှိသောမိဘာများလည်း ဖတ်ရန်သင့်သည်၊

ဖတ်လျှင်လည်း စိတ်ဝင်စားသည်၊

မိမိတို့ ရှင်များ အကြောင်း သိချင်သဖြင့်၊ လက်ကမချ ကြည့်ချင်မည်။

* ရှင်လောင်း စုံ-မ ပြဿနာ၊
* နတ်ပြသည့် ပြဿနာ၊
* ရှင်လောင်းသွင်းသည့် ပြဿနာ၊
* ရှင်လောင်းလှည့် ပြဿနာ၊

စသည့်၊ စသည့် သိချင်စရာ ပြဿနာ များကိုလည်း၊ ရှင်းလင်းထားသည်။

မျက်နှာဖုံး။ ။အေးရည်ဝင်း။